# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 16 June 2021 ၁၀၄၀၆


## သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၃ ရက်တွင် ထုတ်ပြန်ခဲ့သည့် G-7 ထိပ်သီးအစည်းအဝေး ကြေညာချက်တွင် အတည်ပြု၍မရသော သတင်းအရင်းအမြစ်များမှ ထွက်ပေါ်လာသော ဘက်လိုက်မှုရှိသည့် သတင်းမှားများ အပေါ်အခြေခံ၍ မြန်မာနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေးကိစ္စရပ်အား ထည့်သွင်းဖော်ပြခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သိရှိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ ပုဒ်မ ၄၁၈ ပုဒ်မခွဲ (က)နှင့်အညီ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တပ်မတော်မှ တာဝန်လွှဲပြောင်းရယူခြင်းကို အာဏာသိမ်းမှုအဖြစ် G-7 ထိပ်သီးအစည်းအဝေးကြေညာချက်တွင် မှားယွင်းစွာဖော်ပြခဲ့သည်။ တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တည်ဆဲဥပဒေများ၊ စည်းမျဉ်းမူဘောင်များနှင့်အညီ ၎င်းတို့၏ တာဝန်ဝတ္တရားများကို တိကျစွာ လိုက်နာဆောင်ရွက်လျက်ရှိသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြည်သူလူထုလုံခြုံရေးအလို့ငှာ အကြမ်းဖက်မှုများကို ထိန်းချုပ်ရာတွင် အင်အားအသုံးပြုရန် လိုအပ်သည့်အခါများတွင်မှသာ အင်အားအနည်းဆုံးနှင့် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းပြန်ကြားရေးအဖွဲ့နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့အနေဖြင့် မြေပြင်အခြေအနေမှန်များ၊ သတင်းအချက်အလက်မှန်များကို နေ့စဉ် ထုတ်ပြန်ပေးလျက်ရှိသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံအခြေအနေနှင့်ပတ်သက်၍ ထုတ်ပြန်ချက်များ၊ ပြောကြားချက်များကို ဆောင်ရွက်ရာတွင် အတည်ပြု၍မရသော သတင်းရင်းမြစ်များကို ကိုးကားခြင်းထက် သတင်းအချက်အလက်မှန်များ အပေါ်တွင် အခြေခံသင့်သည်။

ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အပိုဒ် (၂) စာပိုဒ် (၇)အရ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အခြားနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမရှိစေရ ဟူသောအချက်ကို လိုက်နာရန် အရေးကြီးမှုကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ အလေးအနက်ထားပြောကြားလိုသည်။

G-7 ထိပ်သီးအစည်းအဝေး၏ Carbis Bay ကြေညာချက် အပိုဒ် ၅၉ တွင် မြန်မာနိုင်ငံ အရေးကိစ္စနှင့်ပတ်သက်၍ တစ်ဖက်သတ် မမှန်ကန်စွာ ဖော်ပြထားခြင်းမှာ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာရောက်သည့်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက ပြင်းထန်စွာ ကန့်ကွက်လိုက်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၅ ရက်။**

# ရန်ကုန်မြို့ မြန္မာ နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာနေထိုင်ခွင့် ဇူလိုင်လတွင် စတင်ခွင့်ပြုမည်

**ရန်ကုန် ဇွန် ၁၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူကာ ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအတွက် ရည်ရွယ်တည်ဆောက်ခဲ့သည့် ရန်ကုန်မြို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြန္မာလမ်းပေါ်ရှိ မြန္မာ နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာကို ယခုအခါ ဝန်ကြီးဌာနအသီးသီးက အဆင့်ဆင့်စိစစ်ကာ လျှောက်ထားလာပြီဖြစ်၍ လာမည့် ဇူလိုင်လဆန်းပိုင်းတွင် စတင်နေထိုင်ခွင့်ပြုရန် စီစဉ်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရုံးချုပ်မှ သိရသည်။

**ဦးစားပေးနေထိုင်ခွင့်ပြု**

"အငှားဝန်ထမ်းအိမ်ရာ ချထားပေးတဲ့အခါမှာ အဖွဲ့စနစ်နဲ့ ရွေးချယ်ချထားပေးမှာ ဖြစ်ပါတယ်။ ဌာနတွေက တာဝန်ရှိသူတွေရဲ့ အထူးထောက်ခံစာလိုအပ်တယ်။ ပြောရရင် တိုင်းဦးစီးမှူးတွေရဲ့ ထောက်ခံစာ အထူးထောက်ခံချက်ပေါ့။

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂**



ရန်ကုန်မြို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ မြန္မာနိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာကို တွေ့ရစဉ်။ ဓာတ်ပုံ- မင်းထက်

**ကြေးမုံ ယနေ့ ဖတ်စရာ**


အစဉ်လေးစားဖွယ်ကောင်းသည့် ကလောင်အစွမ်းဖြင့် ဉာဏ်အလင်းကို ဖွင့်ပေးကြသူများ(၃) စာမျက်နှာ » ၆

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသားကျောင်းသူပေါင်း ၁၅၄၃၄၁ ဦး တက်ရောက်လျက်ရှိပြီး ကျောင်းတက်ရာခိုင်နှုန်း ၈၉ ရာခိုင်နှုန်းရှိ စာမျက်နှာ » ၁၁

ရာသီမရွေးသွားလာနိုင်သော လမ်းများကြောင့် ကျေးလက်နှင့်မြို့ပြ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေမည့် ရှမ်းပြည်နယ်ဆီ စာမျက်နှာ » ၁၉

# ကြေးမုံ

## ကိုဗစ်-၁၉ ရောဂါ လူတိုင်းသတိမူကာကွယ်

ကိုဗစ်-၁၉ ကပ်ရောဂါသည် မြန်မာနိုင်ငံ၌ ယခု မေလကုန်၊ ဇွန်လဆန်းမှစတင်၍ ရောဂါဖြစ်ပွားနှုန်း ပြန်လည်မြင့်တက်လာခဲ့သည်။ ယခုအခါ တစ်နေ့လျှင် ခုတ်ခွဲ အတည်ပြုလူနာ ရာဂဏန်းတွေ့ရှိနေပြီး နေ့စဉ်ထပ်မံသေဆုံးသူများလည်း ရှိနေသည်။ ဇွန်လဒုတိယပတ်မှစတင်၍ လူနာသစ် ရာဂဏန်းနှစ်ဆကျော်လာသဖြင့် ရောဂါကာကွယ်ရေးနှင့်ထိန်းချုပ်ရေးအပြင် ကုသရေးအတွက်ပါ အလျင်အမြန် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထိုသို့ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်မားမှုနှင့်စပ်လျဉ်း၍ ကိုဗစ်-၁၉ ရောဂါ ဗိုင်းရပ်စ်မျိုးကွဲသစ်တစ်ခုခု ဝင်ရောက်နေမှုရှိ/ မရှိ ရှာဖွေစစ်ဆေးနေသော်လည်း ယခုရောဂါကူးစက်မှု မြန်ဆန်နေမှုမှာ ထူးခြားသလိုပင်ဖြစ်သည်။ ရောဂါဖြစ်ပွားရခြင်းမှာလည်း ရောဂါဖြစ်ပွားမှု မြင့်မားနေသော အိမ်နီးချင်းနိုင်ငံအချို့နှင့် ထိစပ်နေသည့်မြို့ရွာများတွင် အဖြစ်များနေသဖြင့် စိုးရိမ်ဖွယ်ရာအခြေအနေဟု ဆိုရမည်ဖြစ်သည်။ အထူးသဖြင့် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမြင့်တက်နေပြီး ၎င်းနိုင်ငံနှင့် ထိစပ်နေသည့် ချင်းပြည်နယ်ရှိ မြို့ရွာအချို့၌ ကူးစက်နှုန်း မြင့်မားလာရာမှ စတင်ခဲ့သည်။

ရောဂါကူးစက်နှုန်းမြင့်မားနေသည့်နိုင်ငံများတွင် ကျန်းမာရေးဝန်ထုပ်ဝန်ပိုး တဖြည်းဖြည်းပိလာပြီး ဆေးဝါးပြတ်လပ်မှု၊ ဆေးရုံနှင့်လူနာခုတင် မလုံလောက်မှု၊ ဆရာဝန်နှင့်သူနာပြု မလုံလောက်မှု၊ ကိုဗစ်-၁၉ ရောဂါအတွက် အဓိကလိုအပ်သော အောက်ဆီဂျင်အိုးလိုအပ်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝမပေးနိုင်မှုများကြောင့် ကူးစက်ခံရသူဦးရေများပြားပြီး သေဆုံးမှုများပါ တိုးလာသည်ကို ကိုဗစ်-၁၉ ရောဂါ ပထမလှိုင်း၊ ဒုတိယလှိုင်းကာလကတည်းက ကြုံတွေ့ခဲ့ကြရပြီးဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ပထမလှိုင်း၊ ဒုတိယလှိုင်းကို ဖြတ်သန်းခဲ့ရာတွင် ဖိဖိစီးစီးဆောင်ရွက်ခဲ့သော်လည်း အရှေ့တောင်အာရှနိုင်ငံများတွင် တတိယနေရာ၌ ရပ်တည်ရှုန်းကန်ခဲ့ရသည်။

ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် အတွေ့အကြုံများ ရှိခဲ့ပြီးဖြစ်သည်။ ကိုဗစ်-၁၉ မူလဗိုင်းရပ်စ်မျိုးစိတ်သဘာဝကို ဆေးဝါးကုသမှုအပိုင်း၊ ကျန်းမာရေးဆိုင်ရာ စည်းကမ်းလိုက်နာမှုအပိုင်းနှင့် နိုင်ငံ၏သဘောသဘာဝနှင့် လူတို့၏ကိုယ်ခံအားအခြေအနေတို့အရ ကိုယ်ခံအားနည်းသူများမှအပ ကူးစက်ခံရသူအများစုမှာ ကြံ့ကြံ့ခံနိုင်ကြသည်ဟု ဆိုရပေမည်။ ယခုအခါ ဗိုင်းရပ်စ်ရောဂါပိုးသစ်မှာ ယခင်နှင့်မတူဘဲ ပိုမိုလျင်မြန်စွာကူးစက်မှု၊ သေဆုံးမှုများရှိနေသည်ကို အခြားနိုင်ငံများတွင် တွေ့မြင်နေရသည်။ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကို ကျော်လွှားရန်အတွက် အခြားနိုင်ငံများနှင့်မတူသည့်အချက်မှာ ရောဂါပိုးစိန်ခေါ်မှုနှင့် နိုင်ငံရေးစိန်ခေါ်မှု၏ဆိုးကျိုးများ နှစ်ထပ်ကြုံတွေ့နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

နိုင်ငံရေးစိန်ခေါ်မှုကြောင့် ထိခိုက်နစ်နာမှုမှာ ရာဂဏန်းမျှသာဖြစ်သော်လည်း ကိုဗစ်-၁၉ ရောဂါပိုးသစ်နှင့် တတိယအကြိမ်ရင်ဆိုင်ရမည်ဆိုပါက ပြည်သူများ ထောင်သောင်းချီ၍ ထိခိုက်နစ်နာနိုင်သည်ကို သတိပြုရမည် ဖြစ်သည်။ ယနေ့အချိန်အခါတွင် ကိုဗစ်-၁၉ ရောဂါ နောက်ဆက်တွဲဆိုးကျိုးအပြင် နိုင်ငံရေးပယောဂ နောက်ဆက်တွဲဆိုးကျိုးများအရ ပြည်သူလူထုအားလုံး၏ လူမှုရေး၊ စီးပွားရေး ဆိုးကျိုးများစွာတို့ကို လက်တွေ့ရင်ဆိုင်နေရသည်။ ထို့ကြောင့် ပြည်သူပြည်သားများ အကျိုးစီးပွားများကို ရှေးရှု၍ အစစအရာရာတွင် သတိမူဆင်ခြင်လုပ်ကိုင်ကြရန် လိုအပ်ပေသည်။ ကိုဗစ်-၁၉ ပြဿနာသည် နိုင်ငံရေးပြဿနာထက် ပြည်သူလူထု နစ်နာမှုပိုသည်ကို သတိထားကြရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရက ရှိသမျှကျန်းမာရေးအင်အားများဖြင့် အစွမ်းကုန်ဆောင်ရွက်သွားမည်ဖြစ်သော်လည်း မိမိကိုယ်မိမိ ရောဂါကူးစက်မှုမှ ကင်းဝေးစေရန် ကျန်းမာရေးစည်းကမ်း နည်းလမ်းများနှင့်အညီ အထူးသတိပြုနေထိုင်ခြင်းသည်သာလျှင် စိတ်အချရဆုံးဖြစ်ပေမည်။ ယခုအခါ သက်ဆိုင်ရာနယ်ပယ်အလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးကို ဆောင်ရွက်ပေးလျက်ရှိပြီး ကာကွယ်ဆေးထိုးထားခြင်းဖြင့် စိတ်ချရမှုအတိုင်းအတာတစ်ခုကို ရရှိနိုင်မည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန်အတွက် ပြည်သူများအနေဖြင့် သိရှိပြီးသားဖြစ်သည့် နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်းအကာအကွယ်ကို မဖြစ်မနေတပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု၍ ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ပါသည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ရုံး၊ လုပ်ငန်း၊ ဌာနများတွင် ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်နှင့် တစ်ဦးကိုတစ်ဦး အသိပေးခြင်း၊ သတိပေးခြင်း မိသားစုစီမံချက်အတိုင်း လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်။

သို့ဖြစ်ရာ ယခုအချိန်ကာလတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားလာပါက ပြည်သူများအနေဖြင့် ပိုမိုထိခိုက်မှုရှိနိုင်သဖြင့် ရောဂါကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်း၊ သတိပေးခြင်း၊ လိုက်နာဆောင်ရွက်ခြင်းတို့ကို လူတိုင်းလူတိုင်း တက်ကြွစွာ ပူးပေါင်းလက်တွဲဆောင်ရွက်ကြရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းသို့ စာအုပ်များပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ စာအုပ်များ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ဇွန် ၁၅ ရက် နံနက် ၁၀ နာရီတွင် အဆိုပါ ဖောင်ဒေးရှင်းရုံးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ဥက္ကဋ္ဌဦးညွန့်ဆွေက တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ရှင်သန်နေသော ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သည် ခြောက်ထောင်ကျော်ရှိကြောင်း၊ စာကြည့်တိုက် တစ်တိုက်လျှင် ၁၀ အုပ်နှုန်းဖြင့် ဖြန့်ဝေပါက စာအုပ် ခြောက်သောင်းကျော် လိုအပ်မည်ဖြစ်ရာ ယခုကဲ့သို့ စေတနာရှင်၊ အလှူရှင်များက လှူဒါန်းခြင်းဖြင့် စာအုပ်များ ပိုမိုလှူဒါန်းနိုင်မည်ဖြစ်၍ ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး စာအုပ်အလှူရှင် ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး-မြောင်းမြ)နှင့် သာကေတမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ မင်းရိုးယဉ်တို့က စာအုပ်များ လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင် ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး-မြောင်းမြ)က ကိုယ်တိုင်ရေး စာအုပ် ရှစ်မျိုး အုပ်ရေ ၁၉၁၁ အုပ် တန်ဖိုးငွေကျပ် ၃၈ သိန်းကျော်ကို လည်းကောင်း၊ စာရေးဆရာ မင်းရိုးယဉ်က ကိုယ်တိုင်ရေးစာအုပ် လေးမျိုးနှင့် မဂ္ဂဇင်းစာအုပ် ၁၃၀ တန်ဖိုးငွေကျပ် နှစ်သိန်းကျော်ကို လည်းကောင်း၊ ဒေါ်သဇင်မြင့်၊ ဒေါ်လှယဉ်မြင့်တို့က ဖခင်ဖြစ်သူ ဝိဇ္ဇာဘွဲ့ရ ရဲထွဋ်လှ ရေးသားသည့် လူရည်လူသွေးစာအုပ် ၆၀ တန်ဖိုးငွေကျပ် ၁၈၀၀၀၀ ကို လှူဒါန်းရာ အသင်းဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မြန်မာနိုင်ငံ စာကြည့်တိုက် ဖောင်ဒေးရှင်းသို့ စာအုပ်များ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၂၀၇၀၀၃၂၆ နှင့် ၀၉-၉၇၃၆၅၃၆၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၁၅- ၆ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၁၀၀ | ၁,၂၁၁ | ၁၁,၀၂၀,၁၀၀ |
| MTSH | ၃,၅၅၀ | ၃,၅၅၀ | ၆,၁၉၈ | ၂၂,၀၇၃,၃၅၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၁ | ၈,၁၀၀ |
| FPB | ၂၀,၀၀၀ | ၂၀,၀၀၀ | ၁၆၈ | ၃,၃၆၀,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၀ | ၀ |
| EFR | ၃,၁၀၀ | ၃,၁၀၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၁ | ၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### ရွှေဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၁၅

ရန်ကုန်(ရွှေဈေး) ၁၅၇၀၀၀၀

မန္တလေး(ရွှေဈေး) ၁၅၆၅၀၀၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၇၄.၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၁၂.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၄၅.၉၈ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၀.၅၇၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၈၂.၅၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၄၈၆ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၁၂.၃ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၈၇.၆ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၃၀.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၀.၉၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်အေးအေးသင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## အစိုးရ၊ ပါတီများနှင့် နိုင်ငံသားအားလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်

**လျှပ်စစ်ဓာတ်အားဖူလုံစွာရရှိစေရေး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုအပ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ ရေကိုအကျိုးရှိစွာအသုံးချ၍ လျှပ်စစ်ဓာတ်အားဖူလုံစွာရရှိနိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ အလားတူ မြစ်ရေတင်လုပ်ငန်းများဆောင်ရွက်၍ စိုက်ပျိုးရေးလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ "ညီညွတ်ခြင်းသည် အင်အား" ဆိုသည့်အတိုင်း အစိုးရ၊ ပါတီများနှင့် နိုင်ငံသားအားလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၄-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးခင်မောင်ဟန်နှင့် အဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ရုံးအမှတ် (၁၉) အစည်းအဝေးခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

**အထူးအလေးထားလိုက်နာ**

တွေ့ဆုံပွဲများတွင် ပြည်ထောင်စုဝန်ကြီးက ကျောက်မျက်ရတနာ တူးဖော်ခြင်းလုပ်ငန်းနှင့် ဓာတ်သတ္တုများ တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကို အထူးအလေးထား လိုက်နာဆောင်ရွက်ရမည်ဖြစ်ကာ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံခန့်ခွဲမှုအစီအစဉ်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ လေ့လာဆန်းစစ်ချက်တို့ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လူမှုရေးဆိုင်ရာတာဝန်ယူမှု (Corporate Social Responsibility, CSR) များကိုလည်း အလေးအနက်ထား လိုက်နာပံ့ပိုးကူညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ Environmental၊ Social နှင့် Governance (ESG) တို့ကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များ အသင်းချုပ်တို့နှင့်ပူးပေါင်း၍ ကျောက်မျက်နှင့် သတ္တုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ကူညီဆောင်ရွက်ပေးရန် အမြဲအသင့်ရှိကြောင်း ပြောကြားသည်။



ထို့နောက် တက်ရောက်လာကြသည့် အသင်းများမှ ဥက္ကဋ္ဌများနှင့် အသင်းဝင်လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဝန်ကြီးဌာန မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်



**နေပြည်တော် ဇွန် ၁၅**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ရုံးအမှတ်(၅၁)၊ ရုံးအမှတ်(၄၈)နှင့် လူမှုဖူလုံရေးရုံး ပတ်ဝန်းကျင်တို့၌ သုံးနေရာခွဲ၍ ကျင်းပသည်။

ရှေးဦးစွာ အလုပ်သမားရေးရာဆိုင်ရာ ရုံးအမှတ် (၅၁) သတ်မှတ်နေရာ၌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ခရေပင်ကိုစိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီးဦးဝင်းရှိန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းများက သတ်မှတ်နေရာအသီးသီး၌ ပျိုးပင် ၈၀ ကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ရုံးအမှတ်(၄၈) သတ်မှတ်နေရာ၌ ရေတမာပင်ကို စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းများက သစ်ပင်ပျိုးပင် ၂၉၀ ကျော်ကို စုပေါင်းစိုက်ပျိုးကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် လူမှုဖူလုံရေးအဖွဲ့ရုံးသို့ သွားရောက်၍ သတ်မှတ်နေရာတွင် ကုက္ကိုပင်ကို စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ၏ သစ်ပင်ပျိုးပင် ၄၀ စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ယနေ့ပြုလုပ်သည့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ခရေ၊ ကုက္ကို၊ ရေတမာ၊ တမာ၊ ကံ့ကော်၊ ယင်းမာ၊ မဟော်ဂနီ၊ မဇ္ဈူသက၊ အာသောက၊ ပနာမားငုံ၊ ထိုင်ဝမ်ဇာဒံ၊ မန်ကျည်း၊ သရက်၊ ပိန္နဲ၊ မာလကာ၊ ကြောင်လျှာ၊ ဆီး၊ ဒန့်သလွန်၊ သနပ်ခါး၊ ယုဇနာ၊ ရွက်လှစသည့် နှစ်ရှည်ပင်၊ စားပင်၊ သီးပင်၊ ပန်းအလှပင် စုစုပေါင်း သစ်ပင်ပျိုးပင် ၄၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကမ္ဘာ့အပူချိန်လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တကဝိသာရ၏ သရီရဓာတုပဝါဟနပူဇာ ဓာတ်ပြာတော်များ ရေမျှောပူဇော်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၁၅**

ဘဝနတ်ထံ စံလွန်တော်မူခဲ့သည့် နေပြည်တော်ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ကဝိသာရ (သာသနဓဇ သိရီပဝရဓမ္မာစရိယ)ဈေးကုန်းဆရာတော်ဘုရားကြီး၏ သရီရဓာတုပဝါဟနပူဇာ ဓာတ်ပြာတော်များ ရေမျှောပူဇော်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအနီးရှိ ပေါင်းလောင်းမြစ်ဆိပ်ကမ်း၌ ကျင်းပသည်။



**ဆင်ယင်ကျင်းပပူဇော်**

ရှေးဦးစွာ လောင်တိုက်တော်တည်ရှိရာ ဥပ္ပါတသန္တိစေတီတော် ဘုရားပွဲတော်ကွင်း၌ ဆရာတော်၊ သံဃာတော်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဦးထွန်းအုံ၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တပည့်ဒါယကာ၊ ဒါယိကာမတို့က သဗ္ဗေ သင်္ခါရာ အနိစ္စာတိ အစချီသော သံဝေဂ သုံးဂါထာကို ရွတ်ဆိုပွားများ၍ အခမ်းအနားကို ဖွင့်လှစ်ပြီး အခမ်းအနားမှူးက ဆရာတော်ကြီး၏ သရီရဓာတ်ပြာတော်ကို ဓာတုပဝါဟန ပူဇာသဘင် ဆင်ယင်ကျင်းပပူဇော်ခွင့်ပြုတော်မူပါမည့်အကြောင်း အဘိယာစန နိမ္မန္တနဂါထာဖြင့် တောင်းပန်လျှောက်ထားသည်။

ဆက်လက်၍ ဆရာတော်ကြီး၏ သရီရဓာတ်ပြာတော် ရတနာရွှေအိုး၊ ငွေအိုးများကို ဥပ္ပါတသန္တိစေတီတော် ဘုရားပွဲတော်ကွင်း လောင်တိုက်တော်မှ ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအနီးရှိ ပေါင်းလောင်းမြစ်ဆိပ်ကမ်းသို့ ကရဝိက်ယာဉ်ဖြင့် အစီအစဉ်အတိုင်း ပင့်ဆောင်ကြသည်။

ထို့နောက် ဆရာတော်ကြီး၏ သရီရဓာတ်ပြာတော် ရတနာရွှေအိုး၊ ငွေအိုးများကို ဆရာတော်၊ သံဃာတော်များ၊ ဆွေတော်၊ မျိုးတော်များ၊ တပည့် ဒါယကာ၊ ဒါယိကာမများက ပေါင်းလောင်းမြစ်ဆိပ်ကမ်းရှိ အသင့်ဆိုက်ကပ်ထားသော ရေယာဉ်ပေါ်သို့ ပင့်ဆောင်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီး၏ သရီရဓာတ်ပြာတော်များကို ပင့်ဆောင်လာသော ရေယာဉ်သည် ပေါင်းလောင်းမြစ်အတွင်းရှိ သတ်မှတ်နေရာ၌ ဆရာတော်၊ သံဃာတော်များ ဦးဆောင်သော ဆွေတော်၊ မျိုးတော်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများက “အနိစ္စာ ဝတ သင်္ခါရာ” အစချီသော သံဝေဂသုံးဂါထာကို ရွတ်ဆို၍ သံဝေဂဉာဏ် ပွားများတော်မူကြပြီး ဆရာတော်ကြီး၏ သရီရဓာတ်ပြာတော်များကို ပေါင်းလောင်းမြစ်အတွင်း ရေမျှောပူဇော်၍ အမျှပေးဝေသည်။ ထို့နောက် အပြစ်ရှိက ခွင့်လွှတ်တော်မူရန် တောင်းပန်၍ ဆရာတော်ဘုရားကြီးအား နောက်ဆုံးတောင်းပန် ကန်တော့ကြပြီး သရီရဓာတုပဝါဟန ပူဇာသဘင် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းပရိယတ္တိစာသင်တိုက် ဦးစီးပဓာနမဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တ ကဝိသာရသည် နိုင်ငံတော်ဩဝါဒါစရိယ တာဝန်ကို ထမ်းဆောင်တော်မူခဲ့ပြီး ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်ကြီးကို ပရိယတ္တိစာသင်တိုက်အဖြစ် ဖွင့်လှစ်တော်မူကာ စာသင်သား သံဃာအပါး ၃၀၀ ခန့်အား ပရိယတ္တိစာပေများကို စံလွန်တော်မူသည်အထိ သင်ကြားပြသပို့ချတော်မူသည်။ ထို့ပြင် ဦးဗုဒ္ဓေါ တောရရိပ်သာကြီးကို တည်ထောင်၍ ကမ္မဋ္ဌာန်းကျင့်စဉ်များကို ကိုယ်တိုင်လည်း ကျင့်ကြံတော်မူပြီး တပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမ၊ ယောဂီအပေါင်းတို့အားလည်း ကျင့်ကြံစေတော်မူသည့်အပြင် ပရိယတ်ပဋိပတ် ဓုရနှစ်ဖြာ သာသနာတော်ကို သက်ဆုံးတိုင် အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူလျက် ကျောင်းတိုက်ခွဲပေါင်းများစွာကို ဖွင့်လှစ်တည်ထောင်ဆောင်ရွက်တော်မူခဲ့သည့် သာသနာ့အာဇာနည် မဟာထေရ်မြတ်ကြီးဖြစ်ပြီး သက်တော်(၉၅) နှစ် သိက္ခာတော် (၇၅) ဝါတွင် ဘဝနတ်ထံစံလွန်တော်မူခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

---

◎ ရှေ့ဖုံးမှ

အိမ်ပိုင်လည်း မရှိဘူး။ မိသားစုဝင်တွေလည်း များမယ်ဆိုရင်တော့ အဲဒီလို ဝန်ထမ်းတွေကို ဦးစားပေးရွေးချယ်ပေးမှာဖြစ်ပါတယ်။ ခွင့်ပြုတဲ့အခါမှာလည်း ဝန်ကြီးဌာနအသီးသီးရဲ့ လျှောက်ထားမှုအပေါ်မူတည်ပြီး များရင်လည်းများသလို အချိုးကျစနစ်နဲ့ နေခွင့်ပေးသွားမှာပါ။ အချိုးကျစနစ်ပေမယ့် လိုအပ်မှုအပေါ်မူတည်ပြီး ပြောခဲ့တဲ့အတိုင်း အဖွဲ့နဲ့ဆုံးဖြတ်ပေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဆီက စိစစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတင် နောက်ဆုံးစိစစ်ရွေးချယ်ကာ နေထိုင်ခွင့်ပြုသွားမှာပါ။ တကယ်ကို ဒီရန်ကုန်မှာ အိုးပိုင်၊ အိမ်ပိုင်မရှိဘဲ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေကို ဦးစားပေးနေထိုင်ခွင့်ပြုသွားမှာ ဖြစ်ပါတယ်။ နေထိုင်ခွင့်ကိုလည်း လာမယ့် ဇူလိုင် ၁ ရက်မှာ စတင်ပြောင်းရွှေ့နေထိုင်နိုင်ဖို့ စီစဉ်ဆောင်ရွက်သွားမှာပါ”ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးယုခိုင်က ပြောသည်။

ယခုနေထိုင်ခွင့်ပြုမည့် မြနန္ဒာ နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာစီမံကိန်းတွင် ရှစ်ခန်းတွဲ ငါးထပ်တိုက် ၁၄ လုံးမှ အခန်းပေါင်း ၄၄၈ ခန်း ခွင့်ပြုပေးသွားမည်ဖြစ်သည်။ အခန်းတစ်ခန်းချင်းစီ အကျယ်မှာလည်း ဧရိယာ ၄၃၆ စတုရန်းပေရှိပြီး ယင်းအခန်းများကို အမှုထမ်းများအတွက် ရည်ရွယ်အငှားချထားမည်ဖြစ်သည်။ ဒုတိယညွှန်ကြားရေးမှူးနှင့်အထက်အငှားအိမ်ရာ လျှောက်ထားသူများကို ဧရိယာ စတုရန်းပေ ၉၄၀ ရှိ အခန်း ၂၈ ခန်းကို ငှားရမ်းသွားမည်ဖြစ်သည်။ ယင်းသို့ အငှားချထားရာတွင် အရာထမ်းများအနေဖြင့် မူရင်းလစာ၏ ငါးရာခိုင်နှုန်းကို လစဉ်ပေးသွင်းရမည်ဖြစ်ပြီး အမှုထမ်းများမှာမူ မူရင်းလစာ၏ သုံးရာခိုင်နှုန်းကို လစဉ် ပေးဆောင်ရမည်ဖြစ်သည်။ အိမ်ရာပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့နယ်များအတွင်း ကိုယ်ပိုင်အိမ်ရာမရှိသေးသော ဝန်ထမ်းများအတွက် ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာအသီးသီးသို့ နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာလျှောက်ထားနိုင်မည့် အကြောင်းကြားစာများကို ပြီးခဲ့သောမေလအတွင်းက ပေးပို့ခဲ့သည်။ ယခုအခါ ဌာနဆိုင်ရာအသီးသီးမှ ရန်ကုန်တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လျှောက်ထားခဲ့ပြီးဖြစ်သည်။ အဆိုပါ မြနန္ဒာ နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာကို ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်ခဲ့ကာ ယင်းမြနန္ဒာ အငှားအိမ်ရာ ဖွင့်ပွဲအခမ်းအနားကို ပြီးခဲ့သော ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက ကျင်းပခဲ့ခြင်းဖြစ်သည်။ **မောင်စိန်လွင်(မြန်မာ့အလင်း)**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇွန် ၁၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လေးလပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်၉ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့် သက်ဆိုင်သည့်ကော်မတီများ ပြန်လည်ဖွဲ့စည်းလျက်ရှိရာ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်အထိ ဆက်လက်ဖွဲ့စည်းပြီး လုပ်ငန်းများဆောင်ရွက်စေလိုကြောင်း၊ ကိုဗစ်-၁၉ ကြောင့် ရပ်တန့်နေသည့်လုပ်ငန်းများ၊ သင်တန်းကျောင်းနှင့် အခြားရပ်နားထားသည့် လုပ်ငန်းများ ပြန်လည်စတင်ရန်လိုကြောင်း၊ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်နေပြီဖြစ်သည့်အတွက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် မူကြိုကျောင်းများကို မကြာမီ ပြန်လည် ဖွင့်လှစ်နိုင်တော့မည်ဖြစ်ပါကြောင်း၊ ရှေးဦးအရွယ်ကလေးသူငယ် ဖွံ့ဖြိုးမှုအခြေအနေ တိုင်းတာစစ်ဆေးခြင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းအား ရပ်နားထားရာ စီမံချက်ရေးဆွဲလျက်ရှိပြီး ပြန်လည်၍ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

လူမှုရေးပညာတက္ကသိုလ်တစ်ခု တည်ထောင်ဖွင့်လှစ်နိုင်ရန် မြေနေရာရရှိထားပြီဖြစ်ပြီး သင်ရိုးညွှန်းတမ်းပြုစုရေး မိတ်ဖက်နိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြို့နယ်အလိုက် စံပြမူလတန်းကြိုကျောင်းများ နှစ်စဉ်တိုးချဲ့ဖွင့်လှစ်ရန် မြေနေရာရရှိရေး ဒေသအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်သွားစေလိုကြောင်း၊ မသန်စွမ်းသူများ ထောက်ပံ့ကြေးပေးအပ်မှုနှင့်ပတ်သက်၍ အချက်အလက်မှားယွင်းမှု၊ စာရင်းထပ်နေမှုများ မဖြစ်အောင် ရရှိသည့် စာရင်းဇယားများကို Data Cleaning လုပ်ရန်လိုကြောင်း၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာန ရုံးချုပ်များအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ မိမိတို့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း၊ လူမှုရေးလုပ်ငန်းများနှင့် လူသားချင်းစာနာထောက်ထား ကူညီမှုလုပ်ငန်းများတွင် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ဦးဆောင် ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် ဦးစီးဌာနအလိုက် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများမှ သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြပြီး အစည်းအဝေးကို ဇွန်၁၆ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို အောင်မြေမန္တလာအားကစားကွင်းနှင့် ဗထူးအားကစားကွင်းတို့အား ထပ်မံတိုးချဲ့တည်ဆောက်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး



**မန္တလေး ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုသည် ယနေ့နံနက် ၈ နာရီခွဲတွင် အောင်မြေသာစံမြို့နယ် ၂၂ လမ်း၊ ၈၉ လမ်းနှင့် လမ်း ၉၀ကြားရှိအောင်မြေမန္တလာအားကစားကွင်းအတွင်း ထပ်မံတိုးချဲ့တည်ဆောက်နိုင်မည့် အခြေအနေကို လိုက်လံကြည့်ရှုသည်။

အဆိုပါ အောင်မြေမန္တလာအားကစားကွင်းမှာ ၉ ဒသမ ၁၄ ဧက ကျယ်ဝန်းပြီး ထပ်မံတိုးချဲ့ တည်ဆောက်ပြီးစီးသွားပါက ပရိသတ် ၂၀၀၀၀ ခန့် ဝင်ဆံ့နိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် လမ်း ၃၀၊ လမ်း ၇၀ နှင့် ၇၁ လမ်းကြားရှိ ဗထူးအားကစားကွင်းသို့ရောက်ရှိပြီး ဗထူးအားကစားကွင်းကို ခရိုင်အဆင့် အားကစားကွင်းအင်္ဂါရပ်များနှင့်အညီ အဆင့်မြှင့်တင် ဆောင်ရွက်သွားရန်နှင့် မြို့နယ်များရှိ အားကစားကွင်းများကို အားကစားကွင်း အဆင့်အတန်းနှင့်အညီ ပြုပြင်တည်ဆောက်သွားရန်၊ အားကစားကွင်းမရှိသည့် မြို့နယ်များတွင် အားကစားကွင်းတည်ဆောက်နိုင်မည့် မြေနေရာရှာဖွေရေးနှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဗထူးအားကစားကွင်းသည် ၆ ဒသမ ၂၁ ဧကရှိပြီး ထပ်မံတိုးချဲ့ တည်ဆောက်ပြီးစီးသွားပါက ပရိသတ် ၁၄၀၀၀ ခန့် ဝင်ဆံ့နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတစ်ဝန်း ယခုနှစ်အတွက် ငါးသားပေါက် ကောင်ရေ ၁၀၁၂ ဒသမ ၀၇၅ သိန်း စိုက်ထည့်ပေးသွားမည်



**နေပြည်တော် ဇွန် ၁၅**

ရေဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ဇွန် ၁၂ရက်က စစ်ကိုင်းတံတားအနီး၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ငါးမျိုးစိုက်ထည့်ပေးသည်။

**ငါးကောင်ရေနှစ်သိန်းစိုက်ထည့်**

နိုင်ငံတစ်ဝန်း ယခုနှစ်အတွက် ငါးသားပေါက်ကောင်ရေ ၁၀၁၂ ဒသမ ၀၇၅ သိန်း ငါးမျိုးစိုက်ထည့်ပေးသွားမည်ဖြစ်ပြီး ယနေ့အခမ်းအနားတွင် ရေဦးငါးလုပ်ငန်းစခန်းက ထုတ်လုပ်သည့် နှစ်လက်မအရွယ် ငါးမြစ်ချင်း တစ်သိန်း၊ ငါးခုံးမကြီးငါးသောင်း၊ ရွှေဝါငါးကြင်း ငါးသောင်း စုစုပေါင်း ငါးကောင်ရေ နှစ်သိန်းကို စိုက်ထည့်ပေးခဲ့ခြင်းဖြစ်သည်။

ဒုတိယဝန်ကြီးသည် ခရီးစဉ်အတွင်း သမဝါယမတက္ကသိုလ် (စစ်ကိုင်း)၏ သင်ကြားမှု သင်ယူမှုဆိုင်ရာလုပ်ငန်းများကိုလည်းကောင်း၊ RC သုံးထပ်စာသင်ဆောင် တည်ဆောက်မှုလုပ်ငန်းများကိုလည်းကောင်း၊ ပြည်ပပို့ကုန်အဖြစ် အော်ဂဲနစ်စိုက်ပျိုးရေးထွက်ကုန်များ ထုတ်လုပ်ခြင်းနှင့် စိုက်ပျိုးနည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်နေသော ပုဂ္ဂလိက လုပ်ငန်းများကိုလည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍမှ မွေးမြူလုပ်ကိုင်လျက်ရှိသော ဒေသမျိုးဖြစ်သည့် ပြာစိမ်းနွား၊ ဂျိတ်နီဆိတ်နှင့် စီပီဝက်မွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း၊ ရွှေဘိုမြို့နယ် လှတောကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာန သီးနှံပိုးမွှားရောဂါကာကွယ်ရေးဌာနခွဲက ဆောင်ရွက်လျက်ရှိသည့် တောင်သူအကျိုးပြု မိတ်ဆွေပိုး ဥကပ်ပါးနဂျီကို ဇီဝနည်းပညာအသုံးပြု မွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး အားပေးခဲ့သည်။

ထို့နောက် ဝက်လက်မြို့နယ် စိုင်နိုင်ကြီးရွာရှိ Type-A အဆင့်ရှိ စပါးမျိုးသန့်စက် တပ်ဆင်ပြီးစီးမှုနှင့် စပါးပေါင်းခံရည်ထုတ်လုပ်နေမှု၊ ရွှေဘိုမြို့ ချီပါမျိုးသန့်ခြံ၏ မျိုးသန့်မျိုးစေ့များ ထုတ်လုပ်ပေးနေမှု Type-B အဆင့်ရှိ မျိုးသန့်စက်ရုံနှင့် ခါတ်ခွဲခန်းမျိုးသန့်စက် တပ်ဆင်ပြီးစီးမှု၊ ဧက ၇၁၀၀ ရှိသည့် လှတောမြောင်းခွဲ မြောင်းပေါင်များပြုပြင်နေမှု၊ ရွှေဘိုမြောင်းမတော် လက်တံမြောင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

**သတင်းစဉ်**

# အစဉ်လေးစားဖွယ်ကောင်းသည့် ကလောင်အစွမ်းဖြင့် ဉာဏ်အလင်းကိုဖွင့်ပေးကြသူများ(၃)

### ကြွေလွင့်သွားပြီဖြစ်သည့် သမိုင်းပညာရှင်စည်သူ ဒေါ်ကြန်(မကြန်)

စာရေးဆရာမကြီးလည်းဖြစ်၊ သမိုင်းသုတေသီတစ်ဦးလည်းဖြစ်တဲ့ မကြန်က ရခိုင်ပြည်နယ် တောင်ကုတ်မြို့သူဖြစ်ပါတယ်။ သူ့ကို ၁၉၁၉ ခုနှစ်မှာ မွေးဖွားခဲ့ပြီး ၁၉၃၅ ခုနှစ်မှာ သံတွဲမြို့ကနေ ဆယ်တန်းအောင်မြင်ခဲ့ပါတယ်။ အဲဒီကျောင်းမှာ အလယ်တန်းပြဆရာမလုပ်ကိုင်ရာကနေ စာတိုက် အထက်တန်းစာရေးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသေးတယ်။

၁၉၅၁ ခုနှစ်မှာ ပညာသင်ဖို့အတွက် ရန်ကုန်ကိုရောက်ရှိပြီး ရန်ကုန်တက္ကသိုလ် အထူးတန်းအခွင့်အရေးရခဲ့တဲ့အတွက် ဝိဇ္ဇာဘွဲ့ကို ၁၉၅၄ ခုနှစ်မှာ ရရှိခဲ့ပါတယ်။ ၁၉၅၉ ခုနှစ်မှာတော့ မဟာဝိဇ္ဇာဘွဲ့ (သမိုင်း)ကိုရရှိခဲ့ပြီး ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနမှာ နည်းပြ၊ ၁၉၅၆ ခုနှစ်မှာ သမိုင်းကော်မရှင် (သမိုင်းသုတေသနဦးစီးဌာန) မှာ ကျမ်းပြုအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူပါ။

ဆရာမကြီးဟာ ၁၉၅၇ ခုနှစ်နဲ့ ၁၉၅၉ ခုနှစ်တွေမှာ မြန်မာနိုင်ငံသမိုင်းအထောက်အထားတွေ ကူးယူစုဆောင်းရေးစီမံကိန်းအရ အင်္ဂလန်မှာ သွားရောက် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ သက်ပြည့်အငြိမ်းစား ယူပြီးတဲ့နောက်မှာလည်း သမိုင်းသုတေသနဦးစီးဌာနမှာ အကြံပေးပုဂ္ဂိုလ်အဖြစ် လေးနှစ်တာဝန်ယူခဲ့သလို အမှတ် (၁) စက်မှုဝန်ကြီးဌာနမှာလည်း "မြန်မာနိုင်ငံစက်မှုလက်မှုသမိုင်း" ကို အကြံပေးပုဂ္ဂိုလ်အဖြစ် ရေးသားပြုစုပေးခဲ့သူဖြစ်ပါတယ်။ မကွယ်လွန်မီအချိန်အထိ မြန်မာစာအဖွဲ့ဦးစီးဌာနမှာ အချိန်ပြည့်အဖွဲ့ဝင်တာဝန် ထမ်းဆောင်ခဲ့ပါတယ်။

မြန်မာ့သမိုင်းကို ချစ်မြတ်နိုးသူ၊ သမိုင်းအမှန်ကို ဖော်ထုတ်သူနဲ့ စိတ်ရှည်ဖွဲ့သန်ပြီး ရခိုင့်တန်ဆောင်အဖြစ် လူသိများခဲ့တဲ့ ဆရာမကြီးမကြန်ဟာ သမိုင်းနဲ့သက်ဆိုင်တဲ့ သုတေသနစာတမ်းတွေ၊ ဆောင်းပါးတွေ၊ စာအုပ်တွေကို ရေးသားပြုစုခဲ့သလို တည်းဖြတ်ပြင်ဆင် တည့်မတ်ပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

ထင်ရှားတဲ့စာအုပ်တွေဖြစ်တဲ့ မြန်မာနိုင်ငံ အခြေအနေ (၁၈၈၅-၈၆) စာအုပ်က ၁၉၇၈ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိခဲ့ပြီး မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေး (၁၈၈၆-၉၇) စာအုပ်နဲ့လည်း ၂၀၀၃ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိခဲ့ပါတယ်။ ကိုလိုနီခေတ်ဦး ကျေးရွာအုပ်ချုပ်ရေး (၁၈၈၆-၉၇) စာအုပ်နဲ့လည်း ၂၀၀၅ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိခဲ့တဲ့အတွက် အမျိုးသားစာပေဆု စုစုပေါင်းသုံးကြိမ်ရရှိခဲ့သူလည်း ဖြစ်ပါတယ်။

၂၀၀၄ ခုနှစ်မှာ ပခုက္ကူဦးအုံးဖေတစ်သက်တာဆု၊ ၂၀၀၆ ခုနှစ်မှာ ဝိဇ္ဇာပညာ ထူးချွန်တံဆိပ် (ပထမဆင့်) တို့ကို ရရှိခဲ့သလို ယင်းနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံခဲ့ရပါတယ်။ ဆရာမကြီးမကြန် ချီးမြှင့်ခြင်းခံရတဲ့နှစ်မှာတော့ အမျိုးသားစာပေတစ်သက်တာဆုကို မူလချီးမြှင့်ငွေလေးသိန်းကနေ ခြောက်သိန်းကို တိုးမြှင့်ပေးအပ်ခဲ့ပါတယ်။

### စည်သူဦးကြည်အေး (ဆင်ဖြူကျွန်းအောင်သိန်း)

ကိုဆေးရိုးကို ဇာတ်ကောင်ထားဖွဲ့သည့်ဝတ္ထုတိုများမှာ ဆရာကြီးဆင်ဖြူကျွန်းအောင်သိန်း၏ နာမည်အကျော်ကြားဆုံးဖြစ်သကဲ့သို့ ဂဠုန်ဆရာစံ၊ သွေးစွန်းသောလက်၊ လယ်သမားသူပုန်၊ သတ်ရဲသည် သေရဲသည်၊ နီရဲသောဗိုလ်ဥတ္တမ၊ အမျိုးသားစာပေဆုရရှိသည့် နေမင်းတစ်ထောင် (ရှစ်အုပ်တွဲ) စသည်တို့ကလည်း ဆရာကြီးရဲ့ ထင်ရှားတဲ့လက်ရာတွေဖြစ်ပါတယ်။

ဆရာကြီးကို ဆင်ဖြူကျွန်းမြို့နယ် ယမ်းဖိုကျွန်းရွာမှာ ၁၉၂၈ ခုနှစ်က မွေးဖွားခဲ့ပြီး ဆင်ဖြူကျွန်းမြို့မှာ မူလတန်းကနေ အထက်တန်းအထိ ပညာသင်ယူခဲ့ပါတယ်။ ရှေးဦးကလောင်မှာ ရွှေဇင်ဖြစ်ပြီး ကဗျာ၊ ဝတ္ထုများကို အဆက်မပြတ် ရေးခဲ့တာကို တွေ့ရပါတယ်။ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာပုဒ်ရေ ၂၀၀၀ ထက်မနည်း ရေးသားခဲ့တဲ့ ဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်းက ၁၉၉၀ ပြည့်နှစ်မှာ ကိုဆေးရိုး-၄ ဝတ္ထုတိုပေါင်းချုပ်၊ ၁၉၉၆ ခုနှစ်မှာ ကိုဆေးရိုး -၆ ဝတ္ထုတိုပေါင်းချုပ်တို့နဲ့ အမျိုးသားစာပေဆု၊ ၂၀၀၅ ခုနှစ်မှာ နေမင်းတစ်ထောင်ရှစ်အုပ်တွဲနဲ့ အမျိုးသားစာပေဆု သုံးကြိမ်ရရှိခဲ့ပါတယ်။

ဆရာကြီးရဲ့ဘဝတစ်သက်တာလုံးမှာ စာရေးသားခြင်းနဲ့ ရိုးသားစွာအသက်မွေးခဲ့သလို စာပေများကို စဉ်ဆက်မပြတ်ရေးသားခဲ့ရာမှာလည်း လူမှုဘဝတွေကို ပေါ်လွင်အောင် ဖော်ကျူးခဲ့တာကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။ စာရေးဆရာအသင်း၊ စာပေကလပ်၊ သမဂ္ဂ၊ စာပေပြန့်ပွားရေးအသင်း၊ စာပေဝါသနာရှင်အဖွဲ့အစည်းနဲ့ အခြားသောစာပေဆိုင်ရာ စုစည်းမှုတိုင်းမှာ ဆရာကြီးက စိတ်အားထက်သန်စွာ ပါဝင်အားဖြည့်လေ့ရှိပါတယ်။

ဒါကြောင့်လည်း အရှေ့တောင်အာရှစာပေဆုကို ၁၉၉၈ ခုနှစ်မှာရရှိခဲ့သလို ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမဆင့်) ကိုလည်း ၂၀၀၃ ခုနှစ်မှာရရှိခဲ့ပါတယ်။ ၂၀၀၄ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတစ်သက်တာစာပေဆုကိုလည်း ရရှိခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်အတွက် စာပေဆုများထဲက အမြင့်ဆုံးဆုဖြစ်တဲ့ အမျိုးသားစာပေတစ်သက်တာဆုကို ဆရာကြီး ဦးကြည်အေး (ဆင်ဖြူကျွန်းအောင်သိန်း)ကို ချီးမြှင့်ပေးခဲ့တာဟာ စာပေလောကထဲက ချီးမြှောက်ထိုက်သူကို ချီးမြှောက်တဲ့မင်္ဂလာတစ်ပါးဖြစ်ပါတယ်လို့ ဆိုပါရစေ။

### ပညာဖြန့်ဝေခြင်းဖြင့် ဘဝကိုဖြတ်သန်းခဲ့သူ စည်သူဒေါက်တာကျော်စိန်

ပဲခူးမြို့သား ဒေါက်တာကျော်စိန်ကို ၁၉၃၂ ခုနှစ်မှာ မွေးဖွားခဲ့ပြီး ပဲခူးမြို့အစိုးရအထက်တန်းကျောင်းမှာ အထက်တန်းအောင်မြင်တဲ့အထိ တက်ရောက်ပညာသင်ယူခဲ့သူဖြစ်ပါတယ်။ တက္ကသိုလ်ပညာသင်ဆုကို ငါးနှစ်ရရှိခဲ့သလို ဥပစာတန်းမှာ မြန်မာစာရမှတ်အမြင့်ဆုံးမို့ သာဒိုးအောင်ဆုကိုလည်း ရရှိခဲ့ပါတယ်။ သဘာဝသတ္တဗေဒအသင်းဆုတွေရရှိခဲ့တဲ့ ဒေါက်တာကျော်စိန်ဟာ ၁၉၅၄ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်ကနေ ဝိဇ္ဇာဘွဲ့၊ ၁၉၅၈ ခုနှစ်မှာ မဟာဝိဇ္ဇာဘွဲ့ (စိတ်ပညာ) တွေကို ရယူခဲ့ပြီး ၁၉၆၆ ခုနှစ်မှာ အမေရိကန်ပြည်ထောင်စု နယူးယောက်မှာရှိတဲ့ ကိုလံဘီယာတက္ကသိုလ်ကနေ ပါရဂူဘွဲ့ကိုရရှိခဲ့သူဖြစ်ပါတယ်။

ဆရာကြီးက ရန်ကုန်တက္ကသိုလ်စိတ်ပညာဌာနမှာ နည်းပြ၊ လက်ထောက်ကထိက၊ ကထိက၊ ပါမောက္ခ၊ ပါမောက္ခချုပ်မှသည် ပညာရေးဝန်ကြီးအထိ အဆင့်ဆင့်တာဝန်ယူခဲ့တဲ့ ဆရာကြီးဖြစ်သလို တစ်ဖက်မှာလည်း အသက် ၂၀ ကျော်အရွယ်ကတည်းက ရှုမဝ၊ ငွေတာရီ၊ ပညာပဒေသာ၊ ပညာလောက စတဲ့မဂ္ဂဇင်းတွေ၊ စာစောင်တွေမှာ စိတ်ပညာဆောင်းပါးတွေ ရေးသားခဲ့သူဖြစ်ပါတယ်။

သင့်ဘဝအတွက်တာ အသုံးချစိတ်ပညာစာမူနဲ့ စာပေဗိမာန်စာမူဆု (သုတပဒေသာ ဝိဇ္ဇာ) ပထမ၊ လူငယ်လမ်းညွှန်စာမူနဲ့ စာပေဗိမာန်စာမူဆု (လူငယ်စာပေ) ပထမ၊ တို့ချစ်သည့်နိုင်ငံတော် စာမူဖြင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးစာပေပြိုင်ပွဲ ကျမ်းစာမူ ဒုတိယဆု၊ စာပေဗိမာန်စာမူဆု (သုတပဒေသာ ဝိဇ္ဇာ) ကို ဇော်ဂျီကာစာမူဖြင့် ပထမဆု၊ စိတ်ပညာသမိုင်းကျမ်းစာမူဖြင့် ပခုက္ကူဦးအုံးဖေ ကျမ်းစာမူပထမဆု စတဲ့ဆုတွေကို ရရှိခဲ့သူဖြစ်ပါတယ်။ ဆရာကြီးက ပညာကို ကိုယ်တိုင်ဆည်းပူးခဲ့သလို နောင်လာနောက်သားတွေအတွက်လည်း သူသိထားတတ်ထားသမျှကို မခြွင်းမချန် ရေးသားဖြန့်ဝေပေးခဲ့သူဖြစ်ပါတယ်။ ဒါကြောင့် ၂၀၀၈ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုကို နိုင်ငံတော်က ပေးအပ်ချီးမြှင့်ခဲ့တာဖြစ်ပါတယ်။ ဆရာကြီးဟာ အမြင့်ဆုံးစာပေဆုချီးမြှင့်ခြင်းခံရပြီး ငါးနှစ်အကြာ

**မေ**

၂၀၁၃ ခုနှစ် ဇန်နဝါရီလမှာ ကွယ်လွန်ပါတယ်။

### ဆရာကြီးစည်သူဒေါက်တာ ခင်မောင်ညွန့်

အဆင့်မြင့်ပညာရေး ကျောင်းသုံးစာအုပ်တွေ၊ လမ်းညွှန်စာအုပ်တွေနဲ့ သုတေသနစာတမ်းတွေကို ရေးသားပြုစုပေးခဲ့တဲ့ ဆရာကြီးဒေါက်တာ ခင်မောင်ညွန့်ကို ၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုကို ချီးမြှင့်ခဲ့ပါတယ်။ ဆရာကြီးကို မန္တလေးမြို့ မှာ မွေးဖွားခဲ့ပြီး ၁၉၅၂ ခုနှစ်ကစပြီး ဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့တို့နဲ့ ၁၉၆၀ ပြည့်နှစ်မှာ လန်ဒန်တက္ကသိုလ်က ပါရဂူဘွဲ့ကို ရရှိခဲ့သူဖြစ်ပါတယ်။

ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်တို့မှာ သမိုင်းပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ထေရဝါဒသာသနာပြုတက္ကသိုလ် အချိန်ပိုင်းပါမောက္ခ၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ နိုင်ငံသမိုင်းသုတေသနဦးစီးဌာနနဲ့ ရှေးဟောင်းသုတေသနဦးစီးဌာနတို့မှာ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာသမိုင်းဖြစ်ရပ်မှန်ပြုစုရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာသမိုင်းကော်မရှင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်၊ အမျိုးသားညီလာခံအဖွဲ့ခွဲအဖွဲ့ဝင်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မရှင်အဖွဲ့ဝင်၊ ဆိုကရေးတီးပြိုင်ပွဲများအတွက် အတိုင်ပင်ခံအကြံပေးနှင့် ဦးစီးကော်မတီဝင်၊ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေး၊ အမျိုးသားကော်မတီရဲ့ ဥက္ကဋ္ဌအဖြစ် ထမ်းဆောင်ခဲ့တဲ့ တာဝန်များကများပြားလွန်းလှပါတယ်။

ဆရာကြီးဒေါက်တာခင်မောင်ညွန့်ကို လူမှုထူးချွန်တံဆိပ်၊ စီမံထူးချွန်တံဆိပ်တွေ နိုင်ငံတော်က ချီးမြှင့်ခဲ့သလို ဝိဇ္ဇာထူးချွန်တံဆိပ်(ဒုတိယဆင့်)တွေနဲ့ ဆရာဝန်တင်ရွှေ စာပေဆု၊ သုတစွယ်စုံစာပေဆုတွေကို ချီးမြှင့်ခြင်းခံခဲ့ရပါတယ်။ ဆရာကြီးက စာအုပ်စာတမ်းပေါင်း ၄၀ ကျော် ပြုစုထုတ်ဝေခဲ့ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှာလည်း သမိုင်းယဉ်ကျေးမှု၊ ရှေးဟောင်းသုတေသနပညာရပ်တွေအကြောင်း ဟောပြောပို့ချခဲ့ပါတယ်။

### ဆရာကြီးစည်သူဒေါက်တာသော်ကောင်း

မြန်မာစာပေနှင့် မြန်မာ့သမိုင်းတို့ကို အဆင့်မြင့်မားအောင် ကြံဆောင်ပေးကြတဲ့ စာပေပညာရှင်ကြီးများအနက် ဆရာကြီး စည်သူဒေါက်တာဦးသော်ကောင်းလည်း အပါအဝင်ဖြစ်ပါတယ်။


**စာမျက်နှာ ၇ သို့** ✳



စည်သူ ဒေါ်ကြန် (မကြန်)



စည်သူဦးကြည်အေး (ဆင်ဖြူကျွန်း အောင်သိန်း)




စည်သူ ဒေါက်တာကျော်စိန်၏ လူငယ်လမ်းညွှန်စာအုပ်



ဆရာကြီး စည်သူဒေါက်တာ ခင်မောင်ညွန့်



ဆရာကြီး စည်သူဒေါက်တာ သော်ကောင်း

☆ ကျောဖုံးမှ
အစည်းအဝေးခန်းမမှ ပါဝင်တက်ရောက်ကြသည်။

ထို့ပြင် အာဆီယံ-တရုတ် မိတ်ဖက်ဆက်ဆံရေး နှစ် (၃၀) ပြည့် အထိမ်းအမှတ်နှင့် အာဆီယံ-တရုတ် ကာကွယ်ရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးကို (၁၅) ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးနှင့်တစ်ဆက်တည်း ကျင်းပသည်။

အဆိုပါ အစည်းအဝေးများတွင် အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများက ဂရုပြု၊ ပြင်ဆင်၊ အောင်ပွဲဝင်ဟူသည့် အာဆီယံ အသိုက်အဝန်းတစ်ရပ် ဖြစ်လာစေရေးအတွက် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အာဆီယံ ကာကွယ်ရေးဝန်ကြီးများ ပူးတွဲကြေညာချက်ကို အွန်လိုင်းမှတစ်ဆင့် သဘောတူညီထုတ်ပြန်ကြေညာခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌဟောင်း ဒေါက်တာမျိုးအောင်တို့အား ဇမ္ဗူသီရိမြို့နယ်၊ သီးသန့်တရားရုံး၌ ရုံးထိုင်စစ်ဆေးမှုများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၅**

နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌဟောင်း ဒေါက်တာမျိုးအောင်တို့အပေါ် စွဲဆိုထားသည့် အမှုများကို ၂၀၂၁ ခုနှစ်၊ ဇွန် ၁၅ ရက်တွင် ဇမ္ဗူသီရိမြို့နယ်၊ သီးသန့်တရားရုံး၌ ရုံးထိုင်စစ်ဆေးခဲ့ရာ ဦးဝင်းမြင့်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေါက်တာမျိုးအောင်တို့အပေါ် ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ)ဖြင့် စွဲဆိုထားသည့် အမှုနှင့် ဒေါ်အောင်ဆန်းစုကြည်အပေါ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေအရ စွဲဆိုထားသည့် အမှုများကို စစ်ဆေးခဲ့ကြောင်းနှင့် ရုံးထိုင်စစ်ဆေးမှုမပြုမီ ၎င်းတို့၏ရှေ့နေများနှင့် လွတ်လပ်စွာတွေ့ဆုံခဲ့ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **သတင်းစဉ်**

✳ မျိုးရိုးဗီဇကွဲမှ
ထို့အပြင် COVID-19 ကာကွယ်ဆေးများအပေါ်တွင် တုံ့ပြန်မှုနှင့်ပတ်သက်၍ အချို့သော ကာကွယ်ဆေးများ၏ အကျိုးအာနိသင်အား အနည်းငယ် လျော့နည်းနိုင်ကြောင်း သတင်းရရှိပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် မိမိကိုယ်တိုင်၊ မိမိ မိသားစုနှင့် ပတ်ဝန်းကျင်အား COVID-19 ရောဂါ ကူးစက်မှုမရှိစေရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေး အမိန့်ကြေညာချက်များ၊ ညွှန်ကြားချက်များ၊ လုပ်ငန်းလမ်းညွှန်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်သွားရန် အထူးအရေးကြီးပါကြောင်း တိုက်တွန်းအပ်ပါသည်။ **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# တောင်ငူ၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**တောင်ငူ ဇွန် ၁၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးအနေဖြင့် အပြင်ထွက်သည့်အခါတိုင်း နှာခေါင်းစည်းများ တပ်ဆင်အသုံးပြုသည့် အလေ့အထများ ရရှိစေရန်အတွက် ရည်ရွယ်ကာ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ အသိပညာပေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တောင်ငူမြို့မဈေးကြီးနှင့် ဘုရင့်နောင်ဈေးတို့၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့မဈေးကြီး၌ ဖွင့်လှစ်ရောင်းချနေသည့် ဈေးသူ ဈေးသားများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ရောင်းချကြရန်၊ ဈေးအဝင်အထွက် နေရာများ၌ လက်ဆေးရန်နေရာများ စနစ်တကျအသုံးပြုစေရေး၊ ဈေးအတွင်း ဝင်ရောက်ဝယ်ယူရာ၌ ပါးစပ်နှင့် နှာခေါင်းစည်းများ တပ်ဆင်အသုံးပြု၍ သွားလာကြရန် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့က အသိပေးနှိုးဆော် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ဆက်လက်၍ အဆိုပါပူးပေါင်းအဖွဲ့က အပြင်ထွက်သည့်အခါတိုင်း နှာခေါင်းစည်းများ တပ်ဆင်မှုရှိစေရေး နှိုးဆော်အသိပညာပေးမှုများနှင့် လူစည်ကားရာနေရာများ၌ နှာခေါင်းစည်း အခုရေ ၃၀၀ အား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# စဉ့်ကူးမြို့နယ် ရောဝတီမြစ်အတွင်း ငါးသားပေါက်များ မျိုးစိုက်ထည့်

**စဉ့်ကူး ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝမြစ်ချောင်း ဆည်တမံများတွင် ငါးမျိုးများစိုက်ထည့်လျက်ရှိရာ ဇွန် ၁၄ ရက်က စဉ့်ကူးမြို့နယ် ကုက္ကိုဆိပ်အနီး ရောဝတီမြစ်အတွင်း ငါးမျိုးများစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်နိုင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး သော်တာထွန်းနှင့် ငါးမျိုးစိုက်ထည့်ခြင်းကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ငါးလုပ်ငန်းဦးစီးမှူးများ၊ စခန်းတာဝန်ခံများနှင့်အတူ သရက်ကုန်းငါးလုပ်ငန်းစခန်း၊ နတ်ရေကန်ငါးလုပ်ငန်းစခန်း၊ ကူမဲငါးလုပ်ငန်းစခန်းနှင့် ရေနံ့သာငါးလုပ်ငန်းစခန်းတို့မှ နှစ်လက်မအရွယ် ငါးမြစ်ချင်း၊ ငါးခုံးမကြီးနှင့် ရွှေဝါငါးကြင်း ငါးသားပေါက်ကောင်ရေ စုစုပေါင်း ၉၀၀၀၀၀ အား မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



✳ စာမျက်နှာ ၆ မှ
ဆရာကြီးက အငြိမ်းစားပညာမင်းကြီး၊ မြန်မာနိုင်ငံသမိုင်းကော်မရှင် ဥက္ကဋ္ဌ ဦးကောင်းရဲ့သားဖြစ်ပြီး ၁၉၃၇ ခုနှစ်က ရန်ကုန်မြို့မှာ မွေးဖွားခဲ့သူဖြစ်ပါတယ်။

ဆရာကြီးက အင်္ဂလိပ်စာဘာသာနဲ့ ရန်ကုန်တက္ကသိုလ်ကနေ ဝိဇ္ဇာဘွဲ့ကို ၁၉၅၉ ခုနှစ်မှာ ရရှိခဲ့ပြီး ဂုဏ်ထူးပထမအဆင့်နဲ့ အောင်မြင်ခဲ့သူပါ။ ၁၉၆၂ ခုနှစ်မှာတော့ အင်္ဂလန်နိုင်ငံ လန်ဒန်တက္ကသိုလ်ကနေ စာကြည့်တိုက်ဘွဲ့လွန်ဒီပလိုမာ ရရှိခဲ့ပါတယ်။ အဲဒီနောက် AALIA (Associate of the Australian Library and Information Association) ဘွဲ့၊ အင်္ဂလန်နိုင်ငံစာကြည့်တိုက်အသင်းရဲ့ အမြင့်ဆုံးဘွဲ့ FLA (Fellow of the Library Association) တို့ကိုလည်း ရရှိခဲ့ပါတယ်။ ၁၉၉၉ ခုနှစ်မှာ University of Western Sydney ကပေးအပ်ချီးမြှင့်တဲ့ D.Litt (Honorary Doctor of Letters Award) ဘွဲ့၊ ၂၀၀၅ ခုနှစ်မှာ Fukuoka Asian Cultural Prize စတဲ့ဆုတွေ အသီးသီး ချီးမြှင့်ခံရသူလည်း ဖြစ်ပါတယ်။

## မြန်မာ့သမိုင်းကို ချစ်မြတ်နိုးသူ၊ သမိုင်းအမှန်ကို ဖော်ထုတ်သူနဲ့ စိတ်ရှည်ဇွဲသန်ပြီး ရခိုင့်တန်ဆောင်အဖြစ် လူသိများခဲ့တဲ့ ဆရာမကြီး မကြန်ဟာ သမိုင်းနဲ့သက်ဆိုင်တဲ့ သုတေသနစာတမ်းတွေ၊ ဆောင်းပါးတွေ၊ စာအုပ်တွေကို ရေးသားပြုစုခဲ့သလို တည်းဖြတ်ပြင်ဆင် တည့်မတ်ပေးနိုင်ခဲ့သူလည်းဖြစ်။

ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန၊ အချိန်ပိုင်း စာကြည့်တိုက်လက်ထောက်ဘဝကနေ အဆင့်ဆင့်ဖြတ်သန်းခဲ့ပြီး ၁၉၆၉ ခုနှစ်ကနေ အငြိမ်းစားယူခဲ့တဲ့ ၁၉၉၇ ခုနှစ်အထိ တက္ကသိုလ်ဗဟိုစာကြည့်တိုက်မှူး တာဝန်အထိ စာကြည့်တိုက်တွေကြားထဲဖြတ်သန်း ရှင်သန်ခဲ့သူလည်း ဖြစ်ပါတယ်။ စာကြည့်တိုက်တွေ ဖွံ့ဖြိုးတိုးတက်လာအောင်၊ သုတေသနလုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လာနိုင်အောင်နဲ့ မြန်မာ- အင်္ဂလိပ်အဘိဓာန်တွေ ထွက်ရှိအောင်စတဲ့ စာပေတာဝန်တွေကို ဘဝတစ်လျှောက်ထမ်းရွက်ခဲ့သူလည်းဖြစ်ပါတယ်။

အင်္ဂလန်၊ အမေရိကန်၊ ဩစတြေးလျ၊ ဂျပန်၊ ထိုင်း၊ မလေးရှား၊ စင်ကာပူစတဲ့ ကမ္ဘာ့နိုင်ငံအသီးသီးကိုသွားပြီး မြန်မာစာပေ၊ စာကြည့်တိုက်လုပ်ငန်းတွေ၊ မြန်မာ့သမိုင်းနဲ့ မြန်မာ့ယဉ်ကျေးမှုတွေကို စာတမ်းအစောင်ပေါင်းများစွာနဲ့အတူ သွားရောက်ဖတ်ကြားဖော်ထုတ်ခဲ့သူလည်းဖြစ်ပါတယ်။

ပညာရပ်ဆိုင်ရာစာအုပ်တွေ၊ စာတမ်းတွေ ထုတ်ဝေခဲ့သလို ဘာသာပြန်နဲ့ အခြားဆောင်းပါးမျိုးစုံကိုလည်း စဉ်ဆက်မပြတ်ရေးသားခဲ့တဲ့အတွက် ၂၀၀၇ ခုနှစ်မှာ ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆု၊ ၂၀၀၈ခုနှစ်မှာ မြန်မာစာပေ၊ စာကြည့်တိုက်ပညာနဲ့ ပေပုရပိုက်အကြောင်း ရေးသားထားတဲ့ From the Librainan’s Windown စာအုပ်နဲ့ ထွန်းဖောင်ဒေးရှင်းစာပေဆုကို ရရှိခဲ့ပါတယ်။

မြန်မာသမိုင်းကော်မရှင်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီနဲ့ ပခုက္ကူဦးအုံးဖေစာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ စတာတွေမှာလည်း တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဆရာကြီးဟာ ၂၀၁၀ ပြည့်နှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုကို ထိုက်ထိုက်တန်တန်နဲ့ ဂုဏ်ပြုချီးမြှင့်ခြင်းခံခဲ့ရပြီး ဆရာကြီးဆုရရှိတဲ့နှစ်မှာတော့ အမျိုးသားစာပေတစ်သက်တာဆုအတွက် ချီးမြှင့်ငွေကို ငွေကျပ် ခြောက်သိန်းကနေ ကျပ်ဆယ်သိန်းကို တိုးမြှင့်ပေးအပ်ခဲ့တာကို တွေ့ရှိရပါတယ်။ ။

(ဆက်လက်ဖော်ပြပါမည်)

# ဖြတ်သန်းပြီးမြောက်ခဲ့သည့်လေးလတာခရီး...

**ကနောင်**

(ယမန်နေ့မှ အဆက်)

## ပြည်သူ့အတွက် အခြေခံအဆောက်အအုံများ ပြည့်စုံရေး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မေလ ၁၇ ရက်က ရတနာပုံခန်းမဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာတွင် ရတနာပုံခန်းမကြီးသည် မန္တလေးနှင့် အနီးဝန်းကျင်တွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စသည့်အခန်းကဏ္ဍများအတွက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားတိုးတက်စေပြီး ကောင်းမွန်သောဝန်ဆောင်မှုလုပ်ငန်းများကို အဆင့်မီဆောင်ရွက်ပေးနိုင်သော ခန်းမအဆောက်အအုံကြီးတစ်ခု ဖြစ်ကြောင်း၊ ရတနာပုံခန်းမကြီးသည် လူဦးရေ ၁၂၀၀ ဝင်ဆံ့ပြီး စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် နည်းပညာပိုင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ရှင်ပြုရဟန်းခံ နားထွင်းနားသအလှူပွဲ၊ မင်္ဂလာဆောင်ပွဲ၊ အထိမ်းအမှတ်ညစာစားပွဲ၊ အငြိမ့်ပွဲ၊ ပဒေသာကပွဲများ၊ တေးဂီတဖျော်ဖြေပွဲများ စသည့် အခမ်းအနားပွဲများအပြင် ဒေသဖွံ့ဖြိုးရေးကိစ္စများ၊ ဈေးရောင်းပွဲတော်များနှင့် နိုင်ငံတကာကုန်စည်ပြပွဲများကိုပါ ကျင်းပဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့ပါသည်။

ယခုကာလအတွင်း ပြည်သူတို့လိုအပ်နေသော ဓာတ်အားလိုအပ်ချက်ကို ပြည့်စုံလုံလောက်စေရေးနှင့် လာမည့်နှစ်များတွင် ပိုမိုလိုအပ်လာမည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကိုလည်း ပြည့်မီအောင် ဖြည့်ဆည်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အစီအမံများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင်လည်း သဘာဝအရင်းအမြစ်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် စီမံကိန်းများဆောင်ရွက်နိုင်စေရေး စသည်ဖြင့် ဆွေးနွေးလျက်ရှိသည်ကိုလည်း မေလ ၁ ရက်က ကျင်းပသည့် လျှပ်စစ်ကဏ္ဍ၏ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်အတွင်း ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများအပေါ် ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးမှ သိရပါသည်။

၂၀၂၁ ခုနှစ် မိုးရာသီတွင် နိုင်ငံတစ်ဝန်း ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောဦးစီးဌာနအနေဖြင့် ပျိုးပင် ၃၃၁၃၄၁၁၁ ပင်၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် ၂၆၈၂၃၇၅ ပင်နှင့် မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ၄၄၆၃၀၁ ပင် စုစုပေါင်းပျိုးပင် ၃၆၂၆၂၇၈၇ ပင် စိုက်ပျိုးသွားမည်ဟု မေလ ၁၈ ရက်တွင် ကျင်းပသည့် ၂၀၂၁ ခုနှစ် မိုးရာသီပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် လမ်းဘေးဝဲ၊ ယာ တစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးခြင်း ညှိနှိုင်းအစည်းအဝေးမှ သိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးမြို့ ရတနာပုံခန်းမဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

## ပြည်သူများကျန်းမာကြံ့ခိုင်ရေး

ဆေးတက္ကသိုလ်ဘွဲ့လွန်၊ ဘွဲ့ကြိုသင်တန်းများ ဖွင့်လှစ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကိုလည်း မေလအတွင်းကျင်းပခဲ့ပြီး ကိုဗစ်ရောဂါ၏ ဗီဇပြောင်းလဲသည့်အခြေအနေများ၊ လက်ရှိရောဂါဖြစ်ပွားမှု အခြေအနေများနှင့် ကာကွယ်ရေး၊ ကုသရေးစသည့်လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည့်အပြင် အနယ်နယ်အရပ်ရပ်တွင်လည်း Mask တပ်ဆင်ရေး ကမ်ပိန်းများ ပြန်လည်ကျင်းပခြင်း၊ အသိပေးစာစောင်များ ဖြန့်ဝေခြင်းများနှင့် ကြိုတင်ပြင်ဆင်မှုများကို ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဆက်စပ်ဌာနများ ပူးပေါင်းဆောင်ရွက်သဖြင့် ကိုဗစ်၏လှိုင်းအသစ်မဖြစ်ပွားစေဖို့ ယခုတိုင် ထိန်းချုပ်ထားနိုင်ခဲ့သည်မှာ သက်သေပင် ဖြစ်ပါသည်။

မေလဆန်းအတွင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီးတို့အပါအဝင် မန္တလေးဗဟိုအမျိုးသမီးဆေးရုံ၊ မော်လမြိုင်နှင့် မုံရွာ၊ သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး နေပြည်တော် စသည့်ပြည်သူ့ဆေးရုံကြီးများ၊ တိုက်နယ်နှင့် ခရိုင်အသီးသီးတို့မှ ပြည်သူ့ဆေးရုံကြီးများသည်လည်းကောင်း အသီးသီး ပြန်လည်ဖွင့်လှစ်ခဲ့သည်ကို ဝမ်းမြောက်ဖွယ် မြင်တွေ့ရမည်ဖြစ်ပါသည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး sar–Cov–2 (Vero Cell) ဆေးအလုံးရေ ငါးသိန်းကို မေလ ၂ ရက်နေ့တွင် လေကြောင်းမှတစ်ဆင့် ပေးပို့ထောက်ပံ့ခဲ့သည်ကိုလည်း မြင်တွေ့ရပါသည်။ ကာကွယ်ဆေးများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဝေထိုးနှံပေးခဲ့သည့်အပြင် တပ်မတော်တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် (၆၅) နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများကိုတပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးလျက်ရှိပါသည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုမြင့်တက်နေသည့်ကာလအတွင်း ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်နှင့် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးရှိ ဝန်ထမ်းများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လှူဒါန်းသည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအထောက်အကူပြု ဆေးပစ္စည်းများကို မေလ ၁၈ ရက်က အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်းမှ အထူးလေယာဉ် နှစ်စင်းတို့ဖြင့် နေပြည်တော်လေဆိပ်နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့မှ သွားရောက်ပို့ဆောင်လှူဒါန်းခဲ့သည်ကိုလည်း မြင်တွေ့ရသည်။ အဆိုပါလေယာဉ်များတွင် မြန်မာနိုင်ငံသို့ ရောက်ရှိနေပြီး ပြန်လည်ထွက်ခွာရန် အခက်အခဲရှိနေသည့် အိန္ဒိယနိုင်ငံသား ၂၅ ဦးတို့ လိုက်ပါသွားနိုင်ခဲ့ပြီး အိန္ဒိယနိုင်ငံတွင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ နေရပ်ပြန်ရန် အခက်အခဲဖြစ်နေသည့် သံဃာတော်၊ သီလရှင်၊ လူပုဂ္ဂိုလ် မြန်မာနိုင်ငံသား ၁၂၈ ဦးတို့ကို ပြန်လည်ခေါ်ဆောင်လာနိုင်ခဲ့သည်ကိုလည်း သိရှိရပါသည်။

ထို့ပြင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ပြည်ပမှပြန်လည်ရောက်ရှိလာသူများအား ကိုဗစ်–၁၉ရောဂါစစ်ဆေးခြင်း၊ ကွာရန်တင်းထားရှိခြင်းနှင့် လိုအပ်သည်များကို ဆောင်ရွက်ပေးခြင်းများကို အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံ တပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မေလအတွင်း ဆက်လက် ဆောင်ရွက်ပေးလျက်ရှိနေသည်ကိုလည်း မြင်တွေ့ရပါသည်။ **စာမျက်နှာ ၉ သို့** ✪



မေ ၁၈ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အိန္ဒိယနိုင်ငံအတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြုဆေးပစ္စည်းများ ပို့ဆောင်လှူဒါန်းစဉ်။

**ရတနာပုံခန်းမကြီးသည် လူဦးရေ ၁၂၀၀ ဝင်ဆံ့ပြီး စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် နည်းပညာပိုင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ရှင်ပြုရဟန်းခံ နားထွင်းနားသအလှူပွဲ၊ မင်္ဂလာဆောင်ပွဲ၊ အထိမ်းအမှတ်ညစာစားပွဲ၊ အငြိမ့်ပွဲ၊ ပဒေသာကပွဲများ၊ တေးဂီတဖျော်ဖြေပွဲများ စသည့် အခမ်းအနားပွဲများအပြင် ဒေသဖွံ့ဖြိုးရေးကိစ္စများ၊ ဈေးရောင်းပွဲတော်များနှင့် နိုင်ငံတကာကုန်စည်ပြပွဲများကိုပါ ကျင်းပဆောင်ရွက်နိုင်မည်ဖြစ်။**

**ဗီယက်နမ်နိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို မြန်မာ အားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကာ အောင်မြင်မှုရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် နေပြည်တော်နှင့် ရန်ကုန်မြို့များတွင် စခန်းသွင်း လေ့ကျင့်နေကြပြီဖြစ်။ မြန်မာနိုင်ငံမှ အားကစားနည်း ၁၈ မျိုးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန် ရွေးချယ်ထား။**



(၇၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး (သဘောရေးဖြေ)စာမေးပွဲ ကျင်းပစဉ်။

❂ စာမျက်နှာ ၈ မှ

ထို့အတူ တပ်မတော်၏ ပြည်သူ့အကျိုးပြုလုပ်ငန်းများအနက် ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သည့် ကျန်းမာရေးကဏ္ဍမြှင့်တင်ပေးရန် တပ်မတော်သားပါရဂူများ၊ ဆရာဝန်များ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် တပ်မတော်ဆေးရုံများတွင် သာမက နယ်လှည့်ဆေးကုသရေးအဖွဲ့များအဖြစ်ပါ ဒေသခံပြည်သူများ၏ ကျန်းမာရေးကို စောင့်ရှောက်ပေးလျက်ရှိရာ လိုအပ်သည့်ကာကွယ်ဆေးများထိုးနှံပေးခြင်း၊ ခွဲစိတ်ကုသပေးခြင်း၊ ဆေးရုံတက်မည့်လူနာများကို ဆေးရုံသို့ပို့ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ကုသမှုအားဖြင့် ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၆၆၆၆ ဦးနှင့် အတွင်းလူနာပေါင်း ၆၈၁၈၈ ဦးတို့ကို ကုသပေးနိုင်ခဲ့ပြီဖြစ်ပါသည်။

တပ်မတော်ကုသရေးမှ ကျန်းမာရေးစောင့်ရှောက်ခံလူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၀၅၈၀၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၅၄၀၁ ဦး စုစုပေါင်း ၁၅၉၈၁ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ထို့ပြင် ကလေးမီးဖွားလူနာ ၅၄၁၅ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၇၉၀၇ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့သဖြင့် ယနေ့အထိ ကလေးငယ် ၁၃၃၂၂ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြှင့်မားရန်အတွက် ပူးပေါင်းဆောင်ရွက်နေသည်ကိုလည်း အားရဖွယ်မြင်တွေ့ရပါသည်။

ကျန်းမာကြံ့ခိုင်စေရေးနှင့် အားကစားစိတ်ဓာတ်မြင့်မားလာစေရေးအတွက် မေလတစ်လတာအတွင်း ဘောလုံးပြိုင်ပွဲနှင့် အခြားအားကစားပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ကျင်းပလျက်ရှိသည်ကိုလည်း မြင်တွေ့ရပါသည်။ ဗီယက်နမ်နိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို မြန်မာအားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကာ အောင်မြင်မှုရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် နေပြည်တော်နှင့် ရန်ကုန်မြို့များတွင် စခန်းသွင်း လေ့ကျင့်နေကြပြီဖြစ်ပါသည်။ မြန်မာနိုင်ငံမှ အားကစားနည်း ၁၈ မျိုးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန် ရွေးချယ်ထားကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သိရှိရပါသည်။

**ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုနှင့်အနုသုခုမ**

(၇၃) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး(သဘောရေးဖြေ) စာမေးပွဲကို ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ မေ ၁၇ ရက်မှ ၂၁ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပခဲ့သည်ကိုလည်း မြင်တွေ့ရမည်ဖြစ်ပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများနှင့် ဟိန္ဒူ၊ ခရစ်ယာန်၊ အစ္စလာမ်ဘာသာဝင်များ၏ ဘာသာအလိုက် ဘာသာရေးကျောင်းများ၊ ဝတ်ပြုကျောင်းများတွင် စိတ်အေးချမ်းသာစွာဖူးမြော်နေကြသည်ကိုလည်း မေလအတွင်း မြင်တွေ့ရမည်ဖြစ်ပါသည်။ ထို့ပြင် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများအပါအဝင် အခြားမြို့များရှိ ပန်းခြံများ၊ အားကစားကွင်းများ၊ ဈေးများ၊ ဆေးရုံများ၊ လေကြောင်းလိုင်းများ၊ မီးရထားနှင့် သင်္ဘောခရီးစဉ်များ၊ မော်တော်ယာဉ်လိုင်းများကို မေလအတွင်းမှာပင် ပြန်လည်ဖွင့်လှစ်ခဲ့သည့်အတွက် ယခုအခါ ပုံမှန်လည်ပတ်နိုင်ခဲ့ပြီဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မန္တလေးမြို့ ကျက်သရေဆောင် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးအား မေလ ၁၈ ရက် နံနက်ပိုင်းတွင် သွားရောက်ဖူးမြော်ကြည်ညိုခဲ့သည်။ ဘုရားကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ခဲ့ပြီး ဘုရားကြီးအတွင်းရှိ ရှေးမူလက်ရာများ စနစ်တကျ ထိန်းသိမ်းထားရှိရေးတို့ကို လမ်းညွှန်မှာကြားခဲ့ပါသည်။

ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရာတွင် ရှေးမူလက်ရာမပျက်စေရေး အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက မေလ ၁ ရက်က စစ်ကိုင်းမြို့နှင့် အင်းဝမြို့တို့ရှိ ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးစဉ်တွင် တာဝန်ရှိသူများအား ပြောကြားခဲ့ပါသည်။

**သတင်းနှင့်ပြန်ကြားရေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Phoenix သတင်းဌာနမှ နိုင်ငံရေးဆိုင်ရာအကြီးတန်း သတင်းထောက်နှင့် Talk with World Leaders အစီအစဉ်တင်ဆက်သူ Ms. Fu Xiao Tian အား မေလ ၂၀ ရက်က Video Conferencing မှတစ်ဆင့် လက်ခံတွေ့ဆုံ၍ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့သည့် အခြေအနေများ၊ တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ အာဆီယံ နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ဆွေးနွေးချက်များနှင့် ဆက်လက်လုပ်ဆောင်သွားမည့်အခြေအနေများ၊ ရခိုင်ပြည်နယ် အရေးကိစ္စရပ်များ၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအပေါ် ထိန်းသိမ်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ နှစ်နိုင်ငံ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့် အခြားသိရှိလိုသည့် မေးမြန်းမှုများအား ပြည့်ပြည့်စုံစုံ ပြန်လည်ဖြေကြားခဲ့ကြောင်းကို နိုင်ငံပိုင်သတင်းဌာနများတွင် ဖော်ပြပါရှိခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၅/၂၀၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို မေလ ၁၅ ရက်က ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပရာ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်နှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားပေးခဲ့သည်ကိုလည်း တွေ့ရှိရသည်။

သတင်းမီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ရွေးချယ်ရေးအဖွဲ့ဝင်များနှင့် မေလ ၁ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်က တွေ့ဆုံဆွေးနွေးခဲ့ပြီး သတင်းမီဒီယာကောင်စီအနေဖြင့် သတင်းမီဒီယာလောကအတွက် တည့်မတ်မှန်ကန်စွာဖြင့် ဘက်မလိုက်ဘဲ တရားမျှတစွာကြိုးစားရန်နှင့် ရဲဝံ့စွာရပ်တည်လုပ်ဆောင်ကြမည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ အပတ်စဉ်သတင်းစာရှင်းလင်းပွဲကို မေလ ၇ ရက်က Video Conferencing ဖြင့် ကျင်းပရာ သတင်းထုတ်ပြန်ရေးအဖွဲ့ဝင် ဗိုလ်မှူးကောင်းထက်စံက သတင်းမီဒီယာများ စတုတ္ထမဏ္ဍိုင်ပီသစေရေး၊ ကျောင်းသားကျောင်းသူများ ပညာသင်ကြားခွင့်ရရှိစေရေး၊ ပြည်သူများ၏ ကျန်းမာရေး၊ ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာအခြေအနေများနှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **စာမျက်နှာ ၁၀ သို့** ☆



အမှတ်(၁၄)အစုန် ပဲခူး-ရန်ကုန် RBE လူစီးရထား ရန်ကုန်ဘူတာကြီးသို့ ဆိုက်ရောက်လာသည်ကို တွေ့ရစဉ်။

☆ စာမျက်နှာ ၉ မှ

တရားမဝင်အဖွဲ့အစည်းများနှင့် သတင်းဌာနအချို့သည် ဂြိုဟ်တုစလောင်းများမှတစ်ဆင့် ရုပ်သံလိုင်းများတွင် နိုင်ငံတော်က အရေးပေါ်ကာလပြဌာန်းချက်များနှင့်အညီ ဆောင်ရွက်နေစဉ်ကာလအတွင်း နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးကို ထိခိုက်စေသောအကြောင်းအရာများနှင့် နိုင်ငံတော်ကို သစ္စာဖောက်ဖျက်ပုန်ကန်မှုကျူးလွန်နေသူများကို အားပေးကူညီရာရောက်သည့်အကြောင်းအရာများကို ထုတ်လွှင့်လျက်ရှိသဖြင့် တရားမဝင်ဂြိုဟ်တု ရုပ်မြင်သံကြားဖမ်းစက်များကို တပ်ဆင်အသုံးပြုဖမ်းယူကြည့်ရှုသူများကို တည်ဆဲဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း မေလ ၄ ရက်က ပြန်ကြားရေးဝန်ကြီးဌာနမှ ကြေညာချက်ထုတ်ပြန်ထားသည်။

မြန်မာ-ဂျပန်နှစ်နိုင်ငံဆက်ဆံရေးကို ရှေးရှု၍လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရအထူးကိုယ်စားလှယ်၏ မေတ္တာရပ်ခံချက်များကို အလေးထား၍လည်းကောင်း ဂျပန်သတင်းထောက် Mr. Yuki Kitazumi ကို အမှုပိတ်သိမ်း၍ပြန်လည်စေလွှတ်ပေးကြောင်း မေ ၁၃ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။ ဂျပန်သတင်းထောက်သည် CDM လှုပ်ရှားမှုများနှင့် ဆူပူဆန္ဒပြမှုများအား ဆက်လက်ပြုလုပ်နိုင်ရန် ထောက်ပံ့ပေးခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဧပြီ ၁၈ ရက်တွင် တရားစွဲဆိုအမှုဖွင့်ထားခြင်းဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လစ်လပ်သွားသော သတင်းမီဒီယာကောင်စီဝင်များနေရာ၌ အစားထိုးရွေးချယ်မှုကို ပွင့်လင်းမြင်သာစွာဆောင်ရွက်ပေးခဲ့ကြပြီး ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် စာရင်းစစ်တစ်ဦးတို့ကို ရွေးချယ်ပေးခဲ့ကြောင်း သိရှိရသည်။

**မြန်မာပြည်အနှံ့အပြား ခြေဆန့်နိုင်ကြပြီ**

မြန်မာ့မီးရထားမှ ခရီးသွားပြည်သူများ အဆင်ပြေစေရန် ယခင် နေ့စဉ် ခရီးသည်လိုက်ပါစီးနင်းမှုများသော ရန်ကုန် - မန္တလေး စာပို့ရထားခရီးစဉ်ကို မေလ ၆ ရက်နှင့် ရန်ကုန် - ပဲခူး RBE ခရီးသည်တင်ရထားကို မေလ ၈ ရက်တို့တွင် စတင်ပြေးဆွဲခဲ့သည့်အပြင် ပျဉ်းမနား-တောင်တွင်းကြီး-ပျဉ်းမနား အမှတ်(၁၀၃) အဆန်၊ အမှတ်(၁၀၄) အစုန် RBE ရထားကို မေလ ၁၅ ရက်တွင် စတင်ပြေးဆွဲခဲ့သည်ကိုလည်း မြင်တွေ့ရသည်။

ကော့သောင်းခရိုင် မြိတ်ကျွန်းစုဒေသ မြန်မာ့ပင်လယ်ရေပြင်တွင် Snorkeling ပြုလုပ်နိုင်ခြင်း၊ Scuba Diving ပြုလုပ်နိုင်ခြင်း၊ ဒီရေတောများအတွင်း လေ့လာအပန်းဖြေနိုင်ခြင်းနှင့် ကျွန်းပေါ်ကမ်းခြေများတွင် အနားယူအပန်းဖြေခြင်းစသည့် အဏ္ဏဝါခရီးသွားလုပ်ငန်းများဖြင့် ဧည့်သည်များ ရွေးချယ်လည်ပတ်နိုင်စရာ ခရီးစဉ်ဒေသအသစ်များကို ရှာဖွေဖော်ထုတ်နိုင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

> **ကော့သောင်းခရိုင် မြိတ်ကျွန်းစုဒေသ မြန်မာ့ပင်လယ်ရေပြင်တွင် Snorkeling ပြုလုပ်နိုင်ခြင်း၊ Scuba Diving ပြုလုပ်နိုင်ခြင်း၊ ဒီရေတောများအတွင်း လေ့လာအပန်းဖြေနိုင်ခြင်းနှင့် ကျွန်းပေါ်ကမ်းခြေများတွင် အနားယူအပန်းဖြေခြင်း စသည့်အဏ္ဏဝါခရီးသွားလုပ်ငန်းများဖြင့် ဧည့်သည်များ ရွေးချယ်လည်ပတ်နိုင်စရာ ခရီးစဉ်ဒေသအသစ်များကို ရှာဖွေဖော်ထုတ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိ။**

ထို့အတူ ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း ဒေသတွင်းလမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့အတွင်းရှိ လမ်း၊ တံတားများကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနကလည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လမ်း၊ တံတားများ၊ အိမ်ရာများ၊ ရေရရှိရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်လုပ်ကိုင်ပေးလျက်ရှိနေပြီဖြစ်သည်။

**လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆီသို့**

၂၀၂၁ - ၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများ၌ ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံမှုလက်ခံခြင်းများကို မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၌ မေ ၂၄ ရက် နံနက်ပိုင်းမှစတင်၍ မေလ ၃၁ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ လက်ခံဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း မြင်တွေ့ရပါသည်။

ကျောင်းများလာရောက်အပ်နှံစဉ် ကျောင်းသားကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့ပေးအပ်သည့် စာရေးကိရိယာများ၊ ကျောင်းသုံးစာအုပ်များနှင့် COVID-19 ကာကွယ်ရေးဆိုင်ရာအထောက်အကူပြုပစ္စည်းများကိုလည်း တစ်ပါတည်း ထောက်ပံ့ပေးအပ်ခြင်းများ ဆောင်ရွက်ပေးသည့်အပြင် COVID-19 ရောဂါ ကာကွယ်ကုသမှုကာလအတွင်း Quarantine ဆောင်များအဖြစ် အသုံးပြုခဲ့သော စာသင်ဆောင်များကိုလည်း နယ်မြေခံဆေးတပ်ရင်းများမှ တပ်မတော်သားများက လိုအပ်သည့် ဆေးဖျန်းခြင်းလုပ်ငန်းများ လုပ်ဆောင်ပေးနေသည်ကိုလည်း မြင်တွေ့ခဲ့ရသည်။

ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံကျောင်းများ၏ ပါရဂူဘွဲ့ကြိုသင်တန်းများ၊ မဟာဘွဲ့(ရေးဖြေ) သင်တန်းများနှင့် နောက်ဆုံးနှစ် ဘွဲ့ကြိုသင်တန်းများကို မေလ ၅ ရက်တွင် တစ်ပြိုင်တည်းပြန်လည်ဖွင့်လှစ်ခဲ့ပြီဖြစ်ပါသည်။ ယင်းသို့ဖွင့်လှစ်ရာတွင် အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ၄၉ ကျောင်း၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်ကျောင်း ၆၀၊ ပညာရေးဒီဂရီကောလိပ် ၂၅ ကျောင်း စုစုပေါင်း ၁၃၄ ကျောင်းတွင် ပါရဂူဘွဲ့ကြိုသင်တန်းများ၊ မဟာဘွဲ့ (ရေး) သင်တန်းများ၊ မဟာအရည်အချင်းစစ် သင်တန်းများ၊ ဂုဏ်ထူးတန်း ဒုတိယနှစ်၊ တတိယနှစ်သင်တန်းများ၊ နောက်ဆုံးနှစ် ဘွဲ့ကြိုသင်တန်းများ၊ ဒုတိယနှစ်ပညာရေး ဒီပလိုမာသင်တန်းများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု အစီအစဉ်ဖြင့် ဖွင့်လှစ်လျက်ရှိသော ဘွဲ့လွန်ဒီပလိုမာသင်တန်းများနှင့် မဟာဘွဲ့ နောက်ဆုံးနှစ်သင်တန်းများကိုလည်းကောင်း၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ စုစုပေါင်းကျောင်း ၇၀ ရှိ A.G.T.I သုံးနှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများ၊ GTHS နှစ်နှစ်သင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများအား ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို လိုက်နာစေလျက် မေ ၅ ရက်တွင် တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်ခဲ့ရာ ကျောင်းသား ကျောင်းသူများ ပညာသင်ယူမှုအခွင့်အလမ်းနှင့် အလုပ်အကိုင်ရရှိရေး အခွင့်အလမ်းများ ပွင့်လန်းလာခဲ့ပြီဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသည် နိုင်ငံတော်နှင့် ပြည်သူများအတွက် မနေမနားအကျိုးဆောင်လျက်ရှိနေခြင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စတုတ္ထလဖြစ်သည့် မေလအတွင်း ပိုမိုထူးကဲစွာမြင်တွေ့ရမည်ဖြစ်ရာ မိမိတို့ပြည်သူများလည်း နိုင်ငံတော်အစိုးရနှင့် တစ်စိတ်တစ်ဝမ်းတည်းထားရှိ၍ နိုင်ငံနှင့် ပြည်သူ့အကျိုးစီးပွားအတွက် လက်တွဲဖော်ဆောင်ကြပါစို့ဟူ၍ တိုက်တွန်းရေးသားလိုက်ရပါတော့သည်။ ။

■

## ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးအောင်သန်းဦး လက်ခစားစနစ်(CMP)ဖြင့် အသက်ကယ်အင်္ကျီအမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇွန် ၁၅**

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတည်ပြုအမိန့်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကာလတွင် တိုင်းဒေသကြီးအတွင်း ပထမဆုံး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုဖြစ်သည့် ထန်းတပင်မြို့နယ် ရခိုင်ရိုးကြီးကျေးရွာရှိ Hydrodynamic Enterprise (Myanmar) Co., Ltd. လက်ခစားစနစ် (CMP)ဖြင့် အသက်ကယ်အင်္ကျီအမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းခွင်သို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၃) တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်းဦး ဦးဆောင်သောကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းက သွားရောက်စစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထိုသို့စစ်ဆေးစဉ် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးအောင်သန်းဦးက မြန်မာနိုင်ငံတွင် ယခုကဲ့သို့ လာရောက်ရင်းနှီးမြှုပ်နှံမှုကို နိုင်ငံတော်အနေဖြင့် ကြိုဆိုပါကြောင်း၊ နိုင်ငံအတွင်းပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်မှုရှိအောင်လည်း ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေသကဲ့သို့ တစ်ဖက်တွင်လည်း လုပ်ငန်းရှင်များအနေဖြင့် ချမှတ်ထားသည့် စည်းမျဉ်း စည်းကမ်းဥပဒေများကိုလည်း လိုက်နာဆောင်ရွက်စေလိုပါကြောင်း၊ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များ၏ စက်ရုံအလုပ်ရုံများကို လုံခြုံမှုရှိစေရန် ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါကြောင်း၊ ယခုကာလတွင် ဝန်ထမ်းများ၏ လစာပေးမှု အဆင်ပြေစေရန်လည်း သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအစိုးရလက်ထက်တွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ်များ အချိန်ကြန့်ကြာမှု မရှိစေရန် စိစစ်ခွင့်ပြုပေးလျက်ရှိပါကြောင်း ပြောကြားကာ စက်ရုံရှိဝန်ထမ်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးရေးကိစ္စရပ်များနှင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ထားရှိရေး ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးသည်။



"ဒီစက်ရုံက ထုတ်လုပ်တဲ့ အသက်ကယ်အင်္ကျီတွေဟာ ရေယာဉ်စီးသူတွေနဲ့ ရေကစားသူတွေ အန္တရာယ်ကင်းဖို့ အသုံးပြုနိုင်အောင် ထုတ်လုပ်ထားတာဖြစ်ပါတယ်။ ဒီစက်ရုံရဲ့ ထုတ်ကုန်တွေကို အမေရိကန်နဲ့ ကနေဒါနိုင်ငံတွေကို တင်ပို့မှာဖြစ်ပါတယ်။ ဒီလိုရင်းနှီးမြှုပ်နှံတဲ့ စက်ရုံတွေများလာရင် နိုင်ငံမှာ အလုပ်လက်မဲ့ဦးရေတွေ နည်းလာမှာဖြစ်ပြီး ပြည်သူတွေရဲ့ စားဝတ်နေရေးတွေ အဆင်ပြေလာမှာဖြစ်ပါတယ်"ဟု စက်ရုံမန်နေဂျာ ဒေါ်သန်းသန်းစိုးက ပြောသည်။

အဆိုပါ စက်ရုံသည် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၅၇ သန်းရှိပြီး လက်ရှိဝန်ထမ်းအင်အား ၅၀၀ နီးပါးဖြင့် လည်ပတ်လျက်ရှိကာ ဝန်ထမ်းအင်အား ၂၀၀၀ ခန့်အထိ တိုးချဲ့ခန့်အပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-စောသိန်းဝင်း၊ ဓာတ်ပုံ-စောလှိုင်ဝင်း**

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူပေါင်း ၁၅၄၃၄၁ ဦး တက်ရောက်လျက်ရှိပြီး ကျောင်းတက်ရာခိုင်နှုန်း ၈၉ ရာခိုင်နှုန်းရှိ

**နေပြည်တော်  ဇွန်  ၁၅**

ကမ္ဘာတစ်ဝန်း ကိုဗစ် – ၁၉ ရောဂါ ပျံ့နှံ့ဖြစ်ပွားလျက်ရှိကာ မိမိတို့နိုင်ငံတွင်လည်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုများကြောင့် ၂၀၂၀–၂၀၂၁ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများကို ခေတ္တပိတ်ခဲ့ရပြီး ပညာသင်ကြားမှုများ ရပ်ဆိုင်းခဲ့ကာ ပညာရေးကဏ္ဍအတွက် နစ်နာမှုများ ကြုံတွေ့ခဲ့ရသည်။

ထိုသို့ နစ်နာခဲ့မှုများကို ပြန်လည်ကုစား၍ ကျောင်းသား ကျောင်းသူများ ပညာဆက်လက်သင်ကြားခွင့်ရရှိစေရေးအတွက် ၂၀၂၁–၂၀၂၂ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများကို ကိုဗစ် – ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး စည်းမျဉ်း စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရေး နိုင်ငံတော်အစိုးရအပါအဝင် ပညာရေးဝန်ကြီးဌာန အခြေခံပညာကျောင်းများမှ ကျောင်းအုပ်၊ ဆရာ ဆရာမများက ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ ကြိုးစားဆောင်ရွက်ခဲ့ခြင်းကြောင့် ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် ၂၀၂၂ ခုနှစ် မေ ၂၄ ရက် မှ ၃၁ ရက်အထိ သတ်မှတ်ကာ ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး အခြေခံပညာ (အထက်တန်း၊ အလယ်တန်း၊ မူလတန်း) ကျောင်းများကို ဇွန် ၁ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများ အောင်မြင်စွာ ဖွင့်လှစ်နိုင်ရေးအတွက် စီမံဆောင်ရွက်ခဲ့မှုအခြေအနေ၊ ကိုဗစ်–၁၉ ရောဂါ မဖြစ်ပွားစေရေးနှင့် ကြိုတင်ကာကွယ်နိုင်ရန် ညွှန်ကြားဆောင်ရွက်ခဲ့မှုအခြေအနေ၊ နိုင်ငံတော်အစိုးရမှ ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပေးမှုအခြေအနေ၊ ကျောင်းအပ်နှံရေးလုပ်ငန်းစဉ် ဆက်လက်ဆောင်ရွက်ပေးနေမှု အခြေအနေ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ ကျောင်းတက်နိုင်ရေးအတွက် လုံခြုံရေးဆောင်ရွက်ပေးနေမှု အစီအမံများနှင့် ပတ်သက်၍ ပြည်သူများ သိရှိနိုင်ရန် နေပြည်တော် ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး(ပညာ) ဒေါ်မြင့်မြင့်ခိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**မေး။** နေပြည်တော်ကောင်စီနယ်မြေအတွင်း ကျောင်းများ အောင်မြင်စွာ ဖွင့်လှစ်နိုင်ဖို့အတွက် ဘယ်လိုစီမံဆောင်ရွက်ခဲ့တယ်ဆိုတာကို သိပါရစေ။

**ဖြေ။** နေပြည်တော်ကောင်စီနယ်မြေအတွင်း ကျောင်းများ အောင်မြင်စွာ ဖွင့်လှစ်နိုင်ဖို့အတွက် မေလ ပထမအပတ်မှစတင်ပြီး ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေး၊ ကျောင်းတွင်းသန့်ရှင်းရေး၊ ကျောင်းသုံးပရိဘောဂတွေ ပြည့်စုံလုံလောက်မှု ရှိ၊ မရှိ၊ သန့်စင်ခန်း သန့်ရှင်းမှုနဲ့ လုံလောက်မှုရှိ၊ မရှိ၊ လက်ဆေးရန်နေရာများ စီစဉ်ထားမှု ရှိ၊ မရှိ စတဲ့ အချက် ငါးချက်နဲ့ စိစစ်ပြီး လိုအပ်တာတွေကို ကြိုတင်ပြင်ဆင်ထားစေပြီး ဆောင်ရွက်ပါတယ်။ နောက်ပြီး ကျောင်းတွေမှာ ကျောင်းသားဦးရေအရ လိုအပ်မယ့် လက်ဆေးဘေစင်၊ အမှိုက်ပုံး၊ ကျောင်းအဝင် ခြောက်ပေခြား စီစဉ်ထားရှိမှု၊ စာသင်ခန်းအတွင်း စာရေးခုံများ လေးပေခြား စီစဉ်ထားရှိခြင်း စတဲ့ ကိုဗစ် – ၁၉ ဆိုင်ရာ အချက်အလက်များအရ စီစဉ်ဆောင်ရွက်စေပါတယ်။ ကျောင်းရှိ စာသင်ခန်း၊ စာသင်ခုံ ပရိဘောဂ၊ ဆရာ ဆရာမဦးရေ လိုအပ်ချက်အရ တစ်ချိန်တက်ကျောင်း ၆၅၄ ကျောင်း၊ နှစ်ချိန်တက်ကျောင်း ၂၀၅ ကျောင်း တက်ရောက်ဖို့ စီမံဆောင်ရွက်ခဲ့ပါတယ်။

**မေး။** အခုလို ကျောင်းတွေဖွင့်လှစ်ဖို့ ဆောင်ရွက်တဲ့အခါမှာ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် ဘယ်လိုထည့်သွင်းစဉ်းစား ဆောင်ရွက်ခဲ့တယ်ဆိုတာကိုလည်း ပြောပြပေးပါဦး။

**ဖြေ။** ကျောင်းတွေမဖွင့်ခင်မှာ ဆရာ ဆရာမတွေကို ကိုဗစ်–၁၉ ကာကွယ်ဆေး ဆေးထိုးနှံစေခြင်း၊ ဆေးမထိုးရသေးတဲ့ ဆရာ ဆရာမတွေကိုလည်း နေပြည်တော်ကောင်စီက ဆေးထိုးဖို့ စီစဉ်ဆောင်ရွက်ပေးခြင်းတွေကို လုပ်ဆောင်ပေးပါတယ်။ Mask၊ Face Shield၊ Thermometer တွေကို ကျောင်းသားဦးရေအရ ဖြန့်ဝေပေးထားရေး၊ ဖျားနာသူတွေကို သီးသန့်ခွဲထားရေး၊ သီးသန့်ခန်းတွေကို သွားရာမှာလည်း စာသင်ခန်းတွေအတွင်းက ဖြတ်သန်းသွားခြင်း မပြုရေးနဲ့ ကြိုတင်သတ်မှတ်ထားတဲ့ အတိုဆုံးလမ်းကြောင်းနဲ့ ခေါ်ဆောင်ဖို့ စီစဉ်ထားရှိမှု ရှိ/မရှိ ကိုလည်း ဆောင်ရွက်စေပါတယ်။ နောက်ပြီး ကိုဗစ်ရောဂါသံသယဖြစ်ပါက ဆက်သွယ်ရမယ့် (ဆေးရုံ၊ ဆေးခန်း၊ ဆရာဝန်၊ သူနာပြု၊ အရေးပေါ်ကား၊ အုပ်ချုပ်ရေးမှူး) စတဲ့ အမည်စာရင်းနဲ့ ဖုန်းနံပါတ်တွေကို ရယူထားဖို့၊ သန့်ရှင်းရေးပြုလုပ်ဖို့နဲ့ ပိုးသတ်သန့်စင်ခြင်းပြုလုပ်ဖို့အတွက် လိုအပ်တဲ့ပစ္စည်းတွေ စုဆောင်းထားရှိစေခြင်းကိုလည်း ကြီးကြပ်ဆောင်ရွက်ပေးပါတယ်။


ဒုတိယညွှန်ကြားရေးမှူး(ပညာ) ဒေါ်မြင့်မြင့်ခိုင်

**မေး။** အခုစာသင်နှစ်မှာ နိုင်ငံတော်အစိုးရအနေနဲ့ ကျောင်းသား ကျောင်းသူတွေအတွက် ထောက်ပံ့ပေးမှုတွေကိုလည်း ပြောပြပေးစေလိုပါတယ်။

**ဖြေ။** အခုစာသင်နှစ်မှာ နိုင်ငံတော်အစိုးရအနေနဲ့ ကျောင်းသား ကျောင်းသူတွေကို တစ်ဦးလျှင် ကျောင်းသုံးပုံနှိပ်တစ်စုံ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ဘောပင် နှစ်ချောင်း၊ ခဲတံ၊ Mask၊ Face Shield တွေကို ထောက်ပံ့ပေးထားပါတယ်။

**မေး။** ကျောင်းတွေပြန်ဖွင့်တဲ့အခါမှာ ကျောင်းသန့်ရှင်းသာယာရေး၊ ကျောင်းဥပမိရုပ် ကောင်းမွန်စေရေးနဲ့ ကျောင်းပရိဘောဂပစ္စည်းတွေ စုံလင်စွာရှိစေရေးအတွက် ဆောင်ရွက်ခဲ့မှုအခြေအနေတွေကိုလည်း သိလိုပါတယ်။

**ဖြေ။** ကျောင်းတွေပြန်ဖွင့်တဲ့အခါမှာ ကျောင်းသန့်ရှင်းသာယာရေးအတွက် ကျောင်းမဖွင့်ခင် မေ ၃ ရက်က စတင်ပြီး ပညာရေးဝန်ထမ်းတွေက ကျောင်းဝင်းအတွင်းနဲ့ ရပ်မိရပ်ဖ၊ ကျောင်းသားမိဘတွေက ကျောင်းအပြင်သန့်ရှင်းရေးကို ပူးပေါင်းဆောင်ရွက်ပါတယ်။ ကျောင်းဥပမိရုပ်ကောင်းမွန်စေရေးအတွက် ကျောင်းဥပမိရုပ်ညံ့တဲ့ ကျောင်းတွေကို ဆေးသုတ်စေခြင်း၊ စာသင်ခုံလိုအပ်တဲ့ကျောင်းတွေအတွက် စာရေးခုံအစုံ ၁၅၂၅၄ စုံ ဖြန့်ဝေပေးခြင်း၊ ပရိဘောဂပစ္စည်းများ ဖြန့်ဝေပေးခြင်း၊ အခြေခံပညာကျောင်းပေါင်း ၇၅၇ ကျောင်းရှိ ဆရာ ဆရာမများအတွက်လည်း သန့်စင်ခန်းတွေ ဆောက်လုပ်ပေးခဲ့ပါတယ်။ အခြေခံပညာအထက်တန်းကျောင်းအတွက် သုံးခန်းတွဲ တစ်လုံး၊ အခြေခံပညာအလယ်တန်းကျောင်းအတွက် နှစ်ခန်းတွဲ တစ်လုံး၊ အခြေခံပညာ မူလတန်းကျောင်းအတွက် တစ်ခန်းတွဲ တစ်လုံးတို့ကို ဆောက်လုပ်ပေးခဲ့ပါတယ်။

**မေး။** ကျောင်းသား ကျောင်းသူတွေ ကိုဗစ် – ၁၉ ရောဂါ မဖြစ်ပွားစေရေးနဲ့ ကြိုတင်ကာကွယ်နိုင်ဖို့ ဆရာမကြီးတို့အနေနဲ့ ဘယ်လိုညွှန်ကြားချက်မျိုး ထုတ်ပြန်ပေးထားပါသလဲ။

**ဖြေ။** ကျောင်းသား ကျောင်းသူတွေကို ကိုဗစ်–၁၉ ရောဂါ မဖြစ်ပွားရေးနဲ့ ကြိုတင်ကာကွယ်နိုင်ဖို့အတွက် ကျောင်းတွေ ပြန်လည်ဖွင့်လှစ်ချိန်မှာ ကိုဗစ်–၁၉ ရောဂါ ကာကွယ်တားဆီးရေး စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေ ဆန်းစစ်ပုံစံ “Readiness Assessment Checklist (Version – 4)” နဲ့ ကျောင်းတွေကို စစ်ဆေးခဲ့ပြီး လိုအပ်တာတွေကို ပြန်လည်ပြင်ဆင်စေခြင်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ကျောင်းသို့ မလာမီနဲ့ ကျောင်းပို့ချိန်၊ ကျောင်းချိန်အတွင်းဖြစ်တဲ့ မုန့်၊ ထမင်းစားနားချိန်၊ ကျောင်းဆင်းချိန်တို့မှာ မိဘ၊ ဆရာနဲ့ ကျောင်းသားများ လိုက်နာရမယ့်အချက်တွေ (Version – 1.1,1.3) နဲ့ ကြိုတင်အသိပေးပြီး လိုက်နာဆောင်ရွက်စေဖို့အတွက် ဗီနိုင်းတွေနဲ့ အသိပေးထားရှိခြင်း၊ ကျောင်းသားတွေကို Hand Speaker နဲ့ တစ်ရက်ကို ငါးချက် အနည်းဆုံး ပြောစေပြီး လိုက်နာဆောင်ရွက်စေဖို့ ပြုလုပ်ပေးပါတယ်။

**မေး။** အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နှံရေးသီတင်းပတ်အတွင်း ကျောင်းမအပ်နိုင်ခဲ့တဲ့ ကျောင်းသား ကျောင်းသူတွေအတွက် အထူးအစီအစဉ်နဲ့ကျောင်းချိန်အတွင်း ကျောင်းအပ်နိုင်ဖို့ ဘယ်လိုအစီအစဉ်တွေနဲ့ဆောင်ရွက်ပေးနေတယ်ဆိုတာ သိပါရစေ။

**ဖြေ။** အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နှံရေးသီတင်းပတ်အတွင်း ကျောင်းမအပ်နိုင်ခဲ့တဲ့ ကျောင်းသား ကျောင်းသူတွေအတွက် ကျောင်းကိုလာဖို့၊ ကျောင်းအပ်နှံကြဖို့ အကြောင်းကြားခြင်းများ ဆောင်ရွက်စေပါတယ်။ ကျောင်းချိန်အတွင်း ကျောင်းအပ်နှံလက်ခံရေးအတွက် သီးခြားအဖွဲ့ဖွဲ့ပြီး လက်ခံဆောင်ရွက်စေပါတယ်။ အခုအချိန်အထိလည်း တစ်နေ့ကို ကျောင်းသား ကျောင်းသူ ၃၀၀၀ အထက် အပ်နှံနေကြပါတယ်။ ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်က မတ်လ ကျောင်းသားစာရင်းမှာ ၂၀၇၂၈၂ ဦးဖြစ်ပြီး အခု ၂၀၂၂ ခုနှစ် မေ ၁၄ ရက်အထိ ကျောင်းအပ်နှံပြီး ကျောင်းသားဦးရေ ၁၇၃၈၆၃ ဦးရှိလာပြီး ရာခိုင်နှုန်းအားဖြင့် ၈၄ ရာခိုင်နှုန်းရှိခဲ့ပြီဖြစ်ပါတယ်။

**မေး။** ကိုဗစ်–၁၉ ရောဂါကြောင့် ကျောင်းတွေ ခေတ္တပိတ်ထားခဲ့ရတဲ့အတွက် ကျောင်းတစ်နှစ်နားခဲ့ရတဲ့ ကျောင်းသား ကျောင်းသူတွေကို အခုပညာသင်နှစ်မှာ ဘယ်လိုအစားထိုး ဆောင်ရွက်ပေးနေပါသလဲ။ ကျောင်းသင်ရိုးအပြောင်းအလဲရှိရင်လည်း သိလိုပါတယ်။

**ဖြေ။** ကိုဗစ်–၁၉ ရောဂါကြောင့် ကျောင်းတစ်နှစ်နားခဲ့ရတဲ့ ကျောင်းသား ကျောင်းသူတွေအတွက် အခုပညာသင်နှစ်မှာ အသက်(၆)နှစ်ကလေးတွေကို Grade – 1 အတန်းမှာ ပညာသင်ကြားစေပါတယ်။ သင်ရိုးအပြောင်းအလဲမရှိပါဘူး။ ၂၀၂၂ ခုနှစ် ဇွန် ၁ ရက်မှ ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်အထိ စာသင်နှစ်တစ်နှစ် လျာထားပါတယ်။ ဇူလိုင်လမှာ အခန်းဆုံးစစ်ဆေးခြင်း တစ်ကြိမ်၊ အောက်တိုဘာလမှာ ပထမနှစ်ဝက်စစ်ဆေးခြင်း တစ်ကြိမ်၊ ဒီဇင်ဘာလမှာ အခန်းဆုံးစစ်ဆေးခြင်း တစ်ကြိမ်၊ ဖေဖော်ဝါရီလမှာ နှစ်ဆုံးစစ်ဆေးခြင်း တစ်ကြိမ် စုစုပေါင်း လေးကြိမ် စစ်ဆေးအကဲဖြတ်ပြီး တစ်နှစ်တာပညာသင်မှု ပြီးဆုံးစေမှာ ဖြစ်ပါတယ်။ ပညာသင်ကာလကို ပုံမှန်ဆောင်ရွက်ပြီး သတ်မှတ်သင်ရိုးညွှန်းတမ်းတွေ၊ သတ်မှတ်စာသင်ချိန်တွေအတိုင်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။

**မေး။** ကျောင်းသား ကျောင်းသူတွေ ကျောင်းသွား၊ ကျောင်းပြန် အဆင်ပြေချောမွေ့စေဖို့ ဆောင်ရွက်ထားတဲ့အခြေအနေတွေကိုလည်း သိလိုပါတယ်။

**ဖြေ။** ကျောင်းသား ကျောင်းသူတွေ ကျောင်းသွား၊ ကျောင်းပြန် အဆင်ပြေချောမွေ့စေဖို့ ဆောင်ရွက်ထားတဲ့ အခြေအနေတွေကတော့ အဝေးကနေ ကျောင်းတက်ရတဲ့ ကျောင်းသား ကျောင်းသူတွေအတွက် School Bus ၉၉ စီးနဲ့ကျောင်းတက်ဖို့ စီစဉ်ထားပါတယ်။ ကားစီးတဲ့အခါမှာလည်း ကိုဗစ်–၁၉ တားဆီးရေးဆိုင်ရာ စည်းကမ်းချက်တွေနဲ့အညီ ထိုင်ခုံနေရာ သတ်မှတ်ပေးပြီး ထိုင်ခုံနေရာတွေကို မှတ်ပုံတင်စနစ်နဲ့ စီးနင်းစေပါတယ်။ ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်တွေ လိုက်နာဆောင်ရွက်ရမယ့်အချက်တွေ လိုက်နာနိုင်ရေးအတွက် သတ်မှတ် Version များနဲ့ ကြီးကြပ်ဆောင်ရွက်သွားစေမှာ ဖြစ်ပါတယ်။

**မေး။** ဆရာ ဆရာမတွေနဲ့ ကျောင်းသား ကျောင်းသူတွေ ဘေးအန္တရာယ်ကင်းရှင်းစွာ ကျောင်းတက်နိုင်ဖို့ လုံခြုံရေးအစီအမံတွေကို ဘယ်လိုဆောင်ရွက်ပေးထားပါသလဲ။

**ဖြေ။** ဆရာ ဆရာမတွေနဲ့ ကျောင်းသား ကျောင်းသူတွေ ဘေးအန္တရာယ် ကင်းရှင်းစွာ ကျောင်းတက်နိုင်ဖို့ လုံခြုံရေးအစီအမံတွေကို နေပြည်တော်ကောင်စီက ကျောင်းအလိုက် လုံခြုံစိတ်ချစွာ ပညာသင်ကြားနိုင်ဖို့ စီမံဆောင်ရွက်ပေးပါတယ်။ အရေးပေါ်အခြေအနေအရ လိုအပ်ချက်တင်ပြတောင်းရင်လည်း နေပြည်တော်ကောင်စီက ချက်ချင်းဆောင်ရွက်ပေးပါတယ်။ အချို့ ဆရာ ဆရာမတွေအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖတွေ ပူးပေါင်းပြီး လုံခြုံရေးအစီအမံတွေနဲ့ ဆောင်ရွက်ပေးနေပါတယ်။ နေပြည်တော်မှာ အခြေခံပညာကျောင်းပေါင်း ၇၅၇ ကျောင်းအတွက် နေပြည်တော်ကောင်စီက နယ်မြေအလိုက် လုံခြုံရေးကို တာဝန်ယူဆောင်ရွက်ပေးဖို့ စီမံထားပါတယ်။

**မေး။** ဆရာ ဆရာမတွေ သင်ကြားရေးစွမ်းရည် တိုးတက်စေဖို့အတွက် မွမ်းမံသင်တန်း များဖွင့်လှစ်ပေးခဲ့တာရှိရင်လည်း သိလိုပါတယ်။

**ဖြေ။** ဆရာ ဆရာမတွေ သင်ကြားရေးစွမ်းရည် တိုးတက်စေဖို့အတွက် မွမ်းမံသင်တန်းတွေအနေနဲ့ အထက်တန်းကျောင်းအုပ်ကြီးများ စွမ်းရည်မြှင့်သင်တန်း၊ အလယ်တန်းကျောင်းအုပ်ကြီးများ စွမ်းရည်မြှင့်သင်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများ စွမ်းရည်မြှင့်သင်တန်း၊ အထက်တန်းပြ၊ အလယ်တန်းပြနဲ့ မူလတန်းပြ ဆရာ ဆရာမတွေအတွက် မွမ်းမံသင်တန်းတွေကို ယခုနှစ်နွေရာသီမှာ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါတယ်။

စာမျက်နှာ ၁၂ သို့ ○

တွေ့ဆုံမေးမြန်း – ရဲကိုကို
ဓာတ်ပုံ – အောင်သန့်

# ဇွန် ၁၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၂၅ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၅-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၄-၆-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၁၅-၆-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၃,၁၉၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၂၅)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၅၄,၂၅၂) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၆,၀၅၁) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၃၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၃,၁၀၄) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၁၅-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၃၆၉) ခု | (၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၉၆) ခု | (၉) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၇) ခု | (၄) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၃၉) ခု | - |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀) | (၁၉) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၂၄) ခု | (၁၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၉၂) ခု | (၅၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၂၉၃) ခု | (၁၃၉) ဦး |
| **စုစုပေါင်း** | **(၃,၁၉၉) ခု** | **(၂၂၅) ဦး** |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၃၃၅၃၄၉ | ၂၈၄၃၈၀၄၁ | ၆၁၅၂၄၂ |
| ၂။ | အိန္ဒိယ | ၂၉၅၉၆၇၇၄ | ၂၈၃၁၂၃၈၂ | ၃၇၇၀၆၁ |
| ၃။ | ဘရာဇီး | ၁၇၄၅၄၈၆၁ | ၁၅၈၅၄၂၆၄ | ၄၈၈၄၀၄ |
| ၄။ | ပြင်သစ် | ၅၇၄၁၃၅၄ | ၅၄၉၈၅၉၆ | ၁၁၀၄၅၄ |
| ၅။ | တူရကီ | ၅၃၃၆၀၇၃ | ၅၂၀၆၈၃၆ | ၄၈၇၉၅ |
| ၆။ | ရုရှား | ၅၂၃၆၅၉၃ | ၄၈၁၈၂၄၄ | ၁၂၇၁၈၀ |
| ၇။ | ဗြိတိန် | ၄၅၇၃၄၁၉ | ၄၂၈၉၇၇၈ | ၁၂၇၉၀၇ |
| ၈။ | အီတလီ | ၄၂၄၅၇၇၉ | ၃၉၆၀၉၅၁ | ၁၂၇၀၃၈ |
| ၉။ | အာဂျင်တီးနား | ၄၁၄၅၄၈၂ | ၃၇၄၈၇၉၄ | ၈၆၀၂၉ |
| ၁၀။ | ကိုလံဘီယာ | ၃၇၇၇၆၀၀ | ၃၅၁၀၇၀၉ | ၉၆၃၆၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၉၂၇၇၀၈ | ၁၇၅၇၆၄၁ | ၅၃၂၈၀ |
| ၂။ | ဖိလစ်ပိုင် | ၁၃၂၇၄၃၁ | ၁၂၄၆၄၀၅ | ၂၂၉၆၃ |
| ၃။ | မလေးရှား | ၆၆၇၈၇၆ | ၅၉၃၆၉၅ | ၄၀၆၉ |
| ၄။ | ထိုင်း | ၂၀၂၂၆၄ | ၁၅၇၉၄၄ | ၁၄၈၅ |
| ၅။ | မြန်မာ | ၁၄၆၀၅၁ | ၁၃၃၁၀၄ | ၃၂၄၈ |
| ၆။ | စင်ကာပူ | ၆၂၃၁၅ | ၆၁၈၉၄ | ၃၄ |
| ၇။ | ကမ္ဘောဒီးယား | ၃၉၄၆၄ | ၃၃၅၇၁ | ၃၆၁ |
| ၈။ | ဗီယက်နမ် | ၁၁၀၀၂ | ၄၅၃၈ | ၅၉ |
| ၉။ | လာအို | ၂၀၂၅ | ၁၉၀၅ | ၃ |
| ၁၀။ | ဘရူနိုင်း | ၂၄၈ | ၂၃၉ | ၃ |

○ စာမျက်နှာ ၁၁ မှ

**မေး။** နေပြည်တော်ကောင်စီ နယ်မြေအတွင်းမှာရှိတဲ့ အခြေခံပညာကျောင်းတွေရဲ့ လက်ရှိကျောင်းတက်ရောက်နေတဲ့ ကျောင်းသားကျောင်းသူ နောက်ဆုံးစာရင်းနဲ့ ကျောင်းတက်ရောက်မှု ရာခိုင်နှုန်းကိုလည်း သိပါရစေ။

**ဖြေ။** နေပြည်တော်ကောင်စီနယ်မြေအတွင်းမှာရှိတဲ့ အခြေခံပညာကျောင်းတွေမှာ လက်ရှိကျောင်းတက်ရောက်နေတဲ့ ကျောင်းသားကျောင်းသူ စာရင်းအနေနဲ့ကတော့ ဇွန် ၁၄ ရက်အထိ ၁၅၄၃၄၁ ဦးဖြစ်ပြီး ကျောင်းတက်ရာခိုင်နှုန်းကတော့ ၈၉ ရာခိုင်နှုန်းဖြစ်ပါတယ်။ အခြေခံပညာကျောင်းပေါင်း ၇၅၇ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၂၈ ကျောင်း၊ ကိုယ်ပိုင်ကျောင်းပေါင်း ၇၄ ကျောင်း စုစုပေါင်း ၈၅၉ ကျောင်းရှိပါတယ်။

**မေး။** ဆရာမကြီးအနေနဲ့ ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေအတွက် ဖြည့်စွက်အမှာစကားလေး ပြောကြားပေးစေလိုပါတယ်။

**ဖြေ။** ဆရာ ဆရာမတွေနဲ့ ကျောင်းသား ကျောင်းသူတွေကို မှာကြားလိုတာကတော့ ဆရာ ဆရာမတွေဟာ နိုင်ငံ့ဝန်ထမ်းတွေဖြစ်တဲ့အတွက် ကျောင်းသားတွေရဲ့ဘဝတိုးတက်စေဖို့ စေတနာ၊ ဝါသနာ၊ အနစ်နာအပြင် ကျောင်းသား ကျောင်းသူတွေ ယဉ်ကျေးလိမ္မာတဲ့ကလေးတွေ၊ သူတစ်ပါးအပေါ် နားလည်စာနာတတ်တဲ့ ကလေးတွေဖြစ်အောင်၊ အကျင့်စာရိတ္တကောင်းမွန်တဲ့ ကလေးတွေဖြစ်အောင် နည်းလမ်းကောင်းတွေ နည်းနာတွေပါ ပေးနိုင်ကြစေဖို့ ပြောကြားလိုပါတယ်။ နောက်ပြီး ကျောင်းကို မပျက်မကွက်တက်ရောက်ပေးကြဖို့၊ ကျောင်းကို မရောက်သေးတဲ့ ကျောင်းသားတွေကိုလည်း ပညာသင်ယူမှု အခွင့်အလမ်းမဆုံးရှုံးစေဖို့အတွက် ကျောင်းလာရောက်အပ်နှံပေးကြဖို့ ဆရာ ဆရာမတို့က တိုက်တွန်းပေးကြစေလိုပါတယ်။ ကျောင်းသား ကျောင်းသူတွေကို အထူးမှာကြားလိုတာက ကျောင်းနေအရွယ်မှာ ကျောင်းရောက်ရှိပြီး ပညာသင်ကြားကြဖို့၊ ဆရာ ဆရာမတွေရဲ့ ဆုံးမဩဝါဒကို နာခံကြဖို့၊ သူငယ်ချင်းအချင်းချင်း ရိုင်းပင်းကူညီကြဖို့၊ အနာဂတ်ရဲ့ လူတော်လူကောင်းတွေ ဖြစ်လာကြစေဖို့နဲ့ ကျောင်းရောက်ရှိပြီး ကျောင်းမှန်မှန်တက်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

### ❖ တိုက်စစ်မှူးမှ

မာရီပန်၊ မီနာ စတဲ့ကစားသမားတွေကို ပွဲထုတ်ကာ အာဂျင်တီးနားရဲ့ ကစားကွက်ပုံစံအတိုင်း ၄-၃-၃ မဟာဗျူဟာနဲ့ ပွဲထွက်လာတာဖြစ်ပါတယ်။

အာဂျင်တီးနားအသင်းနဲ့ ချီလီအသင်းတို့ပွဲစဉ်မှာ အာဂျင်တီးနားအသင်းဟာ ပွဲကစားချိန် ၃၃ မိနစ်မှာ ရရှိခဲ့တဲ့ တိုက်စစ်မှူး မက်ဆီရဲ့ အလွတ်တည်ကန်ဘောကနေ ရရှိခဲ့တဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့တာဖြစ်ပြီး ချီလီအသင်းကတော့ ပွဲကစားချိန် ၅၇ မိနစ်မှာ ရရှိခဲ့တဲ့ ပင်နယ်တီသွင်းဂိုးကို အသင်းရဲ့ အားထားရတဲ့ ကစားသမား ဗီဒယ်က သွင်းယူခဲ့ပေမယ့် ဂိုးမဝင်ခဲ့သော်လည်း တိုက်စစ်မှူး ဗာဂတ်က ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့တာကြောင့် ချီလီအသင်းက ချေပဂိုးပြန်လည်ရရှိခဲ့တာဖြစ်ပါတယ်။

**သရေရလဒ်နဲ့သာ ကျေနပ်ခဲ့ရ**

အဲဒီပွဲစဉ်မှာ အာဂျင်တီးနားအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူးမက်ဆီဟာ အာဂျင်တီးနားအသင်းနဲ့အတူ နိုင်ငံတကာသွင်းဂိုး ၇၃ ဂိုးအထိ သွင်းယူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ အာဂျင်တီးနားအသင်းနဲ့ ချီလီအသင်းတို့ဟာ နောက်ထပ်အနိုင်ဂိုးတွေ ထပ်မံဂိုးသွင်းယူနိုင်ခဲ့ခြင်း မရှိတာကြောင့် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်နဲ့သာ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။

ငွေကြယ်





# ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ သုံးသန်းရှိသွားပြီဖြစ်ကြောင်း ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန် ပြောကြား



**ဖနောင်ပင် ဇွန် ၁၅**

ကမ္ဘောဒီးယားနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးသူ သုံးသန်းရှိသွားပြီဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ သုံးသန်းအနက် ၂ ဒသမ ၅၃ သန်းမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်စလုံးထိုးနှံပြီးသူများဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် တရုတ်နိုင်ငံက ထောက်ပံ့ပေးသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဖြင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်ခဲ့ပြီး လက်ရှိတွင် တရုတ်နိုင်ငံက ထုတ်လုပ်သည့် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ဗြိတိန်နိုင်ငံက ထုတ်လုပ်သည့် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတို့ကို အသုံးပြုလျက်ရှိကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၉၅ ဦး ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၃၉၄၆၄ ဦးရှိလာကြောင်း ကမ္ဘောဒီးယား ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

လက်ရှိတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၃၆၁ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၃၃၅၇၁ ဦးရှိကြောင်း ကမ္ဘောဒီးယား ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံး ထုတ်ပြန်ချက်အရ သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# အီရန်နိုင်ငံ၌ ပြည်တွင်းထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် ကြေညာ

**တီဟီရန် ဇွန် ၁၅**

အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအတွက် ပြည်တွင်းထုတ် COVIran Barakat ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် အီရန်နိုင်ငံ ကျန်းမာရေးဝန်ကြီး ဆာအိဒ်နာမာကီက ဇွန် ၁၄ ရက်တွင် ကြေညာခဲ့သည်။

ဘာရာကက်ဖောင်ဒေးရှင်းက ငွေကြေးထောက်ပံ့ပေးထားသည့် အဆိုပါ COVIran Barakat ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အရေးပေါ်အသုံးပြုရန် အတည်ပြုပေးခဲ့ပြီးဖြစ်ကြောင်းလည်း ကျန်းမာရေးဝန်ကြီး နာမာကီက သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်။

COVIran Barakat ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် လက်တွေ့စမ်းသပ်မှုအဆင့်သုံးဆင့်ပြီးမြောက်ခဲ့ပြီဖြစ်ကြောင်းနှင့် လက်တွေ့စမ်းသပ်မှု နောက်ဆုံးအဆင့်တွင် တီဟီရန်၊ ဘူရှား၊ ရှီရက်ဇ်၊ ကာရက်ဂျ်၊ မက်ရှ်ဟက်နှင့် အစ္စဖာဟန် စသည့်မြို့များမှ လူပေါင်း ၂၀၀၀၀ တို့အား လက်တွေ့စမ်းသပ်ခဲ့ကြောင်း တက်စ်နင်သတင်းအေဂျင်စီက သတင်းထုတ်ပြန်ခဲ့သည်။

ထို့ပြင် ကျူးဘားနိုင်ငံနှင့် အီရန်နိုင်ငံ Pasteur အင်စတီကျုတို့ ပူးပေါင်းထုတ်လုပ်သည့် အခြားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်မျိုးကိုလည်း လာမည့်သီတင်းပတ်အတွင်း အရေးပေါ်အသုံးပြုရန် အတည်ပြုပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး နာမာကီ၏ ပြောကြားချက်ကို ကိုးကား၍ တက်စ်နင် သတင်းအေဂျင်စီက သတင်းဖော်ပြခဲ့သည်။

အီရန်နိုင်ငံသည် ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို အသုံးပြုကာ နိုင်ငံတစ်ဝန်းရှိ ပြည်သူ ၄၃၅၄၄၄၅ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အိန္ဒိယနိုင်ငံနှင့် အခြားနိုင်ငံခြောက်နိုင်ငံမှ ခရီးသွားများ ဖိလစ်ပိုင်နိုင်ငံအတွင်း ဝင်ရောက်ခွင့်ပိတ်ပင်မှု ဇွန် ၃၀ ရက်အထိ တိုးမြှင့်

**မနီလာ ဇွန် ၁၅**

ဖိလစ်ပိုင်နိုင်ငံသည် အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ နီပေါနိုင်ငံ၊ အိုမန်နိုင်ငံနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့မှ ဝင်ရောက်လာမည့်ခရီးသွားများအား နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပိတ်ပင်မှုကို ဇွန် ၃၀ ရက်အထိ တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ဟယ်ရီရိုကေးက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံသမ္မတဒူတာတေးက ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု မြင့်တက်နေခြင်းကို ကာကွယ်ရန် အဆိုပါနိုင်ငံများမှ ခရီးသွားများ နိုင်ငံအတွင်း ဝင်ရောက်ခွင့် ပိတ်ပင်ထားမှုကို တိုးမြှင့်သတ်မှတ်ခဲ့ခြင်း ဖြစ်ကြောင်း သမ္မတ၏ပြောရေးဆိုခွင့်ရှိသူ ဟယ်ရီရိုကေးက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံသည် ကနဦးက အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု မြင့်တက်နေသည့်အတွက် အိန္ဒိယနိုင်ငံမှလာရောက်သည့် ခရီးသည်များအား ဖိလစ်ပိုင်နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ကို ဧပြီ ၂၉ ရက်မှ စတင်ကာ ပိတ်ပင်တားမြစ်ခဲ့ခြင်းဖြစ်သည်။

ထို့အတူ အိုမန်နိုင်ငံနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့မှ ပြန်လာသည့် ဖိလစ်ပိုင်နိုင်ငံသား အလုပ်သမားများတွင် အိန္ဒိယနိုင်ငံ၌ တွေ့ရှိခဲ့သည့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု တွေ့ရှိခဲ့ပြီးနောက် အိုမန်နိုင်ငံနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုတို့မှ လာရောက်မည့် ခရီးသွားများကို ဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်ခွင့်ကို မေ ၁၅ ရက်မှ စတင်ကာ ပိတ်ပင်တားမြစ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၃၂၇၄၃၂ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၂၉၆၃ ဦး ရှိကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# အာဖရိကဒေသ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးရရှိရန် ကမ္ဘာ့ဘဏ်နှင့်အာဖရိကသမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်

**အဒစ်အဘာဘာ ဇွန် ၁၅**

အာဖရိကဒေသရှိ နိုင်ငံများမှ နိုင်ငံသားဦးရေ သန်း ၄၀၀ အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရရှိရန် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်နှင့် အာဖရိကသမဂ္ဂ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးစုဆောင်းရေးအဖွဲ့တို့က ယမန်နေ့တွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

အာဖရိကဒေသရှိ နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးစုဆောင်းရေးနှင့်စပ်လျဉ်း၍ ကမ္ဘာ့ဘဏ်အကြီးအကဲ ဒေးဗစ်မာပတ်နှင့် အာဖရိကသမဂ္ဂ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးစုဆောင်းရေးအဖွဲ့တို့အကြား ဆွေးနွေးညှိနှိုင်းပြီးနောက် ယခုဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်။ သက်ဆိုင်ရာနိုင်ငံများအနေဖြင့် ကာကွယ်ဆေးအလုံအလောက်ရရှိနိုင်ရန် သင့်တော်သည့် နည်းလမ်းဖြင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်နှင့် အာဖရိကသမဂ္ဂ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးစုဆောင်းရေးအဖွဲ့တို့က ပြောကြားသည်။ အာဖရိကသမဂ္ဂ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးစုဆောင်းရေးအဖွဲ့အနေဖြင့် မကြာသေးမီက Johnson & Johnson ကာကွယ်ဆေးအလုံးရေ သန်း၄၀၀ကို ဝယ်ယူစုဆောင်းခဲ့သည်။

အာဖရိကဒေသအတွင်းရှိ နိုင်ငံများမှ နိုင်ငံသား ၆၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အာဖရိက ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာမှ ညွှန်ကြားရေးမှူး ဂျွန်အင်ကန်ဆန်က ပြောကြားသည်။

အာဖရိက ဒေသတွင်းသို့ ကာကွယ်ဆေးများရောက်ရှိလာသည့်အချိန်တွင် ဒေသတွင်းရှိ နိုင်ငံများအနေဖြင့် ကာကွယ်ဆေးဖြန့်ဖြူးရေးအပါအဝင် အခြားလိုအပ်သော လုပ်ငန်းများကို တစ်ပြိုင်နက်တည်း ပြီးပြည့်စုံအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အာဖရိကသမဂ္ဂက ပြောကြားသည်။ အာဖရိကဒေသတွင်း၌ ယမန်နေ့က အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၀၄၉၀၃၆ ဦး ရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၁၃၄၈၁၈ ဦးနှင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၄၅၂၄၆၅၁ ဦး ရှိကြောင်း အာဖရိက ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၁၇၇၀၉၉၀၅၀ ဦး

သေဆုံးသူ
၃၈၂၉၂၂၂ ဦး

ပြန်လည်ကျန်းမာလာသူ
၁၆၁၃၀၇၀၆၃ ဦး

# မြို့နယ်အချို့၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများအား ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၅**

မြို့နယ်အချို့၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများအား ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထိုသို့ဖမ်းဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ ဇွန် ၁၄ ရက် နံနက် ၁၁ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် မွန်းလွဲ ၁ နာရီခွဲခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် အင်ပင်ကျေးရွာအုပ်စု ယဒင်ကျေးရွာသို့ရောက်ရှိစဉ် ကြိုတင်သတင်းရရှိထားသည့် အဆိုပါကျေးရွာနေ ဇော်မင်းထွန်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းအား တွေ့ရှိရခြင်းမရှိဘဲ နေအိမ်အတွင်းမှ ပွိုင့် ၃၀၃ ရိုင်ဖယ် ကျည်(မကောင်း) ၁၅ တောင့်နှင့် အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုသည့်ပစ္စည်းများ ရှာဖွေတွေ့ရှိသဖြင့် သိမ်းဆည်းပြီး ပြန်လည်ထွက်ခွာလာစဉ် ညနေ ၆ နာရီခန့်တွင် ကိုင်းကန်ကျေးရွာအနီးအရောက်၌ လက်နက်ကိုင်အကြမ်းဖက်သူအင်အား ၁၅၀ ခန့်က လမ်းဘေးတောအတွင်းမှ တူမီးသေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ ၁၀ မိနစ်ခန့် အကြာတွင် အကြမ်းဖက်သူများ တောအတွင်းသို့ လူစုကွဲထွက်ပြေးသွားခဲ့ပြီး ထိုသို့တိုက်ခိုက်မှုဖြစ်စဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အလားတူ နံနက် ၁၁ နာရီခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ ဆိုင်ကယ်ခိုးမှုမှ ပြစ်မှုကျူးလွန်သူ ကွတ်ခိုင်မြို့ အမှတ်(၇) ရပ်ကွက်နေ ကျန်စီလစ်(၂၃)နှစ် (ဘ)ဦးကျန်ကွမ်ပေါက်၏ ထွက်ဆိုချက်


တရားခံ ကျန်စီလစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်၌ ပစ္စတိုသေနတ်တစ်လက်၊ ၉ မမကျည် ခြောက်တောင့်နှင့် ဓားရှည်တစ်လက်တို့ တွေ့ရှိသိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

အရ ၎င်းနှင့်အတူ ဆိုင်ကယ်ခိုးမှုကျူးလွန်သူများဖြစ်သည့် ဟွမ်ဖျင်(၂၃) နှစ်ပါ ငါးဦးတို့သည် မူဆယ်မြို့ စွမ်စော်ရပ်ကွက် အမှတ်(၁၆၆)နေအိမ်တွင် ငှားရမ်းနေထိုင်ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေခဲ့ရာ အဆိုပါနေအိမ်၌ ဟွမ်ဖျင်ပါ ငါးဦးတို့အား မတွေ့ရှိရဘဲ နေအိမ်အိပ်ခန်းခုတင်အောက်မှ ပစ္စတိုသေနတ် တစ်လက်၊ ၉ မမကျည် ခြောက်တောင့်နှင့် ဓားရှည်တစ်လက်တို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား သိုဝှက်သိမ်းဆည်းထားရှိသူများနှင့် လက်ဝယ်ထားရှိသူအား ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ ဆူပူအကြမ်းဖက်မှုများတွင်ပါဝင်သည့် ပြစ်မှုကျူးလွန်သူများကို ပြစ်ဒဏ်များချမှတ်

**နေပြည်တော် ဇွန် ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများ လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကရင်ပြည်နယ်အတွင်း တရားဥပဒေမဲ့ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များတွင် ပါဝင်မှုကြောင့် ဖမ်းဆီးအရေးယူခံရသူများအား ဘားအံမြို့နယ်တရားရုံးက ပြစ်ဒဏ်များချမှတ်ခဲ့ရာ မေ ၇ ရက်မှ ဇွန် ၃ ရက်အထိ ရာဇသတ်ကြီးပုဒ်မ - ၅၀၅(ခ) အရ အမှု ကိုးမှု၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေအရ စွဲဆိုမှု တစ်မှုတို့ဖြင့် တရားခံကိုးဦးအား အလုပ်နှင့် ထောင်ဒဏ် နှစ်နှစ်စီ ကျခံရန်နှင့် ညမထွက်ရအမိန့် ချိုးဖောက်မှုဖြင့် ရာဇသတ်ကြီး ပုဒ်မ - ၁၈၈ အရ စွဲဆိုမှု ၁၁ မှုမှ တရားခံ ၂၁ ဦးအား အလုပ်မဲ့ထောင်ဒဏ် တစ်လစီ ကျခံရန် ပြစ်ဒဏ်များ အသီးသီးချမှတ်ခဲ့ကြောင်း ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီမှ သိရသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ တရားဥပဒေမဲ့ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များတွင် ပါဝင်မှုကြောင့် ဖမ်းဆီးအရေးယူခံရသူများအား သက်ဆိုင်ရာတရားရုံးအသီးသီးက ပြစ်ဒဏ်များချမှတ်ခဲ့ရာ ဖေဖော်ဝါရီ ၁ ရက်မှ မေ ၁၀ ရက်အထိ ရာဇသတ်ကြီးပုဒ်မ-၁၈၈ အရ ပုသိမ်မြို့နယ်တရားရုံးက တရားခံ ၁၂ ဦးအား အလုပ်နှင့်ထောင်ဒဏ် တစ်လစီ၊ ကျုံပျော်မြို့နယ်တရားရုံးက တရားခံ လေးဦးနှင့် မြောင်းမြမြို့နယ်တရားရုံးက တရားခံနှစ်ဦးတို့အား အလုပ်နှင့်ထောင်ဒဏ် သုံးလစီကျခံရန် အမိန့်ချမှတ်ခဲ့ကြောင်း တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီမှ သိရသည်။

အောင်မျိုး

# စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သူတစ်ဦးအား အကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သူတစ်ဦးအား အကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၄ ရက် မွန်းလွဲ ၃ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီပဲယင်းမြို့နယ်အတွင်း ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် အင်ဘုတ်ကျေးရွာအနီးအရောက်၌ လက်နက်ကိုင် အကြမ်းဖက်သူအင်အား ၆၀ ခန့်က တူမီးသေနတ်၊ လက်လုပ်သေနတ်များ၊ လက်လုပ်မိုင်းများဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်သူများ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းတို့ထွက်ပြေးရာ လမ်းကြောင်းအတိုင်း လိုက်လံဖမ်းဆီးခဲ့ရာ မွန်းလွဲ ၃ နာရီ မိနစ် ၂၀ ခန့်တွင် အင်ဘုတ်ကျေးရွာနှင့် ဆပ်ပြာကျင်းကျေးရွာကြားအရောက် အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သူများက ထပ်မံ ချောင်းမြောင်းတိုက်ခိုက်ခဲ့သည်။ ထိုသို့ တိုက်ခိုက်လာမှုကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်သူများ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး အကြမ်းဖက်သူများထဲမှ ဗန်းမော်နည်းပညာတက္ကသိုလ် GTU စတုတ္ထနှစ်ကျောင်းသား အောင်ဇော်မြင့်(၂၁)နှစ် (ဘ)ဦးမင်းနိုင်အား လက်လုပ်တူမီးသေနတ် သုံးလက်၊ လက်လုပ်မိုင်းနှစ်လုံး၊ ယမ်းတောင့် ၁၇ တောင့်၊ Fuse တစ်ချောင်း၊ ဓားရှည် နှစ်ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိခဲ့သည့် အောင်ဇော်မြင့်အား စစ်ဆေးလျက်ရှိပြီး အကြမ်းဖက်တိုက်ခိုက်ရာတွင် ပါဝင်သူများအား ဖမ်းဆီးရမိနိုင်ရေးနှင့် ပူးပေါင်းပါဝင်ပတ်သက်သူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


သတင်းစဉ်


တရားခံ အောင်ဇော်မြင့်

# မြိတ်၊ ရမည်းသင်းနှင့် ပေါင်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၅**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် မြိတ်မြို့နယ် ကလွင်ကျေးရွာ တက္ကသိုလ်ရပ်ကွက် မြရိပ်ညို (၁၂)လမ်းတွင် သန့်ဇင်ဦး(ခ)နောင်ဖျော့ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ညနေ ၆ နာရီတွင် မြိတ်မြို့ ကန်ကြီးရပ်ကွက် ငါးလုပ်ငန်းဦးစီးဌာန ရုံးလမ်းတွင် မိုးကျော်စိုး(ခ) သားကြီးကို စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ နှင့် လည်းကောင်း၊ အလားတူ ညနေ ၃ နာရီခွဲတွင် မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စု ကုန်းဖောက်ကျေးရွာအနီးတွင် နေကိုလတ် (ခ)နေကို ကို စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈၂ ပြားနှင့် လည်းကောင်း၊ ထို့အတူ ညနေ ၄ နာရီခွဲတွင် မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စု ဘုရားကိုင်ကျေးရွာ


သန့်ဇင်ဦး(ခ)နောင်ဖျော့၊ မိုးကျော်စိုး(ခ)သားကြီးတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ဘုရားကိုင်လမ်းအနီးတွင် ဇေယျာမိုးမြင့်(ခ) ကိုဇင် (ခ)ကိုဇေ ကို စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ နှင့် လည်းကောင်း။

အလားတူ ညနေ ၆ နာရီခွဲတွင် မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာ အင်းလေးမြိုင်ရပ်ကွက် ပုလဲ(၂) လမ်းနေ မျိုးမြင့်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ မျိုးမြင့်ကို မတွေ့ရှိရဘဲ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ နှင့် အိုက်စ် သုည ဒသမ ၁၉ ကီလိုကို လည်းကောင်း၊ ထို့အတူ ည ၇ နာရီတွင် မြိတ်မြို့နယ် ကလွင်ကျေးရွာ ပုလဲဒီပါရပ်ကွက်ရှိ စားသောက်ဆိုင်အနီးတွင် ကျော်အောင်(ခ)ဆူလိုင်မန် ကို စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၀၀ နှင့် လည်းကောင်း၊ ယင်းတို့အား စစ်ဆေးပေါ်ပေါက်ချက်အရ ည ၇ နာရီခွဲတွင် ၎င်းနေထိုင်သည့် မြိတ်မြို့ ရေပုန်းရပ်ကွက် ဘုံပျံကျောင်းလမ်း အခန်းအမှတ်- A1 ရှိ နေအိမ်ခန်းသို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၈၀ ကိုလည်းကောင်း။

**ဥပဒေအရအရေးယူ**

ထို့အတူ ဇွန် ၁၄ ရက် နံနက် ၁၀ နာရီခွဲတွင် ရမည်းသင်းမြို့ ဝါတိုးရပ်ကွက်တွင် ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိသူ မောင်ဆင့်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၃၀ ကိုလည်းကောင်း၊ အလားတူ ထိုနေ့နံနက် ၁၁ နာရီတွင် ပေါင်မြို့နယ် ဇင်းကျိုက်မြို့ ရွာတန်းရှည်ကျေးရွာအနီး သထုံ-မော်လမြိုင်သွားကားလမ်းတွင် ချစ်အေး မောင်းနှင်လာသည့် ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၅၅၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ၁၂-၆-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**One News သတင်းဌာနမှ သတင်းထောက် ဦးသွင်ထူးအောင်**က မေ ၂၁ ရက်က နိုင်ငံရေးပါတီနှင့် UEC တို့တွေ့ဆုံဆွေးနွေးပွဲတွင် လက်ရှိ UEC ဥက္ကဋ္ဌ ဦးသိန်းစိုးက ရွေးကောက်ပွဲဥပဒေချိုးဖောက်ခဲ့သည့် NLD ပါတီကို ဖျက်သိမ်းသည်အထိ လုပ်ဆောင်သွားမည်ဟု ပြောကြားခဲ့ခြင်းကို သတင်းမီဒီယာအချို့က ထုတ်လွှင့်ခဲ့ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ ထိုသို့ လုပ်ဆောင်မှုရှိ၊ မရှိ သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး**က ဖွဲ့စည်းပုံအခြေခံဥပဒေအရသော် လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေအရသော်လည်းကောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရသော် လည်းကောင်း နိုင်ငံရေးပါတီများကို ကြီးကြပ်ရန်၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းမှအစ ပယ်ဖျက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့်လည်း သတ်မှတ်ထားသည့် နိုင်ငံရေးပါတီထူထောင်သည့်နေရာတွင် ဝန်ခံချက်များ၊ လိုက်နာစောင့်ထိန်းရမည့်အချက်များရှိကြောင်း၊ ပုဒ်မ-၁၀ တွင် ထိုသို့ကျူးလွန်သူများကို ပါတီဝင်အဖြစ် မထားရဟုပါရှိကြောင်း၊ နိုင်ငံရေးပါတီများ ရပ်တည်ပိုင်ခွင့်မရှိသည့် ပုဒ်မ-၁၂(က)၊ နည်းဥပဒေ(၁၅)တို့ကို နိုင်ငံရေးပါတီများအနေဖြင့် လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အကယ်၍ ယင်းဥပဒေများကို ကျူးလွန်ခဲ့သည်ရှိသော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ-၄၀၇ တွင်လည်း ပြဋ္ဌာန်းထားကြောင်း၊ နိုင်ငံရေးပါတီဥပဒေ ပုဒ်မ-၁၂(က)၊ နည်းဥပဒေ ၁၅ တို့တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိစေရသည့် ပြစ်မှုများ၊ အချက်အလက်များကို ကျူးလွန်ခဲ့ပါက ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် NLD ပါတီမှမဟုတ် အခြားပါတီများလည်း အဆိုပါအချက်အလက်များကို ကျူးလွန်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်တွေ့ရှိပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ-၄၀၈ အရ နိုင်ငံရေးပါတီအဖြစ်မှ ပယ်ဖျက်ခြင်းခံရမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**One News သတင်းဌာနမှ သတင်းထောက် ဦးသွင်ထူးအောင်**က NLD ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ဇွန် ၁၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သော လွှတ်တော်ကိုယ်စားလှယ်များအပေါ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် တရားဝင်ရပ်တည်ပိုင်ခွင့်မရှိသေးသည့် ပုဂ္ဂိုလ်အဖြစ် သတ်မှတ်ပြီး CRPH၊ NUG၊ PDF တို့တွင် ပါဝင်ပတ်သက်ခြင်းမရှိကြောင်းကို ဖိအားပေးခြိမ်းခြောက် အတင်းအဓမ္မ ခံဝန်ကတိ လက်မှတ်ရေးထိုးမှုများနှင့်ပတ်သက်၍ ရေးသားထားသည်ကို တွေ့ရကြောင်း၊ ယင်းကြေညာချက်နှင့် ပတ်သက်ပြီး မည်သို့ပြောလိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး**က အဆိုပါကြေညာချက်ကို အသေးစိတ်မသိရှိကြောင်း၊ သို့သော်လည်း (CRPH) ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ ဖွဲ့စည်းပြီး ဆောင်ရွက်ရာတွင် အချို့လွှတ်တော်ကိုယ်စားလှယ်အများစုက ထိုအဖွဲ့အစည်းတွင် မပါဝင်သည်ကို တွေ့ရကြောင်း၊ အဆိုပါသက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များတွင် လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့ပါဝင်ခြင်းမရှိသည်ကို သတင်းပို့ထားသည်များရှိသည်ကို သိရကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး စာရင်းမည်မျှရှိသည်ကို လုံခြုံရေးအခြေအနေအရ မသိရကြောင်း၊ ဖိအားပေးမှုများရှိသည်ကို မိမိတို့ UEC



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။

အနေဖြင့် မကြားမိကြောင်း ပြန်လည်ဖြေကြားသည်။

**97 Media မှ သတင်းထောက်ချုပ် ဦးနန္ဒလင်း (ထားဝယ်)**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နောင်လာမည့်ရွေးကောက်ပွဲတွင် PR စနစ်ကျင့်သုံးမည်ဆိုပါက ယင်း PR စနစ်နှင့်ပတ်သက်ပြီး ကြိုတင်ဆောင်ရွက်ထားရှိမှုအခြေအနေကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး**က နောင်လာမည့် ရွေးကောက်ပွဲများတွင် မြန်မာနိုင်ငံနှင့်သင့်လျော်သည့် ရွေးကောက်ပွဲစနစ်အား ပြောင်းလဲကျင့်သုံးနိုင်ရေးကိစ္စကို လက်ရှိတွင် သုံးသပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ ယခုမှ ဆောင်ရွက်နေခြင်းမဟုတ်ကြောင်း၊ ရွေးကောက်ပွဲစနစ်များ ကျင့်သုံးရေးနှင့် စပ်လျဉ်းပြီး ပထမအကြိမ်လွှတ်တော်သက်တမ်းတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦး၏အဆိုကို မဲခွဲဆုံးဖြတ်သည့်နေရာတွင် အများစုထောက်ခံခဲ့သည့်အတွက် အဆိုအောင်မြင်ခဲ့ပြီး အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ်(PRစနစ်) ကျင့်သုံးရေးဆိုင်ရာအဆိုအကောင်အထည်ဖော်ရေးကော်မရှင်ကို ၂၀၁၄ ခုနှစ်၊ ဇွန် ၁၃ ရက်တွင် အမျိုးသားလွှတ်တော်က ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ယင်းကော်မတီက အစီရင်ခံစာတင်သွင်းသည့် အဆင့်အထိ ရောက်ခဲ့ကြောင်း။

လက်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း နောင်ရွေးကောက်ပွဲများတွင် အချိုးကျ ကိုယ်စားပြုစနစ် ကျင့်သုံးနိုင်မည့်အလားအလာနှင့်ပတ်သက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ပထမအကြိမ်တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် လည်းကောင်း၊ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ နိုင်ငံရေးပါတီအများစုက မူအားဖြင့် သဘောတူမှုရှိပြီး အကြံပြုဆွေးနွေးမှုများရှိခဲ့ကြောင်း၊ စာတမ်းများလည်း ပေးပို့ထားသည်များရှိကြောင်း၊ PR စနစ်ကျင့်သုံးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများနှင့် တတ်သိပညာရှင်များ စုပေါင်းဆွေးနွေးပွဲကိုလည်း ကျင်းပရန် စီစဉ်ထားကြောင်း၊ ယင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် ကိုက်ညီသည့် PR ရွေးကောက်ပွဲဒီဇိုင်းများကို သုံးသပ်ဆွေးနွေးကြမည်ဖြစ်ကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း နိုင်ငံတကာတွင် ကျင့်သုံးနေသည့် ရွေးကောက်ပွဲစနစ်များကို လေ့လာဆန်းစစ် ဆွေးနွေးသုံးသပ်လျက်ရှိကြောင်း၊ အကယ်၍ ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးမည်ဆိုပါက လက်ရှိရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်အချို့တို့ကို ပြောင်းလဲမှုဆောင်ရွက်ရမည်ဖြစ်သည့်အတွက် လိုက်လျောညီထွေဖြစ်စေရန် သုံးသပ်ဆောင်ရွက်လျက်ရှိကြောင်း၊ အချိုးကျကိုယ်စားပြုစနစ်၏ အခြေခံသဘောအရ မဲဆန္ဒနယ်ကို ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ပြီး ကိုယ်စားလှယ်အရေအတွက်အား အချိုးကျခွဲဝေသည့် သဘောသာဖြစ်ကြောင်း၊ မဲဆန္ဒနယ်များ သတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ထိုသို့ဆောင်ရွက်ရာတွင်လည်း အခွင့်အာဏာသည် ဥပဒေများအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ဖြစ်သည့်အတွက် ဥပဒေနှင့်အညီ မဲဆန္ဒနယ်များကို ပြင်ဆင်သတ်မှတ်ရန် လိုအပ်ကြောင်း။

နိုင်ငံသားများ၏ ရွေးကောက်ပွဲဆိုင်ရာ အတွေ့အကြုံ၊ ဗဟုသုတနှင့် စာတတ်မြောက်မှုအပေါ်တွင် မူတည်ပြီး နိုင်ငံ၏ ပကတိအခြေအနေနှင့်ကိုက်ညီပြီး ရိုးရှင်းလွယ်ကူသည့်စနစ်ကို ရွေးချယ်ကျင့်သုံးရမည်ဟု သုံးသပ်ပါကြောင်း၊ ရွေးကောက်ပွဲတာဝန်ထမ်းဆောင်ရမည့် ကော်မရှင်အဖွဲ့ခွဲများနှင့် ရွေးကောက်ပွဲဝန်ထမ်းများအတွက် လေ့ကျင့်ပညာပေးအစီအစဉ်များ မဲဆန္ဒရှင်ပြည်သူများအတွက် နိုင်ငံသား အသိပညာပေးအစီအစဉ်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲစနစ် ပြုပြင်ပြောင်းလဲရေးနှင့်စပ်လျဉ်းပြီး ဆက်စပ်ဌာနများ၊ နိုင်ငံရေးပါတီများ၊ တတ်သိပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းပြီး အကောင်းဆုံးဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က ၂၀၂၀ ရွေးကောက်ပွဲတွင် မြို့နယ်အဆင့်အထိ မဲစာရင်းမှားယွင်းမှုများ ရှိနေသည်နှင့်ပတ်သက်၍ လက်ရှိ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ ရွေးကောက်ပွဲတွင် မှားယွင်းမှုဖြစ်စဉ်များတွင် ပါဝင်ခဲ့သည့် ရပ်/ကျေး၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့များကို အရေးယူမှုရှိ၊ မရှိ သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး**က ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေများရှိကြောင်း၊ လွှတ်တော်ရွေးကောက်ပွဲဥပဒေများလည်း ရှိကြောင်း၊ သာမန်အားဖြင့် ရွေးကောက်ပွဲတွင် အပိုင်းနှစ်ပိုင်းရှိကြောင်း၊ တစ်ပိုင်းမှာ ရွေးကောက်ပွဲများတွင် တာဝန်ယူဆောင်ရွက်ရသည့် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ နောက်တစ်ပိုင်းမှာ ရွေးကောက်ပွဲတွင် မဲပေးရသည့် ပြည်သူများအပိုင်းဟု နှစ်ပိုင်းရှိကြောင်း၊ သာမန်အားဖြင့် ဥပဒေ၏သဘောအရ တာဝန်ထမ်းဆောင်ခဲ့သည့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိပုဂ္ဂိုလ်များသည် မိမိ၏လုပ်ငန်းတာဝန်အား သဘောရိုးနှင့် ဆောင်ရွက်ရင်း အမှားအယွင်းရှိပါက ဥပဒေမှ Immunity ပေးထားကြောင်း၊ သို့သော် ရည်ရွယ်ချက်ရှိရှိ ချိုးဖောက်ပါက ကင်းလွတ်ခွင့်ပေးမထားကြောင်း၊ ယင်းအချက်နှစ်ချက်အပေါ်တွင် သုံးသပ်ရမည်ဖြစ်ကြောင်း၊ အလားတူ ဆန္ဒမဲပေးသူများမှာ အခန်း ၁၃ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများ ကျူးလွန်ပါက အဆိုပါဥပဒေများနှင့် ပုဒ်မများပါ အချက်များအတိုင်း ကျူးလွန်ခဲ့သည့်အပေါ် မူတည်ပြီး ဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း၊ ထိုကိစ္စများကိုလည်း သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အဆိုပါအမှုကိစ္စများနှင့် ပတ်သက်၍ ဆောင်ရွက်နေသည့် အခြေအနေများကို ယခင်အပတ် သတင်းစာရှင်းလင်းပွဲများတွင်လည်း ဖြေကြားထားပြီးဖြစ်ကြောင်း၊ ဥပဒေအရ ထောင်ဒဏ်တစ်နှစ်ဖြစ်စေ၊ ဒဏ်ငွေတစ်သိန်း ဖြစ်စေ၊ နှစ်ရပ်လုံးဖြစ်စေ ထိုက်သင့်သည့် ပြစ်ဒဏ်ကျခံနိုင်ကြောင်း၊ သို့သော် လိမ်လည်တိုင်တန်းပါက ထောင်ဒဏ်သုံးနှစ်၊ ဒဏ်ငွေသုံးသိန်းအထိ ပြစ်ဒဏ်ကျခံနိုင်ကြောင်း၊ ယင်းဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က လက်ရှိအခြေအနေအရပ်ရပ်အရ နိုင်ငံရေးပါတီများသည် အများအားဖြင့် အားနည်းနေသည်ကို တွေ့မြင်နေရကြောင်း၊ အားနည်းနေသည့်အခြေအနေတွင် ရှေ့ဆက်သွားမည့် ဒီမိုကရေစီအတွက် ယင်းအားနည်းချက်များဖြစ်လာနိုင်သည့် အနေအထားကို တွေ့မြင်နေရကြောင်း၊ UEC အနေဖြင့် နိုင်ငံရေးပါတီများ အားကောင်းလာစေရန်အတွက် မည်သို့ပံ့ပိုးမှုများ၊ လမ်းညွှန်မှုများ ဆောင်ရွက်ထားသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး**က ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးပါတီများသည် အရေးကြီးကြောင်း၊ နိုင်ငံရေးပါတီများနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အလေးထားကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊

စာမျက်နှာ ၁၇ သို့ ☆

☆ စာမျက်နှာ ၁၆ မှ
ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီများအနေဖြင့် မိမိပါတီ၏ နိုင်ငံရေးအယူဝါဒ၊ ယုံကြည်ချက်အတိုင်း လွတ်လပ်စွာဖြင့် စည်းရုံးဆောင်ရွက်ခွင့်ပေးထားပြီးဖြစ်ကြောင်း၊ အလားတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများနှင့် မကြာခဏ တွေ့ဆုံညှိနှိုင်းဆွေးနွေးပြီး နိုင်ငံရေးပါတီများအား လိုအပ်သည့်အချက်များကို UEC က အကူအညီပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများ၏ စွမ်းဆောင်ရည်နှင့် အရည်အသွေးမြင့်မားရေးအတွက်လည်း တိုက်တွန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အလားတူ ပြီးခဲ့သည့် ရွေးကောက်ပွဲအစည်းအဝေးတွင် ဥက္ကဋ္ဌအနေဖြင့် တိုက်တွန်းခဲ့သည်များလည်းရှိပါကြောင်း၊ နောင်တွင် PR စနစ်ကို ကျင့်သုံးလာသည့်အခါမှာ နိုင်ငံရေးပါတီများ ပို၍အားကောင်းလာစေရန်၊ ခိုင်မာလာစေရန် နိုင်ငံရေးပါတီများအနေဖြင့် ရည်မှန်းချက်၊ ခံယူချက်များ တူညီသည့်အဖွဲ့များ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက ပိုမိုအားကောင်းခိုင်မာလာမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားမှုများရှိကြောင်း၊ သို့သော် ယင်းကိစ္စများသည် နိုင်ငံရေးပါတီအားလုံး၏ လုပ်ပိုင်ခွင့်ဖြစ်၍ အဆိုပါ နိုင်ငံရေးပါတီများ ပိုမိုအားကောင်းလာစေရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က ယခုလတွင် နိုင်ငံရေးပါတီများအား ပြန်လည်စိစစ်နေသည်ကိုတွေ့ရကြောင်း၊ ယင်းသို့ စိစစ်သည့်ကိစ္စသည် မည်သည့်အတွက်စိစစ်ပြီး မည်သို့ဆောင်ရွက်သွားမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး**က နိုင်ငံရေးပါတီများကို ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေအရ သော်လည်းကောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် နည်းဥပဒေအရသော်လည်းကောင်း၊ နိုင်ငံရေးပါတီများကို ကြီးကြပ်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်ဖြစ်ကြောင်း၊ ထိုသို့ တာဝန်ယူဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီများသည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရန် တာဝန်ရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ၄၀၇ ပါအချက်တစ်ချက်နှင့် ငြိစွန်းပါက ဆက်လက်ရပ်တည်ခွင့်မရှိကြောင်း၊ ထို့ကြောင့် ပုဒ်မ-၄၀၈ အရ မှတ်ပုံတင်ခွင့်ပေးနိုင်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပါတီကို ဖျက်ရမည့် တာဝန်လည်းရှိကြောင်း။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ-၃ အရ ပါတီတည်ထောင်ခွင့် တင်ပြသည့် ပါတီတည်ထောင်သည့်သူများသည် ပုဒ်မ-၄ အရ ကိုက်ညီရမည့်သူများလည်း ဖြစ်ရမည်ဖြစ်ကြောင်း၊ ပုဒ်မ-၆ ပါ အချက်များကိုလည်း စောင့်ထိန်းလိုက်နာရမည်ဟုလည်း ဝန်ခံချက်ပါရှိရမည်ဖြစ်ကြောင်း၊ ပါတီဝင်များကို စည်းရုံးရာတွင်လည်း နိုင်ငံရေးပါတီ ပုဒ်မ-၁၀ ပါ အရည်အချင်းများနှင့် ကိုက်ညီသူများကို စည်းရုံးရမည်ဖြစ်ပြီး မကိုက်ညီပါက ပါတီမှ ထုတ်ပယ်ရမည်ဖြစ်ကြောင်း၊ အလားတူ နိုင်ငံရေးပါတီတစ်ခုတွင် နိုင်ငံရေးပါတီ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ-၁၂(က) ပါ အချက်များကိုလည်း တစ်ရပ်ရပ်နှင့်ငြိစွန်းလျှင် နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိဘဲ ဥပဒေပုဒ်မ-၁၂(ခ) အရ ပါတီကို ကော်မရှင်က မှတ်ပုံတင်ခွင့်ပယ်ဖျက်ပြီး ပါတီကို ဖျက်သိမ်းရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၅ တွင်လည်း ထိုအတိုင်းပြဋ္ဌာန်းထားကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့် နိုင်ငံရေးပါတီ


မုံရွာမြို့ ဆောင်ချမ်းသာ ရပ်ကွက်ရှိ စာသင်ကျောင်းအား အကြမ်းဖက် သောင်းကျန်းသူများမှ မီးရှို့ဖျက်ဆီးမှုမှတ်တမ်း


ဖလမ်းမြို့နယ် ကျွင်းရွာရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းတွင် အကြမ်းဖက်သောင်းကျန်းသူများ ဆောင်ထားသော လက်လုပ်မိုင်းပေါက်ကွဲမှုမှတ်တမ်း

မှတ်ပုံတင်ခြင်းဥပဒေများအရ နိုင်ငံရေးပါတီအားလုံးကို တာဝန်ရှိသည်နှင့်အညီ လိုအပ်ချက်များအရ စိစစ်ဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က NLD ပါတီကို ဖျက်သိမ်းနိုင်ခြေရှိသည့်အနေအထားတွင် ယခုလူထုအကြား အပြန်အလှန်ပြောဆိုနေသည်မှာ NLD က အနိုင်ရပါတီဖြစ်ထားသည့်အတွက် လွယ်လွယ်နှင့်ဖျက်သိမ်း၍မရနိုင် ဆိုသည့် အခြေအနေမျိုးပြောဆိုမှုများရှိကြောင်း အဆိုပါကိစ္စနှင့်ပတ်သက်ပြီး UEC အနေဖြင့် မည်သို့တုံ့ပြန်ပြောလိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သီးခြားတုံ့ပြန်ရန်မရှိကြောင်း၊ မိမိတို့အနေဖြင့် တွေ့ရှိချက်များကို ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးစီးသည့် ကော်မရှင်အဖွဲ့ဝင်အားလုံးပါဝင်သည့် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးက ဆုံးဖြတ်ခြင်းဖြစ်ပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**မြန်မာသံတော်ဆင့်သတင်းဌာနမှ အယ်ဒီတာ ဦးကိုကိုကြီး**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဇွန် ၁၀ ရက်တွင် နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အားတောင်းခံခြင်းရှိကြောင်း၊ ယင်းသို့ ပါတီဝင်အင်အား တောင်းခံသည့်နေရာတွင် မပေးသည့် ပါတီများကို ဖျက်သိမ်းခွင့် ရှိ၊ မရှိနှင့် တစ်မြို့နယ်လျှင် လူဦးရေ တစ်ထောင်၊ တစ်တိုင်းပြည်လုံး ဝင်ပြိုင်မည်ဆိုလျှင် တစ်သောင်းဆိုခြင်းနှင့်ပတ်သက်ပြီး သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး**က နိုင်ငံရေးပါတီများ ဥပဒေ၊ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများတွင်လည်း ပါရှိကြောင်း၊ နိုင်ငံရေးပါတီတစ်ခုသည် တစ်နိုင်ငံလုံး စည်းရုံးသည့်ပါတီဖြစ်လျှင် စည်းရုံးသည့် အင်အား တစ်ထောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုတည်းတွင် စည်းရုံးသည့်ပါတီဖြစ်လျှင် အင်အား ၅၀၀ အနည်းဆုံးရှိရမည်ဖြစ်ပြီး အဆိုပါ စာရင်းအား UEC ကို ပေးပို့ထားခြင်းရှိကြောင်း၊ အလားတူ အဆိုပါ အင်အားမှ ပါဝင်သူသေဆုံးခြင်း၊ နုတ်ထွက်ခြင်းများရှိလျှင်သော်လည်းကောင်း၊ နောက်ထပ်နိုင်ငံရေးပါတီဝင်အသစ်များ ထပ်မံစုစည်းရရှိလျှင်သော်လည်းကောင်း၊ UEC ကို နောက်ဆုံးအခြေအနေစာရင်းပေးပို့ရမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် လိုအပ်သည့်အချက်အလက်များ၊ စာရင်းဇယားပြည့်ပြည့်စုံစုံရရှိရန်လိုအပ်ကြောင်း၊ သို့မှသာ ပါတီများမှ ပေးပို့ထားသည့် အင်အားအတိုင်း သတ်မှတ်သည့်အရေအတွက် ရှိ၊ မရှိ သိရှိနိုင်ရန်အတွက် တောင်းခံခြင်းဖြစ်ကြောင်း၊ ယင်းတွေ့ရှိချက်များအပေါ်မူတည်ပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**အမှန်တရားသတင်းဂျာနယ်မှ သတင်းထောက် ဦးတင်နိုင်ထွန်း**က မဲဆန္ဒစာရင်းများနှင့်ပတ်သက်၍ မဲစာရင်းမည်သို့ ပုံဖော်သည်၊ ပါတီများကို မည်သို့ဖျက်သိမ်းမည်၊ မြန်မာနိုင်ငံနှင့် သင့်လျော်သည့် ဒီမိုင်းမျိုးဖော်ဆောင်မည်ဟု ရှေ့တွင် ပြောခဲ့ကြောင်း၊ သိလိုသည်မှာ လာမည့်ရွေးကောက်ပွဲကို မည်သည့်အချိန်တွင် ပြန်လည်ကျင်းပမည်ဆိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး**က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်တွင်လည်း ပါပြီးဖြစ်ကြောင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ဆောင်ရွက်ပြီးသည့်အခါမှာ ခြောက်လအတွင်း ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကို ကျင်းပပေးရမည်ဖြစ်ကြောင်း၊ ယင်းအပေါ်တွင်မူတည်ပြီး သတ်မှတ်သည့် Time Line ပေါ်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**Eleven Media Group မှ သတင်းထောက် ဦးအောင်မင်းသိန်း**က ပထမဆုံးမေးချင်သည်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အပါအဝင် ပြီးခဲ့သည့် အစိုးရလက်ထက်တွင် ထိပ်ပိုင်းတာဝန်ယူခဲ့သူများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူထားသည်ဆိုပြီး ထုတ်ပြန်ထားသည်ကို တွေ့ရကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် (ဟောင်း) ဦးဖြိုးမင်းသိန်းက ထွက်ဆိုခဲ့ကြောင်း၊ လာဘ်ပေး၊ လာဘ်ယူမှုနှင့်ပတ်သက်ပြီး အရေးယူထားမှုကို သတင်းများတွင် ဖော်ပြထားသည်ကို တွေ့ရကြောင်း၊ အလားတူ စေပိုင်ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌသည်လည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကို လာဘ်ပေးခဲ့ရမှုများရှိသည်ကို သတင်းထုတ်ပြန်မှုများ၊ ယခင်သတင်းစာရှင်းလင်းပွဲများတွင် ထုတ်ပြန်ခဲ့မှုများရှိကြောင်း၊ ထိုကိစ္စများတွင် လာဘ်ယူသည့် ပုဂ္ဂိုလ်များကို အရေးယူထားသည်ကို ထုတ်ပြန်ထားကြောင်း၊ လာဘ်ပေးခဲ့သည့်ပုဂ္ဂိုလ်များကိုလည်း အရေးယူမည် သို့မဟုတ် ထိုသူများကို ဥပဒေအရ အရေးယူမှုမရှိဘဲ ကင်းလွတ်ခွင့်ပေးမည်ဆိုသည်ကို သိချင်ကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ နှင့် ပုဒ်မ ၆၃ တို့အရ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် ကိစ္စများတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ စုံစမ်းစစ်ဆေးတွေ့ရှိချက်များအရ ပြစ်မှုထင်ရှားပါက ပုဒ်မ ၅၅ အရ အရေးယူခံရမည့်အမှုများရှိကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး ဆောင်ရွက်လျက်ရှိရာ သက်သေခံချက်များရှိကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေတွင် လာဘ်ပေးသူ၊ လာဘ်ယူသူပါပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပထမရည်မှန်းချက်ဖြစ်သည့် UEC ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းဖြစ်ကြောင်း၊ ထိုသို့ စစ်ဆေးနေရင်း အခြားအကြောင်းအရာများတွေ့လာရသည့်အတွက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သက်သေခံချက်အပြည့်အစုံရရှိသည့်အတွက် ယခုကဲ့သို့ တရားစွဲတင်ခြင်းဖြစ်ကြောင်း၊ တရားစွဲသည့်အချိန်တွင် ဥပဒေ၏အထက်တွင် မည်သူမှမရှိကြောင်း၊ တရားဥပဒေအတိုင်းသာဖြစ်စေရမည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Eleven Media Group မှ သတင်းထောက် ဦးအောင်မင်းသိန်း**က ပြီးခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် တာဝန်ယူခဲ့သည့် ပုဂ္ဂိုလ်တော်တော်များများကို အင်းစိန်ထောင်တွင် ထိန်းသိမ်းထားသည်ဆိုသောသတင်းများ ထွက်ပေါ်နေကြောင်း၊ သတင်းဌာနတစ်ခု၏ အင်တာဗျူးတွင် အစိုးရအဖွဲ့ဝင်များကို တွေ့ခဲ့ရသော်လည်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်(ဟောင်း) ဦးဖြိုးမင်းသိန်းကို ထောင်ထဲတွင် မတွေ့ရဟု ထောင်ထဲမှ ထွက်လာသူများကို အင်တာဗျူးပြီး ရေးထားမှုများကို မိမိတို့အနေဖြင့် ဖတ်ရကြောင်း၊ လက်ရှိအချိန်တွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်(ဟောင်း) ဦးဖြိုးမင်းသိန်းကို မည်သည့်နေရာတွင် ထိန်းသိမ်းထားပြီး၊ မည်ကဲ့သို့ စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်နေသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က တတိယအကြိမ် သတင်းစာရှင်းလင်းပွဲတွင် မိမိ ပြောခဲ့ကြောင်း၊ အကုန်လုံး အင်းစိန်ထောင်ထဲတွင် မဟုတ်ကြောင်း၊ တချို့ဝန်ကြီးဟောင်းများရှိကြောင်း၊ တာဝန်ရှိသူများရှိကြောင်း၊ တချို့မှာ တပ်မတော်ရိပ်သာများတွင် ကောင်းမွန်စွာ ထားလျက်ရှိသည်ကို ပြောခဲ့ပြီးဖြစ်ကြောင်း၊ ဥပမာ- နေပြည်တော်တွင် UEC အဖွဲ့ဝင်များကို တပ်မတော်ရိပ်သာများတွင် ကောင်းမွန်စွာထားရှိသည်ကို ပြောခဲ့ပြီးလည်းဖြစ်ကြောင်း၊ ထိုနေရာများတွင်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**Eleven Media Group မှ သတင်းထောက် ဦးအောင်မင်းသိန်း**က ပြီးခဲ့သည့် အစိုးရလက်ထက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် အဂတိလိုက်စားသည်ဟု နာမည်ထွက်ခဲ့သည့်သူများတော်တော်များများရှိကြောင်း၊ ထိုအထဲတွင် ဝန်ကြီးအဖြစ် တာဝန်ယူခဲ့သည့် ဒေါ်နီလာကျော်ကိုလည်း ယခုအစိုးရတက်လာသည့်အချိန်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူခဲ့မှုကို တွေ့ရကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် (ဟောင်း) ဦးဖြိုးမင်းသိန်း စက်သုံးဆီကိစ္စများ၊ YBS ကိစ္စများ၊ မင်္ဂလာဒုံတွင်ရှိသော စွန့်ပစ်မြေများနှင့်ပတ်သက်ပြီး အဂတိလိုက်စားခဲ့သည်ဆိုပြီး နာမည်ကျော်ကြားခဲ့သည့်ပုဂ္ဂိုလ်လည်းဖြစ်ကြောင်း၊ ၎င်းကို အခြားပုဂ္ဂိုလ်များနည်းတူ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူရန် ရှိ/မရှိ၊ ထိုကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဘက်က စစ်ဆေးမေးမြန်းမှုများ ရှိ/မရှိ မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ဝန်ကြီးချုပ်များနှင့်ပတ်သက်ပြီး စစ်ဆေးမေးမြန်းနေမှုများရှိကြောင်း၊ ထုတ်ပြန်နေမှုလည်းရှိကြောင်း၊ စစ်ဆေးမေးမြန်းစဉ်ကာလနှင့် စစ်ဆေးမမေးမြန်းခင်ကာလကို ကြိုတင်ပြော၍မရကြောင်း၊ တွေ့ရှိချက်များကို ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးချုပ်တိုင်းလည်း အရေးယူခြင်းမဟုတ်ကြောင်း၊ အရေးယူခဲ့သည့် အမှုဖွင့်ခဲ့သည့် ဝန်ကြီးချုပ်များကို ဘာကြောင့်အမှုဖွင့်ခဲ့သည်၊ ဘာကြောင့်အရေးယူခဲ့သည်ကိုလည်း ပွင့်လင်းမြင်သာစွာ ထုတ်ပြန်သွားမည်ကို ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Eleven Media Group မှ သတင်းထောက် ဦးအောင်မင်းသိန်း**က ပြီးခဲ့သည့် အစိုးရအဖွဲ့တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့သည့် ဝန်ကြီးချုပ်တော်တော်များများ ဒေါက်တာဇော်မြင့်မောင် အပါအဝင် တခြားဝန်ကြီးချုပ်များကိုလည်း ယခုအစိုးရလက်ထက်တွင် အရေးယူခဲ့သည်ကို တွေ့ရကြောင်း၊ ထိုအထဲတွင် ထူးထူးခြားခြား ရန်ကုန်တိုင်းဝန်ကြီးချုပ်(ဟောင်း) ဦးဖြိုးမင်းသိန်း တစ်ယောက်သာ မည်သည့်အမှုဖြင့် အရေးယူထားသည်ကို မတွေ့ရကြောင်း၊ **စာမျက်နှာ ၁၈ သို့** ☆

# ဒုတိယအကြိမ်မြောက် အာဆီယံ - တရုတ် “Friendship and Cooperation” ဗီဒီယိုတိုပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် ဇွန် ၁၅**
(၂၀၂၁) ခုနှစ်အား အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့ အကြား ဆွေးနွေးဖက် ဆက်ဆံရေးထူထောင်ခြင်း နှစ် (၃၀)ပြည့် အထိမ်းအမှတ်အဖြစ် Second ASEAN–China “Friendship and Cooperation” ခေါင်းစဉ်ဖြင့် ဗီဒီယိုကားတိုပြိုင်ပွဲအား အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့ရှိ video producers များ၊ Social Media Anchors၊ Vloggers များ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း အသိပေး ထုတ်ပြန်ထားသည်။

အဆိုပါ ဗီဒီယိုကားတိုပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ပြိုင်ပွဲ၏ အဓိကဆိုလိုရင်းဖြစ်သည့် အောက်ပါအကြောင်းအရာများ နှင့်စပ်လျဉ်းသည့် Video clips များကို ပါဝင်ယှဉ်ပြိုင်နိုင်သည်-

(က) Battling COVID–19
(ခ) ASEAN–China Pragmatic Cooperation
(ဂ) Cultural and People–to–People Exchanges
(ဃ) My Favourite City

ပါဝင်ယှဉ်ပြိုင်မည့်သူများသည်

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့ရှိ ပညာရှင် အဆင့် သို့မဟုတ် ဝါသနာရှင်အဆင့် Video Producers များ၊ Social Media Anchors၊ Vloggers များ ပါဝင် ယှဉ်ပြိုင်နိုင်သည်။
(ခ) တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ တစ်ဖွဲ့လျှင် ခေါင်းစဉ် (၃)မျိုးထက် မပိုရ။
(ဂ) ပြိုင်ပွဲဝင် Video format အနေဖြင့် Documentary၊ Interview၊ Talk show စသည်ဖြင့် ပုံစံမျိုးစုံ ယှဉ်ပြိုင်နိုင်သည်။
(ဃ) ပြိုင်ပွဲဝင် Video အား ဘာသာစကားမျိုးစုံဖြင့် ယှဉ်ပြိုင်နိုင်ပြီး အင်္ဂလိပ်ဘာသာ သို့မဟုတ် တရုတ်ဘာသာစကား စာတန်းထိုးထည့်သွင်းရပါမည်။
(င) ပြိုင်ပွဲဝင် Video ဗီဒီယိုကားတိုတစ်ခုလျှင် ကြာချိန် အနည်းဆုံး (၅)မိနစ်မှ (၈) မိနစ်ကြား ရှိရပါမည်။
(စ) Video Resolution သည် 1,280 by 720 pixels၊ MPG, MPEG, AVI, MOV, WMV, MP4 formats နှင့် Landscape mode ဖြစ်ရမည်။

ယှဉ်ပြိုင်သည့် ဗီဒီယိုကားတိုများထဲမှ ရွှေတံဆိပ်ဆုအား USD 18,000၊ ငွေတံဆိပ်ဆုအား USD 12,000၊ ကြေးတံဆိပ်ဆုအား USD 6,000 အသီးသီးဆုချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဗီဒီယိုကားတိုများအား **ACvideocontest@qq.com or asean_video@migu.cn** သို့ (၃၁-၈-၂၀၂၁)ရက်နေ့ နောက်ဆုံး ထား၍ ပေးပို့ရမည်။

ပြိုင်ပွဲနှင့်စပ်လျဉ်းသည့် အချက်အလက်အသေးစိတ်များကို https:// chinareportasean.com/friendship–and–cooperation/ ဟုရိုက်နှိပ်၍ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေး ထုတ်ပြန်ထား သည်။

**သတင်းစဉ်**

# ညောင်တုန်းမြို့၌ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် မိတ်ဆက်ရှင်းလင်းပွဲ ကျင်းပ

**ညောင်တုန်း ဇွန် ၁၅**
ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်၌ နိုင်ငံ တစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်မိတ်ဆက်ရှင်းလင်းပွဲ အခမ်းအနားကို ဇွန် ၁၅ ရက် မွန်းလွဲ ၃ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရား သူကြီးချုပ် ဦးမျိုးညွန့်က အဖွင့်အမှာစကားပြောကြားရာတွင် မှုခင်းများ တွင် အငြင်းပွားမှုများကို မျှတစွာဖြေရှင်းရန်၊ မှုခင်းများကို အချိန်နှင့် တစ်ပြေးညီ စစ်ဆေးစီရင်နိုင်ရန်၊ အမှုလက်ကျန်များနှင့် ကြန့်ကြာနေ သည့်မှုခင်းများလျှော့ချရန်၊ တရားရုံးများအပေါ် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို မြှင့်တင်ရန် စသည့် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြောကြားပြီး ညောင်တုန်း မြို့နယ် တရားသူကြီး ဦးနေစိုးဦးက မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို အသေးစိတ် မိတ်ဆက်ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက မေးမြန်းသည့် မေးခွန်းများ အား ညှိနှိုင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်သည့် ဒုတိယညွှန်ကြား ရေးမှူး ဒေါ်ခင်ချိုထက်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုး နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥပဒေအရာရှိ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် သက်ဆိုင်ရာရဲစခန်းမှ စခန်းမှူးများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# နေပြည်တော်ကျောက်စိမ်းဖီးကြမ်း တစ်သျှူးငှက်ပျောနှင့် သီးမွှေးတစ်သျှူးငှက်ပျော ပျိုးပင်များကို တစ်ပင်လျှင် ကျပ် ၄၀၀ နှုန်းဖြင့် ဝယ်ယူနိုင်

**နေပြည်တော် ဇွန် ၁၅**
ရောဂါကင်းစင်ပြီး ကျန်းမာ သန်စွမ်းသည့် သက်တမ်းတူ၊ အရွယ်တူ ငှက်ပျောပင်များ တစ်ပြိုင်တည်း အမြောက်အမြား ရရှိနိုင်မှုသာလျှင် အထွက်နှုန်း ကောင်းမွန်ပြီး အရည်အသွေး ပြည့်ဝသော ငှက်ပျောသီးထုတ်ကုန် များကို ဖြည့်စွက်စာအနေဖြင့် စားသုံးနိုင်မည်ဖြစ်သည့်အတွက် တပ်မတော် အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ကျောက်စိမ်း ဖီးကြမ်းတစ်သျှူး ငှက်ပျောနှင့် သီးမွှေးတစ်သျှူးငှက်ပျောပင်များ ကို တပ်မတော်အတွင်း၌ ၂၀၁၉ ခုနှစ်ကတည်းက စတင်၍ သုတေသနများ ပြုလုပ်ကာ Tissue Culture ဓာတ်ခွဲခန်းမှ ပျိုးပင်များ မျိုးပွားထုတ်လုပ်ပေး လျက်ရှိသည်။ ထိုသို့ထုတ်လုပ်ပေး ပြီး တိုင်းစစ်ဌာနချုပ်များသို့ ဖြန့်ဖြူး စိုက်ပျိုးလျက်ရှိရာ အောင်မြင်မှု များစွာရရှိပြီး တပ်တွင်းမိသားစု ဖူလုံရုံသာမက ဒေသခံများသို့ပါ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်လျက်ရှိသည်။

တပ်မတော်၏ ကျောက်စိမ်း ဖီးကြမ်းနှင့် သီးမွှေးတစ်သျှူး ငှက်ပျော စိုက်ပျိုးအောင်မြင်မှု နည်းတူပြည်သူများအနေဖြင့်လည်း မိမိတို့ ရေမြေဒေသနှင့် ကိုက်ညီမှု ရှိပါက အောင်မြင်စွာ စိုက်ပျိုးနိုင် ရေးနှင့် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း လူမှု စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ စားသောက်ကုန် ထုတ်လုပ်မှု လုပ်ငန်းများကို တစ်ဖက်တစ်လမ်း က အထောက်အကူပြုနိုင်ရေး အတွက် ကျောက်စိမ်းဖီးကြမ်းနှင့် သီးမွှေးတစ်သျှူး ငှက်ပျောပျိုးပင် များကို တစ်ပင်လျှင် ကျပ် ၄၀၀ နှုန်းဖြင့် တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူး ရောင်းချပေးသွားမည်ဖြစ်သည်။

ပျိုးပင်များဝယ်ယူလိုပါက ဖုန်း- ၀၉-၆၉၅၉၁၁၄၅၅ နှင့် ၀၉-၂၅၆၇၄၄၉၈၁ တို့သို့ ဆက်သွယ် မှာယူနိုင်ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

☆ စာမျက်နှာ ၁၇ မှ

၎င်းသည် အတိုင်ပင်ခံပုဂ္ဂိုလ်ကို လာဘ်ပေးထားသည် ဆိုပြီး ထွက်ဆိုထားသော ပုဂ္ဂိုလ်တစ်ယောက်လည်း ဖြစ်ကြောင်း၊ ၎င်းကိုလက်ရှိအချိန်တွင် ဘာမှမလုပ် သေးသည်ကို ဖြေ၍ရပါက ဖြေပေးစေလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ဥပဒေအရဖြစ်စေ ရမည်ဖြစ်ကြောင်း၊ မည်သူမှ ဥပဒေအထက်တွင် မရှိစေဟုသာပြောလိုကြောင်း၊ စစ်ဆေးမေးမြန်းနေဆဲ အမှုများ၊ လုပ်ဆောင်နေဆဲ ကိစ္စများနှင့်ပတ်သက်ပြီး တရားရုံးက စစ်ဆေးနေသည့်အမှုများ၊ ဆုံးဖြတ်နေဆဲ အမှုများကို မမေးပါနှင့်ဟု ပြောခဲ့သည်များရှိကြောင်း ပြန်လည်ဖြေကြားသည်။

VOM သတင်းဌာနမှ သတင်းထောက် **ဦးမောင်မောင်ထွန်း**က မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စာသင်ကျောင်းနှင့် အဆောက်အအုံများကို ဖျက်ဆီး နေမှုများ၊ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်နေမှုများ သည် အကြမ်းဖက်လုပ်ရပ်များဖြစ်ကြောင်း၊ ထိုကိစ္စ များနှင့်ပတ်သက်ပြီး ပြုစုထားမှုများရှိပါက သိလို ကြောင်း၊ တချို့မီဒီယာများက ထိုကဲ့သို့လုပ်ဆောင်ချက် များသည် တပ်မတော်ကအာဏာသိမ်း၍ ဖြစ်သည် ဟု ပြောဆိုနေမှုများရှိကြောင်း၊ ထိုအချက်အပေါ် ၌ သဘောထားကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က NLD ပါတီဝင်များ၊ NLD ပါတီထောက်ခံသူ အစွန်းရောက်များက ရာဇဝတ်မှုအဖြစ် ကျူးလွန်ခဲ့သော အဖျက်လုပ်ငန်း များရှိကြောင်း၊ ထိုအဖျက်လုပ်ငန်းများကို ဇယား ဖြင့်ဆွဲထားမှုရှိကြောင်း၊ ကျဆုံး၊ သေဆုံး၊ ဒဏ်ရာရ သူစာရင်းများရှိကြောင်း၊ ထိုစာရင်းဇယားများကို ယခုသတင်းစာရှင်းလင်းပွဲပြီးပါက မီဒီယာများကို ပေးလိုက်မည်ဖြစ်ကြောင်း၊ အကြမ်းဖျင်းပြောနိုင် သည်မှာ စာသင်ကျောင်း ၁၉၈ ကျောင်းကို မိုင်းထောင်ခြင်း၊ စာသင်ကျောင်း ၅၀ ကို မီးရှို့ခြင်း၊ အပြစ်မဲ့ပြည်သူ ၁၇၃ ဦး သတ်ဖြတ်ခံရခြင်းများရှိ ကြောင်း၊ ဇယားထဲတွင် ရုံးများ၊ ရဲစခန်းများ၊ ရဲကင်း များ၊ အဆောက်အအုံများကအစ ပါဝင်မည်ဖြစ် ကြောင်း၊ လူများထဲတွင် စွပ်စွဲခံရသည့် လူ၊ ဒလန် အဖြစ် သတ်ဖြတ်ခံရသူ၊ ညှဉ်းပန်းနှိပ်စက်ခံရသည့် သူ စသည်ဖြင့် ခွဲခြားထားမှုများရှိကြောင်း၊ စာရင်း ဇယားအသေးစိတ်ကို ပေးလိုက်မည်ဖြစ်ကြောင်း။

ပြသသွားသည့် ဗီဒီယိုဖိုင်များတွင်လည်း ဖြစ်မှု များကို မည်သူက ကျူးလွန်ခဲ့သည်၊ ကိုယ်တိုင် ကျူးလွန်ခဲ့သည့်သူများ ကိုယ်တိုင်ပြောပြီးဖြစ် ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်အာဏာ ကို ဘာကြောင့် ထိန်းရသလဲဆိုသည်ကို ခဏခဏ ပြောပြီးဖြစ်ကြောင်း၊ မဲလိမ်မဲခိုး၍ အာဏာထိန်းရ ခြင်းဖြစ်ကြောင်း၊ မဲလိမ်မဲခိုးသည်ကို NLD အစိုးရက ဘာကြောင့်မရှင်းရသည့် ကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတကာအမြင်နှစ်ခုကို ပြောချင်ကြောင်း၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ပွန်ပီရို၏ ထုတ်ပြန်ချက် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၉ ရက်က ထုတ်ပြန်ခဲ့မှုရှိကြောင်း၊ ထိုစာသည် မြန်မာနိုင်ငံ ရွေးကောက်ပွဲဖြစ်စဉ်နှင့်ပတ်သက်ပြီး ပုံမှန်မဖြစ် သည့်ကိစ္စများရှိနေသောအကြောင်းနှင့် အပြန်အလှန် စွပ်စွဲမှုများကိုဖြေရှင်းရာတွင် ပွင့်လင်းမြင်သာစွာနှင့် ညင်သာစွာဖြင့် တာဝန်ရှိသူများအားလုံးက ဖြေရှင်း ကြရန်ဟု ပြောခဲ့မှုရှိကြောင်း။

နောက်တစ်ခုမှာ အဓိက နိုင်ငံခြားမီဒီယာတစ်ခု ဖြစ်သည့် NIKKEI Asia က ၂၀၂၁ ခုနှစ် ဇွန် ၁ ရက် တွင် သတင်းရေးထားမှုရှိကြောင်း၊ ထိုအထဲက ထုတ်ပြန်ချက်တစ်ခုကို ပြောလိုကြောင်း၊ တစ်မှာ “တပ်မတော် အာဏာမထိန်းခင်အချိန်က ဒေါ်အောင်ဆန်းစုကြည်သည် အဘယ့်ကြောင့် မဲလိမ် မဲခိုးမှုများကို တပ်မတော်က ဖြေရှင်းပေးရန် အကြိမ်ကြိမ် တရားဝင်တောင်းဆိုပါလျက် ငြင်းခဲ့ သည်မှာ တပ်မတော် အာဏာသိမ်းယူခြင်းကိစ္စ၏ အကြီးမားဆုံးပဟေဠိဖြစ်ပါသည်။ ထို့ကြောင့် ဤကာလတွင် ဖြစ်ပျက်နေသော အခြေအနေနှင့် သေဆုံးမှုများအတွက် ဒေါ်အောင်ဆန်းစုကြည်သည် တာဝန်မကင်းဟု ဆိုရပေမည်” ဟု NIKKEI Asia အယ်ဒီတာချုပ်အာဘော်တွင် သုံးသပ်ထားကြောင်း၊ အစိုးရပိုင်းက မိမိတို့အတွေးဖြင့် အကြောင်းပြချက် များ ငြင်းနေ၊ ပြောနေပါက မိမိတို့၏အာဘော်များသာ ဖြစ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံခြားအာဘော် နှစ်ခုကို ထောက်ပြခြင်းဖြစ်ကြောင်း၊ ၎င်းတို့သည် မည်သည့်ဘက်က ရေးနေသည့်သူ၊ မည်သည့်ဘက်က ရှိနေသည့်သူများဆိုသည်ကို အကုန်သိပြီးဖြစ် ကြောင်း၊ ထိုသူများကိုယ်တိုင် ဤကဲ့သို့ ဝေဖန်ခဲ့သည် ကို ပြောကြားလိုကြောင်း ပြန်လည်ဖြေကြားသည်။

(ဆက်လက်ဖော်ပြပါမည်)





ဖြူးမြို့နယ်ရှိ အခြေခံပညာအလယ်တန်းကျောင်းအား အကြမ်းဖက်သောင်းကျန်းသူများမှ မီးရှို့ဖျက်ဆီးမှုမှတ်တမ်း

# ရာသီမရွေးသွားလာနိုင်သော လမ်းများကြောင့် ကျေးလက်နှင့်မြို့ပြ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေမည့် ရှမ်းပြည်နယ်ဆီ

ထက်လျှို

တောတောင်၊ လျှိုမြောင်၊ စိမ့်စမ်းတို့ဖြင့် သာမောဖွယ်ကောင်းလှသော ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အကြီးဆုံးနှင့် အကျယ်ဝန်းဆုံး ပြည်နယ်ဟု ဆိုရပေမည်။ ရှမ်းလူမျိုးများသာမက အခြားတိုင်းရင်းသားများပါ ရောနှောနေထိုင်သည့်အတွက် ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ များပြားသည့် ပြည်နယ်တစ်ခုဖြစ်သည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် နေထိုင်ကြသော ကျေးလက်နေလူဦးရေသည် ၁၉ သိန်းကျော်ရှိပြီး လားရှိုးခရိုင်၊ မူဆယ်ခရိုင်၊ မိုးမိတ်ခရိုင်၊ ကျောက်မဲခရိုင်နှင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ မြို့နယ် ၁၉ မြို့နယ်အတွင်း သွားလာရလွယ်ကူစေရန် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လူသွားလမ်း၊ ဆိုင်ကယ်လမ်း၊ လှည်းလမ်းမျှသာရှိသော မြေသားလမ်းအခြေအနေမှ ရာသီမရွေးသွားလာနိုင်သည့် ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ ကျောက်ချောလမ်း၊ အမာခံလမ်းများအဖြစ်လည်းကောင်း၊ ဒေသဖြစ်ဝါးတံတား၊ သစ်သားတံတားများမှ သဘာဝဘေးဒဏ်ခံနိုင်သော သံကူကွန်ကရစ်တံတားများအဖြစ်လည်းကောင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ နှစ်စဉ် အဆင့်မြှင့်တင် ဖောက်လုပ်ပေးလျက်ရှိသည်ကိုလည်း တွေ့ရသည်။



အာသံ - လယ်ကြီး - မန်ဖွယ် ကတ္တရာလမ်း



လားရှိုး - နားကွမ်းလုံ ကတ္တရာလမ်း

**အဆင့်မြှင့်တင်ဆောင်ရွက်နေ**

ကျေးလက်နှင့် မြို့ပြ လူနေမှုဘဝကွာဟမှုနည်းပြီး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်လမ်းများကို အဆင့်မြှင့်တင်ရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျေးလက်ဒေသများအတွင်း ကတ္တရာလမ်း ၁၈၂/၂ ဒသမ ၃၃ မိုင်၊ ကျောက်လမ်း ၃၀၇/၄ မိုင်၊ အမာခံလမ်း ၂၀၇/၁ မိုင်၊ မြေသားလမ်း ၄၁၁၅/၄ ဒသမ ၆၇ မိုင်၊ ကျေးလက်လမ်းစုစုပေါင်း ၄၈၁၂/၄ မိုင်ကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူ အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အထိ ကတ္တရာလမ်း ၉၀/၇ ဒသမ ၈၂ မိုင်၊ ကျောက်လမ်း ၅၄/၄ ဒသမ ၂၈ မိုင်၊ မြေသားလမ်း ၁၇၀/၂ ဒသမ ၉ မိုင် စုစုပေါင်း လမ်းမိုင် ၃၁၅/၇ မိုင်၊ ကွန်ကရစ်တံတား ၁၇ စင်း၊ သစ်သားတံတား နှစ်စင်း၊ ဘေလီတံတား တစ်စင်း၊ ကြိုးတံတား တစ်စင်း၊ Fly Ferry တစ်စင်း၊ ရေကျော် တစ်စင်း၊ Box Culvert ၁၆၁ စင်းတို့ကို ကျေးလက်နေပြည်သူများအတွက် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်း ၂/၄ မိုင်၊ ကတ္တရာလမ်း ၃၆/သုည ဒသမ ၇၄ မိုင်၊ ကျောက်လမ်း ၃၆/၇ ဒသမ ၂၅ မိုင်၊ မြေသားလမ်း ၄၃/၅ ဒသမ ၁ မိုင် စုစုပေါင်း ၁၁၉/၁ ဒသမ ၀၉ မိုင်၊ ကွန်ကရစ်တံတား ၁၇ စင်း၊ ဘေလီတံတား တစ်စင်းနှင့် Box Culvert ၄၄ စင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

**Pilot Project လုပ်ငန်းများ**

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ (Pilot Project) လုပ်ငန်းအနေဖြင့် လားရှိုးခရိုင် လားရှိုးမြို့နယ်တွင် ဝိန်းထန်-ဖိုင်တောင်း-ပန်စုံ-ကောင်းဟုန်း - ကုန်းဆာ - ဝိုးလုံ - မန်ကတ် - နမ့်ဖွဲ့လမ်း ၉/၂ မိုင်အား မြေသားလမ်းမှ ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပြီး ကျေးရွာပေါင်း ၁၆ ရွာ၊ အိမ်ခြေ ၅၁၁ အိမ်၊ လူဦးရေ ၂၇၃၁ ဦးတို့ကို အကျိုးပြုလျက်ရှိသည်။ ထို့အတူ ကျောက်မဲခရိုင် ကျောက်မဲမြို့နယ်တွင် ကျွဲကုန်း-နားပြိန်း-နောင်ကွမ် - ပုံပိုး လမ်း ၉/၇ ဒသမ ၇ မိုင်အား မြေသားလမ်းမှ ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပြီး ကျေးရွာပေါင်း ၁၅ ရွာ၊ အိမ်ခြေ ၁၄၃၅ အိမ်၊ လူဦးရေ ၆၈၈၅ ဦးတို့ကို အကျိုးပြုလျက်ရှိသည်။

**ဒုဋ္ဌဝတီမြစ်ကူး (Fly Ferry)**

ထို့ပြင် ကျောက်မဲခရိုင် သီပေါမြို့နယ်တွင် ခံနိုင်ဝန် ၁၆ တန်ရှိသော ဒုဋ္ဌဝတီမြစ်ကူး (Fly Ferry) တစ်စင်းကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ခဲ့သည်။ ယခင်က ဆွန်လုံကျေးရွာအုပ်စုရှိ ဆွန်လုံကျေးရွာ၊ တာပုလဲကျေးရွာနှင့် မန်ဆန်ရေကျကျေးရွာအုပ်စုရှိ ကျေးရွာငါးရွာမှ ကျေးလက်နေပြည်သူ ၁၂၀၀ ဝန်းကျင်တို့သည် ဒေသထွက်ကုန် ပြောင်း၊ မက်မန်း၊ ဆားငန်သီးများနှင့် ဝါးအမျိုးမျိုး စသည်တို့ကို ခြေချင်ခရီးဖြင့်သာ ကူးသန်းရောင်းဝယ်ခဲ့ရာမှ ယခုအခါ Fly Ferry ကိုအသုံးပြုပြီး ဒေသထွက်ကုန်များကို ဒုဋ္ဌဝတီမြစ်ကိုဖြတ်၍ ကုန်းသာရွာမကြီးသို့လည်းကောင်း၊ ထိုမှတစ်ဆင့် ၁၀ မိုင်မျှသာဝေးသော သီပေါမြို့နှင့် ၃၅ မိုင်မျှသာဝေးသော လားရှိုးမြို့သို့ လည်းကောင်း လွယ်ကူလျင်မြန်စွာ ကူးသန်းသွားလာရောင်းချနိုင်ပြီဖြစ်ရာ ဒေသနေပြည်သူများ၏ စီးပွားရေးသာမက လူမှုရေး၊ ပညာရေးများကိုပါ များစွာ အထောက်အကူပြုလျက်ရှိသည်။

**လားရှိုးခရိုင်မှ ကျေးလက်လမ်း/တံတားလုပ်ငန်းများ**

လားရှိုးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်အထိ ကွန်ကရစ်လမ်း ၂/၄ မိုင်၊ ကတ္တရာလမ်း ၃၂/၆ ဒသမ ၆၁ မိုင်၊ ကျောက်လမ်း ၃၀/သုည ဒသမ ၁၀ မိုင်၊ မြေသားလမ်း ၄၂/၁ ဒသမ ၄၁ မိုင် စုစုပေါင်း ၁၀၇/၄ ဒသမ ၁၂ မိုင်၊ ကွန်ကရစ်တံတား ၁၁ စင်း၊ သစ်သားတံတား တစ်စင်း၊ Box Culvert ၆၆ စင်းတို့ကို ကျေးလက်နေပြည်သူများအတွက် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**မူဆယ်ခရိုင်မှ ကျေးလက်လမ်း/တံတားလုပ်ငန်းများ**

မူဆယ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်အထိ ကတ္တရာလမ်း ၂၅/၃ ဒသမ ၁၄ မိုင်၊ ကျောက်လမ်း ၁၅/၆ ဒသမ ၅၁ မိုင်၊ မြေသားလမ်း ၁၉/၄ ဒသမ ၉၃ မိုင် စုစုပေါင်း ၆၀/၆ ဒသမ ၅၈ မိုင်၊ ကွန်ကရစ်တံတား လေးစင်း၊ ကြိုးတံတား တစ်စင်း၊ Box Culvert ၄၁ စင်း စုစုပေါင်း ၄၆ စင်းတို့ကို ကျေးလက်နေပြည်သူများအတွက် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**မိုးမိတ်ခရိုင်မှ ကျေးလက်လမ်း/တံတားလုပ်ငန်းများ**

မိုးမိတ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်အထိ ကတ္တရာလမ်း ၁၄/၃ ဒသမ ၈၄ မိုင်၊ ကျောက်လမ်း ၁၃/သုည ဒသမ ၅၂ မိုင်၊ မြေသားလမ်း ၆၁/သုည ဒသမ ၇၂ မိုင် စုစုပေါင်း ၈၈/၅ ဒသမ ០၈ မိုင်၊ ကွန်ကရစ်တံတား ငါးစင်း၊ သစ်သားတံတား တစ်စင်း၊ Box Culvert ၁၆ စင်း၊ ရေကျော် တစ်စင်း စုစုပေါင်း ၂၃ စင်းတို့ကို ကျေးလက်နေပြည်သူများအတွက် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ကျောက်မဲခရိုင်နှင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ကျေးလက်လမ်း/ တံတားလုပ်ငန်းများ**

ကျောက်မဲခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျောက်မဲခရိုင်အတွင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အပါအဝင် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်အထိ ကတ္တရာလမ်း ၃၄/၇ ဒသမ ၂၇ မိုင်၊ ကျောက်လမ်း ၂၂/၅ ဒသမ ၁၇ မိုင်၊ မြေသားလမ်း ၈၂/၂ ဒသမ ၃၁ မိုင် စုစုပေါင်း ၁၃၈/၂ ဒသမ ၀၉ မိုင်၊ ကွန်ကရစ်တံတား ၁၃ စင်း၊ Box Culvert ၆၈ စင်း၊ စုစုပေါင်း ၈၁ စင်းတို့ကို ကျေးလက်နေပြည်သူများအတွက် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ကျေးလက်လမ်း/ တံတားလုပ်ငန်းများ**

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်အထိ ကတ္တရာလမ်း ၁၂/၆ ဒသမ ၇၅ မိုင်၊ ကျောက်လမ်း ၀/၇ မိုင်၊ မြေသားလမ်း ၄/၃ ဒသမ ၆၂ မိုင်၊ စုစုပေါင်း ၁၈/၁ ဒသမ ၃၇ မိုင်၊ ကွန်ကရစ်တံတား တစ်စင်း၊ Box Culvert ၁၄ စင်းတို့ကို ကျေးလက်နေပြည်သူများအတွက် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ကတ္တရာလမ်း ၆/၄ ဒသမ ၉၅ မိုင်၊ ကျောက်လမ်း ၅/၆ ဒသမ ၇၃ မိုင် စုစုပေါင်း ၁၂/၃ ဒသမ ၆၈ မိုင်ကို ကျေးလက်နေပြည်သူများအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လာမည့်ဘဏ္ဍာနှစ်များတွင် တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်လမ်း/တံတားများ ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အဆင့်မြှင့်တင်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ပြည်နယ်အတွင်းရှိ အခြားသော ကျေးရွာများကို ရာသီမရွေးသွားလာနိုင်သော လမ်းများအဖြစ် ဆက်လက်၍ အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်လာနိုင်သည်နှင့်အမျှ ပြည်သူများ၏ လူမှုစီးပွားဘဝများသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲဧကန်ပင်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

# ဒေါင်းယာဉ်ပျံ တိုနံ့ဘေးမှာ စာရေးလို့ ထားချင်တယ်

နွမ်ဂျာသိုင်း

(၁၄-၆-၂၀၁၂ မှ အဆက်)

- ၅ -

သာမန်အားဖြင့် မဖြစ်နိုင်ဟုယူဆရသော ကိစ္စတစ်ခုသည် လက်တွေ့မျက်တွေ့ဘဝ၌ တကယ်ဖြစ်လာပြီဆိုသောအခါ တစ်ဖက်ကလူနားလည်အောင် ရှင်းပြဖို့ အတော်ခက်သည်။

သက်သက်၏ ဇာတ်လမ်းသည်လည်း ကာယကံရှင်ကသာ နားလည်အောင် သေချာရှင်းမပြလျှင် ဘေးအမြင်ဖြင့် နားလည်ရန် သိပ်ခက်သည်။

အထူးသဖြင့် ရှေ့တွင်ပြောပြခဲ့ပြီးသော ဇာတ်လမ်းလောက်သာ တင်ပြ၍ ဇာတ်လမ်းနောက်ပိုင်းကို အကျဉ်းချုံးပြောပါက နားထောင်သူအဖို့ ဘယ်လိုမှ လက်ခံနိုင်စရာ မရှိ။

"မဖြစ်နိုင်တဲ့ ကိစ္စကြီးပါကွာ" ဆိုသော စကားဖြင့် ပြောပြသူကိုပင် အထင်သေးအမြင်သေး ဖြစ်သွားနိုင်သည်။

တကယ်လည်း ဖြစ်နိုင်စရာမရှိသော အခြေအနေတွေ ဝိုင်းကြီးပတ်ချာလည်နေသည်။

သက်သက်ကိုယ်တိုင်ပင် ထိုအခြေအနေအထိ ဖြစ်သွားလိမ့်မည်ဟု လုံးဝ တွေးထင်ခဲ့ဖူးခြင်းမရှိ။ မိုးပေါ်ကကျလာသော အပ်တစ်စင်းနှင့် မြေမှလွှတ်တင်လိုက်သော အပ်တစ်စင်း အဖျားချင်းသွားထိသည့်ကိစ္စကိုသာ သက်သက်စိတ်ကူးဖြင့် တွေးကြည့်မိကောင်း တွေးကြည့်မိလိမ့်မည်။

ကိုနိုင်လင်းလိုလူစားမျိုးနှင့် တစ်နေ့သောအခါ ပတ်သက်ဖြစ်ရလိမ့်မည်ဟု သက်သက်ယောင်၍ပင် အိပ်မက် မမက်ခဲ့။

တစ်ယောက်နှင့်တစ်ယောက် ငယ်ဘဝက အချိတ်အဆက်ရှိခဲ့ပြီး ကြီးသောအခါမှ ယခုကဲ့သို့ မမျှော်လင့်ဘဲ ပြန်ဆုံရတာမျိုးကြုံ၍ ရင်ထဲက သံယောဇဉ်အခံကို ဘယ်လိုမှမထိန်းနိုင်တော့ဘဲ မဖြစ်သင့်မဖြစ်ထိုက်တာတွေ ဖြစ်လာရသည်ဆိုလျှင်လည်း အဓိပ္ပာယ်ရှိသည်။

သို့မဟုတ် ဘဝဘဝက အထုံရေစက်ကြောင့် တစ်ယောက်နှင့်တစ်ယောက် စတင်မြင်မြင်ချင်းပင် ချစ်ခင်နှစ်သက်သောစိတ်၊ အတူတကွ ပေါင်းဖက်လိုသောစိတ်များ အငမ်းမရ ပေါ်ပေါက်လာပြီး အကျိုးသင့်အကြောင်းသင့် မဆင်ခြင်နိုင်တော့ဘဲ နွားငတ်ရေကျဖြစ်ကာ မှားကြသည်ဆိုလျှင်လည်း ယုတ္တိယုတ္တာ ရှိသည်။

အခုကိစ္စက သည်လိုမျိုး လုံးဝမဟုတ်။

ကိုနိုင်လင်းကလည်း သူ့ဘဝ၊ သူ့အကြောင်း၊ သူ့ဇာတ်လမ်းနှင့်သူ သီးခြားကြီးပြင်းခဲ့ရသူ။ သက်သက်ကလည်း ကိုယ့်အသိ၊ ကိုယ့်ဣန္ဒြေ၊ ကိုယ့်ဆင်ခြင်တုံတရားဖြင့် သည်အခြေအနေအထိ တည်တည်တံ့တံ့ နေလာခဲ့သူ။

လူချင်းလည်း ဘာမှ မပတ်သက်ခဲ့ဖူးသလို သံယောဇဉ်ချင်းလည်း လုံးဝနီးစပ်ခဲ့သူများမဟုတ်။

သည်လို နှစ်ယောက်မှာမှ မမျှော်လင့်သော တိုက်ဆိုင်မှုတွေ၊ မဖြစ်သင့်သော နီးစပ်မှုတွေ သူ့အလိုလို ပေါ်ပေါက်လာပြီး ရင်းနှီးကျွမ်းဝင် ချစ်ခင်ဆုံစည်းကြရသည်ဆိုသောအချက်သည် ဗုဒ္ဓတရားတော်အလိုအရ အတိတ်က ဝိပါကဝဋ်ကြွေး မကင်းသလို ကံကြမ္မာ၏ နှိပ်စက်ညှဉ်းပန်းမှုများလည်း ပါရမည်ဟု သက်သက် တွေးမိသည်။

စာရင်းချုပ် ရှင်းတမ်းတွင် သက်သက် အမှားဟုပြောလိုက ပြောနိုင်သော်လည်း တကယ်ကြုံတွေ့ခဲ့ရသည့်ဇာတ်လမ်းတွင် သည်ထက်နက်ရှိုင်းသိမ်မွေ့သော အကြောင်းတရားတွေ အများကြီးရှိသည်။

တစ်ဆင့်စီ ရှင်းပြလျှင် ပိုမိုသဘောပေါက်မည် ထင်၏။

မေလဆန်းက ကိစ္စပြီးခဲ့ပြီးနောက် အကြောင်းသင့် ဆုံစည်းခြင်းကိစ္စတစ်ခုက မေလကုန်ပိုင်းတွင် ထပ်ဖြစ်သည်။

ထိုနေ့က သက်သက် ကံဆိုးသွားတာလည်း ဖြစ်၏။

ကျောင်းမှပြန်လာပြီး အဆောင်မှာ ခဏနားနေစဉ်တွင် ခင်မြင့်ဆွေက ခါတိုင်းလိုမဟုတ်ဘဲ စောစောစီးစီး ဝီရိယကောင်းစွာ ရေမိုးချိုး၍ အလှအပပြင်ဆင်သည်။

ခါတိုင်းဆို အဆောင်ညှော်ချိန်ရောက်၍ ညှော်ခန်းမှာ ကိုအံ့ခိုင်ကြီးတစ်ယောက် လည်တဆန့်ဆန့် မျှော်နေချိန်မှာပင် အဝတ်အစားလဲတုန်း၊ နံ့သာသတုန်း ရှိနေသည်။ ခင်မြင့်ဆွေ သည်တစ်ခါ ကြိုတင်ပြင်ဆင်မှု အားကောင်းလွန်းလှသဖြင့် သက်သက် မနေနိုင်။ အိပ်ရာပေါ် စာအုပ်တစ်အုပ်နှင့် လှဲနေရာကနေ လှမ်း၍

"ထူးထူးဆန်းဆန်းပါလား မမဆွေ။ ဘယ်သွားမလို့လဲ"

ခင်မြင့်ဆွေက မလုံမလဲဖြစ်လျက် ပြုံးတတ်သော အပြုံးမျိုး ပြုံးပြီး

"ပုဂ္ဂိုလ်ကြီးနဲ့ မြို့ထဲကို ခဏသွားမလို့ သက်သက်။ အပြန်နောက်ကျမှာစိုးလို့ စောစောထွက်ဖြစ်အောင် ပြင်ဆင်နေတာ..."

ပုဂ္ဂိုလ်ကြီးဟု ရည်ညွှန်းလိုက်သူမှာ သူ့ အချော်တစ်ကြီး ကိုအံ့ခိုင်ဖြစ်ကြောင်း ရှင်းပြစရာမလို။ သက်သက် အလိုလိုသဘောပေါက်ပြီး

"မြို့ထဲ ဘာသွားလုပ်မလို့လဲ မမဆွေ။ ရုပ်ရှင်ကြည့်လား"

"ဟာ... သက်သက်ကလည်း ဒီအချိန်မှာ ရုပ်ရှင်ကြည့်ထွက်လို့ ဖြစ်မလား။ အပြန်အဆောင်ပိတ်ပြီးသားဖြစ်နေလို့ နေရင်းထိုင်ရင်း အိမ်ထောင်ရက်သားတွေ ဘာတွေကျသွားမှာပေါ့။ မဟုတ်ပါဘူး၊ ခုဟာက ဘုရားသွားမှာပါ"

"ဟင်.. ဘုရားသွားတာကလည်း ဒီအချိန်ကြီး"

ခင်မြင့်ဆွေက တစ်ခါထပ်ပြုံးရင်း

"ယတြာချေမလို့ သက်သက်ရဲ့ ။ ယတြာပေးတဲ့အချိန်က ညနေ လေးနာရီခွဲတိတိ။ အဲဒီယတြာက မချေလို့ကလည်း မဖြစ်ဘူး။ ဘဝမှာ အရေးအကြီးဆုံး ယတြာ။ ပြောရမှာ ရှက်လည်း ရှက်ပါရဲ့။ ရှင်းရှင်းပြောရရင်တော့ ဒီဘဝမှာ လိုချင်တဲ့လင်မရမှာစိုးလို့ သွားချေရတဲ့ယတြာ သက်သက်ရေ... ။ အဲဒါမလုပ်ရင် ကိုအံ့ခိုင်နဲ့ မမဆွေ ကွဲမယ်တဲ့"

သက်သက်က ရယ်ရင်း...

" မမဆွေကတော့ ပြောတော့မယ်၊ အတုံးလိုက်အတစ်လိုက်။ နေပါဦး၊ ယတြာချေရအောင် မမဆွေက ဘယ်တုန်းက ဗေဒင်မေးလိုက်လို့လဲ။ သက်သက်တောင် မသိလိုက်ဘူး"

" ကိုယ်မေးတာ မဟုတ်ဘူး သက်သက်ရဲ့။ သူမေးလာတာ ဆတ်ဆတ်ဆော့ဆော့ သွားမေးပြီး ဟိုက ဒီနေ့ ဒီအချိန် ယတြာလုပ်ပါ။ မလုပ်ရင် ခြောက်လအတွင်း သူနဲ့ကိုယ် ပြတ်မယ်ဆိုလို့ မနေ့က မျက်လုံးပြူးမျက်ဆန်ပြူး လာပြောပြီး ဒီနေ့ ချိန်းထားတာ"

"မမဆွေတို့ကိစ္စတွေကလည်း အလုပ်ရှုပ်ပါ့နော်။ ကွဲမှာစိုးရင်လည်း ယတြာထက် သေချာအောင် တစ်ခါတည်း လိုက်သွားလိုက် အေးနေတာများ..."

" အဲဒါ သူ့ ဗေဒင်ဆရာက လိုတာပေါ့ သက်သက်ရယ်။ အမှန်က ယတြာချေချိန်ကို ညကိုးနာရီလို့ ပြောလိုက်ရမှာ။ အဲဒါဆို ကိုယ်လည်း ယတြာမလုပ်ဘဲ မနေရဘူး။ အဲဒီအချိန်လုပ်ရင်လည်း အဆောင်ပြန်လို့ မရတော့ဘူး။ ကိစ္စက တစ်ခါတည်း ပြတ်သွားမှာ။ သက်သက်ကော ပျင်းရင် လိုက်ခဲ့ပါလား..."

"အမယ်လေး... မမဆွေရယ်၊ အခုတောင် ယတြာက လေးနာရီခွဲက နောက်ဘယ်နှနာရီအထိ လုပ်ရမှန်း မသိဘူး။ အခု မမဆွေပြောသလို ည ကိုးနာရီကျော်တဲ့အထိသာ ချေရရင် သက်သက်ကြားထဲက ဖွတ်မရ ဓားမဆုံး ဒုက္ခရောက်နေပါ့မယ်။ အဆောင်မှာပဲ စိတ်အေးလက်အေး စာလေးဖတ်ပြီး နေခဲ့ပါရစေ။ မမဆွေ ယတြာ မမဆွေပဲ သွားချေပါ "

သက်သက် စကားကြောင့် ခင်မြင့်ဆွေ ရယ်သည်။ ဇာတ်လမ်းက သည်ကစခြင်း ဖြစ်၏။

" သက်သက်နဲ့ မမဆွေ ညှော်သည်လာတယ် "

"ဟောတော့" ဟု သက်သက် အလန့်တကြား ရေရွတ်လိုက်၏။ အောက်မှ လူကြုံဖြင့် မှာလိုက်ဟန်တူသော တစ်ခန်းကျော်မှ ဝင်းဝင်းရီအသံ ကြားချိန်တွင် သက်သက် ရေပင်မချိုးရသေး။ ညှော်သည်တွေ ဘာတွေ လာမည့်လည်း မထင်သဖြင့် ခင်မြင့်ဆွေ သွားကတည်းက တံခါးပိတ်ပြီး လှဲနေသည့် အလှဲမှာထိ နေရာပင် မရွေ့သေး။

"အထဲက ကြားတယ်နော်။ နောက်မှ မပြောမရှိနဲ့"

အခန်းထဲမှ တုံ့ပြန်သံ မကြားသဖြင့် ထပ်ပြောလိုက်သော ဝင်းဝင်းရီ အသံကြောင့် သက်သက် လူးလဲထရင်း

" အေး... အေး... ကြားတယ် ဝင်းဝင်းရီရေ၊ မမဆွေတော့ မရှိဘူး။ ငါပဲ သွားလိုက်မယ် "

"သင့်သလိုသာ လုပ် သူငယ်ချင်း။ ဒါက ကိုယ်တို့နဲ့ မဆိုင်တော့ဘူး။ တို့က ပြောပေးရုံ သက်သက်ပဲ"

ဝင်းဝင်းရီ ခြေသံဝေးသွားသည်။

အခုမှတော့ ရေချိုးချိန်လည်း မရှိတော့။ ညှော့်သည်ကလည်း ဘယ်သူမှန်း မသိ။ အစ်ကိုကြီးဆိုလျှင်လည်း မမဆွေကို ထည့်ခေါ်စရာ အကြောင်းမရှိ။ အတန်းထဲက သူငယ်ချင်းတစ်ယောက်ယောက်ဖြစ်ဖို့များသည်။

" အို... ဘယ်သူဖြစ်ဖြစ်။ ညှော့်သည်အနေနဲ့ လာတာပဲ။ ရေချိုး မချိုးလိုက် နမ်းကြည့်နေမှာမှ မဟုတ်ဘဲ "ဟု တွေး၍ ကမန်းကတန်း မျက်နှာကို တို့ပတ်ဖြင့် သွက်သွက်တို့၊ ခေါင်းကိုလည်း ကြည့်ကောင်းရုံသာ ဖြီးသပ်၍ အောက်ဆင်းလာခဲ့သည်။

ညှော့်ခန်းတွင်းမှာ တစ်ယောက်တည်းသာ အသိအဖြစ် ရှိနေသော သူကို မြင်လိုက်သောအခါ သက်သက် အံ့သြသွားသည်။

လုံးဝ မထင်သော ညှော့်သည်ဖြစ်သည်။

"ဩော်... ကိုနိုင်လင်းပါလား"

"ကိစ္စနှစ်ခုနဲ့ လာခဲ့တာ သက်သက်။ မထင်တဲ့ ညှော့်သည်ဖြစ်နေလို့ အံ့သြသွားလား။ မဆွေကော မပါဘူးလား..."

သက်သက် အမူအရာကို အကဲခတ်မိသွားဟန်တူသော ကိုနိုင်လင်း ရယ်ရင်းနှင့် အကြောင်းအရာသုံးခု တစ်ပေါင်းတည်းပြောသည်။ သက်သက်က တစ်ဆင့်စီ ပြန်ဖြေရ၏။

"မမဆွေ မြို့ထဲသွားတယ် ကိုနိုင်လင်း။ ဟုတ်တယ်။ ကိုနိုင်လင်းကို မြင်တော့ သက်သက် အရမ်းအံ့သြသွားတာ။ ထင်မှမထင်ဘဲ။ ကဲ... ကိစ္စနှစ်ခုဆိုတာ ပြောပါဦး"

နိုင်လင်းက ပြုံးရင်း လက်ညှိုးတစ်ချောင်းထောင်၍

"တစ်ခုက သက်သက်ကို မမဦးက ဝင်ပြောခိုင်းလို့ပါ။ သက်သက်မောင်လေးရဲ့ စာမေးပွဲအခြေအနေကောင်းပါတယ်တဲ့။ စိတ်မပူပါနဲ့တဲ့"

"ဟုတ်လား၊ ကျော်ကျော်သိရင်တော့ အရမ်းဝမ်းသာမှာပဲ ကိုနိုင်လင်း။ မမဦးကိုလည်း ကျေးဇူးတင်လိုက်တာ။ အင်း နောက်တစ်ခုကကော"

" နောက်တစ်ခုက သန်ဘက်ခါကျရင် ကျွန်တော် မန္တလေးသွားစရာရှိလို့။ သက်သက်အိမ်ကို မှာစရာရှိရင်မှာလို့ ပြောမလို့ပါ"

"ဩော်..... ကိုနိုင်လင်း။ မန္တလေးသွားမှာလား...၊ အလည်ပဲလား... "

"မဟုတ်ဘူး သက်သက် အလုပ်ကိစ္စပါ။ မန္တလေးမှာ တိုက်နှစ်လုံး၊ သုံးလုံးလောက် ဆောက်ချင်ဆောက်မယ်။ အဲဒီအတွက် နည်းနည်းပါးပါး သွားပြောရမှာ"

စာမျက်နှာ ၂၁ သို့ ❍

**ကိုနိုင်လင်းကလည်း သူ့ဘဝ၊ သူ့အကြောင်း၊ သူ့ဇာတ်လမ်းနှင့်သူ သီးခြားကြီးပြင်းခဲ့ရသူ။**
**သက်သက်ကလည်း ကိုယ့်အသိ၊ ကိုယ့်ဣန္ဒြေ၊ ကိုယ့်ဆင်ခြင်တုံတရားဖြင့် သည်အခြေအနေအထိ တည်တည်တံ့တံ့ နေလာခဲ့သူ။**
**လူချင်းလည်း ဘာမှမပတ်သက်ခဲ့ဖူးသလို သံယောဇဉ်ချင်းလည်း လုံးဝနီးစပ်ခဲ့သူများမဟုတ်။**
**သည်လို နှစ်ယောက်မှာမှ မမျှော်လင့်သော တိုက်ဆိုင်မှုတွေ၊ မဖြစ်သင့်သော နီးစပ်မှုတွေ သူ့အလိုလို ပေါ်ပေါက်လာပြီး ရင်းနှီးကျွမ်းဝင် ချစ်ခင်ဆုံစည်းကြရသည်ဆိုသောအချက်သည် ...**




# မင်းသမီးတတ်အပ် ပညာရပ် စာအုပ်ဖြန့်ချိ

**နေပြည်တော် ဇွန် ၁၅**




စာရေးဆရာ ပန်တျာမြကြည် ရေးသားသည့် မင်းသမီးတတ်အပ်ပညာရပ်စာအုပ် ထွက်ရှိလာသည်။

စာအုပ်ကို ပထမပိုင်း (မင်းသမီးတတ်အပ် ပညာရပ်)၊ ဒုတိယပိုင်း(တောဘွဲ့၊ တောင်ဘွဲ့၊ ရာသီပန်း၊ ရာသီဘွဲ့-အထွေထွေ)နှင့် တတိယပိုင်း (မင်းသမီးတတ်အပ်ပညာရပ်-နောက်ဆက်တွဲမှတ် တမ်းပြုစုခြင်း) စသည့် မြန်မာ့ရိုးရာသဘင် အနုပညာအတတ်ပညာရပ်များကို စုစည်းဖော်ပြထားသည်။

အဆိုပါ စာအုပ်သည် သဘာဝယုတ္တိ အာဂမယုတ္တိ ကျစွာ ပြုလုပ်ဆောင်ရွက်ရသည့် အနုပညာကို ထိန်းသိမ်းကာ မင်းသမီးအတတ်ပညာများကို စုဆောင်းလေ့လာပြီး ကိုယ်တွေ့များနှင့် ပေါင်းစပ်ကာ လက်ဆင့်ကမ်း မျှဝေထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။


စာအုပ်ကို ပန်းမျိုးတစ်ရာစာပေ တိုက်-၉၊ အခန်း ၂၀၃-၂၀၄၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း -၀၁- ၈၂၀၂၃၇၂၊ ၀၉-၅၀၁၆၈၃၁ တို့တွင် ဆက်သွယ်ဝယ်ယူနိုင်ပြီး တန်ဖိုးငွေကျပ် ၆၀၀၀ ဖြင့် ဖြန့်ချိထားသည်။

**ကြေးမုံ**

# ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများ တရားစီရင်ခြင်းလုပ်ငန်းစဉ်နှင့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများကို လေ့လာဆန်းစစ်ခြင်း စာအုပ်ထွက်ရှိ

**နေပြည်တော် ဇွန် ၁၅**

ဦးစိုင်းကျော်သူ ရေးသားသည့် “ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများ တရားစီရင်ခြင်း လုပ်ငန်းစဉ်နှင့် ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုများကို လေ့လာဆန်းစစ်ခြင်း” “The Judicial Process of Electoral Complaints and the Analysis of Electoral Complaints” စာအုပ်ထွက်ရှိလာသည်။ အဆိုပါစာအုပ်သည် အင်္ဂလိပ် / မြန်မာနှစ်ဘာသာဖြင့် ရေးသားထားပြီး ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများကို သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မည်သို့တင်ပြရမည်၊ မည်သို့တိုင်ကြားရမည်၊ မည်သို့အရေးယူ ဆောင်ရွက်သည်၊ မည်သို့ဆုံးဖြတ်ချက်များ ချမှတ်သည် စသည်ဖြင့် ဖြေရှင်းဆောင်ရွက်ပုံ နည်းလမ်းများ ဖော်ပြထားသည်။ ထို့ပြင် ကျင်းပခဲ့သောအထွေထွေရွေးကောက်ပွဲများနှင့် ကြားဖြတ်ရွေးကောက်ပွဲများတွင် တင်သွင်းလာသော ကန့်ကွက်လွှာအမှုများနှင့် အနိုင်အရှုံးရလဒ်များကို သုံးသပ်ဖော်ပြထားသည်။ ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ရေးသားထားခြင်းဖြစ်သဖြင့် နိုင်ငံသားအားလုံး ဖတ်ရှုလေ့လာသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။




စာအုပ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရွေးကောက်ပွဲခုံရုံးဌာန၊ ဖုန်း - ၀၆၇၃-၄၀၄၄၁၀ ၊ ၀၆၇၃-၄၀၄၂၁၅ နှင့် ၀၉-၅၁၉၀၅၄၅ တို့တွင် ဆက်သွယ်ဝယ်ယူနိုင်ပြီး တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိထားသည်။ **သတင်းစဉ်**

# ခန္တီးမြို့နယ်အတွင်း မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**ခန္တီး ဇွန် ၁၅**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၁၉၉ ဒသမ ၈၅၀ သန်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ခန္တီး - တိန်းအင်-လက်ပံသာ-မှန်ပင်- ကောင်းမှု-ဖောင်ဆိုင် - ပဒူးမုန်းရွာသစ် ကျေးရွာချင်းဆက်လမ်း မိုင် ၃၀ အနက် ၅ မိုင် မြေသားလမ်း အပြီးသတ်ဖောက်လုပ်ခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် အဆိုပါလမ်း မိုင် ၃၀ အား ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်မှစ၍ ဘဏ္ဍာနှစ်အလိုက် ဆက်လက်ဆောင်ရွက်ပေးခဲ့ရာ ယခုဘဏ္ဍာနှစ်တွင် တိန်းအင်မှ ပဒူးမုန်းကျေးရွာအထိ အပြီးသတ်ဖောက်လုပ်ပေးနိုင်ခဲ့သည်။

**ငွေကြယ်**

# ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းများ ချပြရှင်းလင်းခြင်း အခမ်းအနားကျင်းပ

**ကျောက်တံခါး ဇွန် ၁၅**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်မည့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတား၊ ရေရရှိရေးလုပ်ငန်းများနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရန်လျာထားသည့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတား၊ ရေရရှိရေးလုပ်ငန်းများ ချပြရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို မြို့နယ်စီမံအုပ်ချုပ်ရေးရုံးတွင် ဇွန် ၁၅ ရက်က ကျင်းပသည်။



အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေတ္တ မြို့နယ်ဦးစီးမှူးဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

○ **စာမျက်နှာ ၂၀ မှ**

“ဟုတ်လား။ ဒါဆို စစ်ကိုင်းကို ကိုနိုင်လင်း တကူးတကသွားရမှာပေါ့။ အားနာပါတယ်။ နေပါစေ ကိုနိုင်လင်းရယ်၊ မမှာတော့ပါဘူး ”

နိုင်လင်း ခေါင်းခါ၍

“အားနာစရာတော့ မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ စစ်ကိုင်းဘက်မှာ ကိစ္စရှိလို့ လိုအပ်ရင် ကျွန်တော်လည်း အကူအညီဝင်တောင်းသင့်တောင်းရမှာ။ ကျွန်တော်က အဲဒီဘက်မှာ လူခံမိတ်ဆွေတွေ ဘာတွေ ရှိတာမဟုတ်ဘူး သက်သက်”

“ဪ ဒီလိုဆိုရင်တော့ သက်သက် စာရေးပေးလိုက်မယ်လေ။ ကျော်ကျော်ကိစ္စလည်း ပြောရင်း ကိုနိုင်လင်းကိုပါ မိတ်ဆက်ပေးလိုက်မယ်။ လိုအပ်တာရှိရင်လည်း ကိုနိုင်လင်း အားမနာနဲ့။ အဲဒီက ကောင်စီတွေ ဘာတွေနဲ့ ဖေဖေနဲ့ ရင်းနှီးတယ်။ တည်းဖို့လိုအပ်ရင်လည်း အိမ်မှာပဲ တည်းပေါ့။ ဟုတ်တယ် မဟုတ်လား ”

“အင်း... ဘာလုပ်မလဲဆိုတာတော့ ဟိုကျမှ သိမှာပဲ။

သက်သက်တို့အိမ်မှာ ဘယ်သူတွေရှိလဲ ”

“ဖေဖေနဲ့မေမေ ရှိတယ်လေ။ ပြီးတော့ သက်သက်မောင်လေး ကျော်ကျော်ရှိတယ်။ နောက်ပြီး ကိုနိုင်လင်း ဟိုမှာ ကားတွေ ဘာတွေ သုံးဖို့လိုရင်လည်း ကျော်ကျော့်ကိုပြော။ ကျော်ကျော် လိုက်မောင်းပို့လိမ့်မယ် ... ။

“ သက်သက်တို့အိမ်မှာ ကားရှိလား ” “ ရှိတယ်၊ ဆန်နီပစ်ကပ်ကလေး ”

“ အေးဗျာ... ကားလေး သုံးလို့ရရင်တော့ ကောင်းမယ်။ ဆီတော့ ကျွန်တော့်ဘာသာ ကျွန်တော် ဝယ်ထည့်ပေးမှာပါ။ ဟိုမှာ ဆီဈေးအရမ်းကြီးမှာ။ ဒီတိုင်းသုံးရမှာတော့ အားနာတယ်”

သက်သက်က ရယ်၍

“မလိုပါဘူး ကိုနိုင်လင်းရဲ့။ ဧည့်သည်က ခတ်ဆီဝယ်ထည့်ပြီး ကားသုံးရတယ်ဆိုရင် သက်သက်တို့နာမည်ပျက်သွားမှာပေါ့။ အဲဒါတွေ ဘာမှမစဉ်းစားနဲ့။ ကိုနိုင်လင်း လိုအပ်တာသာပြော။ သက်သက်တစ်ခါတည်း စာထဲ ထည့်ရေးပေးလိုက်မယ် ”

ကိုနိုင်လင်း ကပျာကယာ လက်ကာ၍

“ အို... ကားကိစ္စတော့ ထည့်မရေးပါနဲ့။ ကျွန်တော်လိုမှ သုံးမှာပါ။ မလိုအပ်လိုအပ်တော့ အသေအချာ ပြောလို့ မရသေးဘူး”

“မလိုတော့မှ မသုံးနဲ့ပေါ့ ကိုနိုင်လင်းရဲ့။ တစ်ခါတည်း ရေးထည့်ထားလိုက်တော့ ဟိုကျရင် ကိုနိုင်လင်း ပြောနေစရာ မလိုတော့ဘူးပေါ့။ ဒါဖြင့် ဒီလိုလုပ်၊ ကိုနိုင်လင်း အောက်မှာ ခဏစောင့်မလား။ သက်သက် အခန်းပြန်ပြီး စာသွားရေးလိုက်မယ်”

“နေဦးလေ... သွားမှာက သန်ဘက်ခါညမှပဲ။ မနက်ဖြန်ကျမှ လာယူမယ်။ ညကျမှ အေးအေးဆေးဆေး ရေးထားလိုက်ပါ။ ကဲ ကျွန်တော်သွားမယ် သက်သက်။ မနက်ဖြန်ကျရင် ဘယ်အချိန်လာရင် အဆင်ပြေမလဲ။ တကူးတကတော့ မစောင့်နဲ့။ အားတဲ့အချိန်သာပြော...”

“ ဒီအချိန်ပဲ လာပေါ့။ ပါလာချိန်ဆို သက်သက်ရှိတာပဲ”

“ဟုတ်မှလည်း လုပ်နော်။ ပါလာချိန်ဆိုတာ ကျောင်းသူတွေအတွက် အရေးကြီးဆုံးအချိန်။ အရေးကြီးပုဂ္ဂိုလ် ဘာတွေနဲ့ တွေ့စရာရှိနေရင် အနှောင့်အယှက်ဖြစ်နေဦးမယ် ”

သက်သက် ရယ်၍

“ အမယ်လေး.. အရေးကြီးတဲ့ ပုဂ္ဂိုလ်လည်း မရှိဘူး။ မရေးမကြီးတဲ့ ပုဂ္ဂိုလ်လည်း မရှိဘူး။ ကိုနိုင်လင်း စိတ်ရှင်းလက်သာလာ။ သက်သက်က အေးဆေးလေး။ ဒါမျိုးတွေ ကင်းရှင်းတယ် ”

“ ဟုတ်ပါပြီဗျာ။ ကျွန်တော်လည်း ခတ်မသိတဲ့လူပဲ။ ပြောသမျှ ယုံရတော့မှာပေါ့။ ကဲ... စနောက်နေလို့ မပြီးသေးဘူး သက်သက်ရေ...။ အလုပ်ကလေးတွေ ကျန်သေးတယ်။ ပြေးရဦးမယ်။ သွားမယ်နော်”

ဖျာပျာသလဲပင် နှုတ်ဆက်၍ ကိုနိုင်လင်း ပြန်သည်။ သက်သက်က ဧည့်ခန်းကုလားထိုင်မှ ထရပ်ပြီး နေရာ၌ပင် ကျန်ခဲ့၍ အဆောင်ပြင် ပြန်ထွက်သွားသော ကိုနိုင်လင်း နောက်ကျောကို ကြည့်သည်။

ကြိုက်ရာ သစ္စာဆိုဝံ့သည်။ ထိုအချိန်များတွင် သက်သက်၏ စိတ်ထဲ၌ ဘာတစ်ခုမျှ ထူးခြားပြောင်းလဲခြင်း မရှိ။ အိမ်ထောင်ရှိ ယောကျ်ားတစ်ယောက်ဟူ၍ တိတိကျကျ နားလည်နေသည့် နည်းတူ ကိုယ့်ကို ကူညီဖူးသူတစ်ယောက်ဟူသော အသိဖြင့် ကိုယ့်ဘက်က တစ်ဖန်ပြန်၍ ကူညီခွင့်ရခြင်းကို ဝမ်းသာနေသော စိတ်သာရှိသည်။

လောက၏ လှည့်စား ဖန်တီးတတ်သောသဘောသည် အံ့ဩစရာကောင်းလှ၏။

x x x x x

(ဆက်လက်ဖော်ပြပါမည်)

(ဆရာနွှမ်ဂျာသိုင်း၏ “ဒေါင်းယာဉ်ပျံ ဘုံနန်းဘေးမှာ စာရေးလို့ထားချင်တယ် ” စာအုပ်အား စာရေးသူ၏မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။ **စာတည်း**

# ၂၀၂၂ ကမ္ဘာ့ဖလား ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စု (F) ပွဲစဉ်များ ပြီးဆုံး

**နေပြည်တော် ဇွန် ၁၅**
၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စု (F) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက ဂျပန်နိုင်ငံ၌ ဆက်လက်ကျင်းပရာ ဂျပန်နှင့် တာဂျစ်ကစ္စတန်အသင်းတို့ နိုင်ပွဲရခဲ့ပြီး မြန်မာအသင်းရှုံးပွဲဆက်ခဲ့သည်။

နောက်ဆုံးနေ့တွင် တာဂျစ်ကစ္စတန်အသင်းက မြန်မာအသင်းကို လေးဂိုးပြတ်၊ ဂျပန်အသင်းက ကာဂျစ္စတန်အသင်းကို ငါးဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲတွင် အနိမ့်ဆုံးသရေတစ်မှတ်ရယူနိုင်ပါက အုပ်စုအဆင့် ၄ နေရာရယူနိုင်မည်ဖြစ်သော်လည်း မြန်မာအသင်းအနေဖြင့် အခွင့်အရေးရယူနိုင်ခြင်းမရှိဘဲ ရှုံးပွဲဆက်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာအသင်းသည် ဒုတိယအဆင့်ခြေစစ်ပွဲအပြီးတွင် အုပ်စုအောက်ဆုံးနေရာ၌သာ ဆက်လက်ရပ်တည်ခဲ့ပြီး ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ တိုက်ရိုက်ဝင်ခွင့်မရတော့ဘဲ Play-off ပွဲစဉ် ထပ်မံကစားရမည်ဖြစ်သည်။ တာဂျစ်ကစ္စတန်အသင်းသည် ယခုနိုင်ပွဲကြောင့် အုပ်စုဒုတိယနေရာရခဲ့ပြီး ၂၀၂၂ ကမ္ဘာ့ဖလား တတိယအဆင့်ခြေစစ်ပွဲဝင်ခွင့်အတွက် အခြားအုပ်စုများမှ ဒုတိယနေရာရအသင်းများ၏ ရလဒ်များကို စောင့်ကြည့်ရမည်ဖြစ်သည်။

အုပ်စု (F) ပွဲစဉ်များအပြီးတွင် ဂျပန်အသင်းက ရှစ်ပွဲစလုံး အနိုင်ရကာ ရမှတ် ၂၄ မှတ်ဖြင့် အုပ်စုပထမနေရာရခဲ့ပြီး တာဂျစ်ကစ္စတန်အသင်းက ၁၃ မှတ် ဖြင့် ဒုတိယ၊ ကာဂျစ္စတန်အသင်းက ၁၀ မှတ်ဖြင့် တတိယ၊ မွန်ဂိုလီးယားအသင်းက ခြောက်မှတ်ဖြင့် အဆင့် ၄၊ မြန်မာအသင်းက ခြောက်မှတ်ဖြင့် အဆင့် ၅ (အုပ်စုအောက်ဆုံး) နေရာတို့တွင် ရပ်တည်ခဲ့သည်။ မြန်မာအသင်းသည် မွန်ဂိုလီးယားနှင့် ရမှတ်တူသော်လည်း ဂိုးကွာခြားချက်ကြောင့် အောက်ဆုံးရောက်သွားခြင်းဖြစ်သည်။

**ကိုညီလေး**

## အနုပညာ

# ရုပ်သံဇာတ်လမ်းတွဲသစ်မှာ ပါဝင်သွားမယ့် ကင်နမ်ဂေ



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ကင်နမ်ဂေဟာ SBS ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်သွားမယ့် ဇာတ်လမ်းတွဲရုပ်ရှင်သစ်မှာ အဓိကဇာတ်ဆောင်အဖြစ် ပါဝင်သွားမှာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲရုပ်ရှင်ဟာ မှုခင်းရုပ်ရှင်အမျိုးအစားဖြစ်ပါတယ်။ Those Who Read the Hearts of Evil လို့အမည်ရကာ ကွင်းဆက်လူသတ်မှုတွေလည်း ပါဝင်နေတဲ့ သည်းထိတ်ရင်ဖိုဇာတ်လမ်းမျိုးပါ။ အဆိုပါ ဇာတ်လမ်းတွဲဟာ ဝတ္ထုရှည်တစ်ခုကို ပြန်လည်ရိုက်ကူးထားတာလည်း ဖြစ်ပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲမှာ ကင်နမ်ဂေဟာ ဆောင်းဟာယောင်းအဖြစ်ပါဝင်သွားမှာဖြစ်ပါတယ်။ သူပါဝင်သွားမယ့်ဇာတ်ကောင်ဟာ လူတွေရဲ့ အတွင်းစိတ်ကို နီးနီးစပ်စပ်သိနိုင်သူတစ်ဦးဖြစ်ပြီး ရာဇဝတ်မှုတွေမှာလည်း အခြားသူတွေထက် အတွင်းကျကျ ဖော်ထုတ်နိုင်သူတစ်ဦးဖြစ်ပါတယ်။ အဆိုပါ ဇာတ်လမ်းတွဲမှာ ပါဝင်သွားမယ့် ဇာတ်ဆောင်တွေ ရွေးချယ်ပြီးနောက် ယင်းဇာတ်လမ်းတွဲကို စတင်ရိုက်ကူးမှာဖြစ်တယ်လို့ သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

# ငါးနှစ်ပြည့် နှစ်ပတ်လည်အတွက် ပြင်ဆင်နေတဲ့ Black Pink



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Black Pink ဟာ မကြာမီမှာ ကျရောက်မယ့်အဖွဲ့ရဲ့ ငါးနှစ်ပြည့် နှစ်ပတ်လည်အတွက် ပြင်ဆင်နေပြီဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒေသတွင်းမှာသာမက နိုင်ငံတကာမှာပါ အောင်မြင်မှုတွေရရှိနေတဲ့ Black Pink နဲ့ သူ့ရဲ့ ပရိသတ်တွေအတွက် ၂၀၂၁ ခုနှစ်ဟာ ထူးခြားတဲ့ နှစ်တစ်နှစ်ဖြစ်လာမှာပါ။ အဖွဲ့ရဲ့ ငါးနှစ်မြောက်နှစ်ပတ်လည်နေ့ဟာ လာမယ့် ဩဂုတ် ၈ ရက်မှာ ကျရောက်မှာဖြစ်ပြီး အဆိုပါနှစ်ပတ်လည်အတွက် အစီအစဉ်တွေ ပြင်ဆင်နေပြီဖြစ်ကြောင်း လတ်တလောမှာ အဆိုပါ တေးဂီတအဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအင်တာတိန်းမန့်က ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရပါတယ်။

ဇွန် ၁၅ ရက်မှာ ဝိုင်ဂျီအင်တာတိန်းမန့်က ၄+၁ လို့ ပိုစတာခေါင်းစဉ်ပုံပေါ်မှာ ဖော်ပြခဲ့ပါတယ်။ အဆိုပါ ပရောဂျက်ဟာ Black Pink ရဲ့ နှစ်ပတ်လည်အတွက် ရည်ရွယ်ပြီး အစီအစဉ်တွေ အမျိုးမျိုးပြုလုပ်ထားကြောင်းလည်း အဖွဲ့ရဲ့ တွစ်တာစာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တာကို တွေ့ရပါတယ်။

Black Pink ဟာ ၂၀၁၆ ခုနှစ် ဩဂုတ် ၈ ရက်မှာ ပွဲဦးထွက်တေးအယ်လ်ဘမ် Square One နဲ့ တေးဂီတလောကအတွင်း စတင်ဝင်ရောက်ခဲ့တာ ဖြစ်ပါတယ်။ ဂီတသက်တမ်း ငါးနှစ်တာခရီးမှာ အောင်မြင်တဲ့ တေးသီချင်းတွေ များစွာဖန်တီးနိုင်ခဲ့ကာ မှတ်တိုင်သစ်တွေလည်း စိုက်ထူနိုင်ခဲ့တဲ့ တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်ပါတယ်။



# Spice Girls ၏ တေးသီချင်းသစ် ထုတ်လွှင့်မည်

တစ်ချိန်က ကျော်ကြားခဲ့တဲ့ အမျိုးသမီးတေးဂီတအဖွဲ့ Spice Girls ဟာ အဖွဲ့ရဲ့ ပွဲဦးထွက်တေးသီချင်းထုတ်လွှင့်မှု ၂၅ နှစ်ပြည့်အထိမ်းအမှတ်အဖြစ် တေးသီချင်းသစ်တစ်ပုဒ်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ တေးဂီတအဖွဲ့ဟာ ၂၀၀၇ ခုနှစ်နောက်ပိုင်း တေးသီချင်းသစ် ထွက်ရှိခဲ့ခြင်းမရှိဘဲ အဖွဲ့ရဲ့ ပွဲဦးထွက်တေးသီချင်း wannabe စတင်ထုတ်လွှင့်မှု ၂၅ နှစ်ပြည့်နှစ်ပတ်လည်မှာမှ တေးသီချင်းသစ် ပြန်လည်ထုတ်လွှင့်ပေးသွားမှာဖြစ်တယ်လို့ သိရပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**
**မြန်မာ့စီးပွားရေးဘဏ်**
**ကြော်ငြာစာအမှတ်(၅/၂၀၂၁)**

အကြောင်းအရာ။ အငယ်တန်းစာရေး/ငွေကိုင်-၄ ရာထူးအတွက် ရွေးချယ်ခန့်ထားရေးအသိပေးကြေညာခြင်း။

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး/ငွေကိုင်-၄ ရာထူးနေရာများတွင် ရွေးချယ်ခန့်ထားရေးအတွက် စာမေးပွဲကျင်းပရန် ဆိုင်းငံ့ထားခဲ့သော မြန်မာ့စီးပွားရေးဘဏ်၏ ကြော်ငြာစာအမှတ်(၁/၂၀၂၀)အတွက် ရေးဖြေစာမေးပွဲကို (၁၀-၇-၂၀၂၁) ရက်နေ့၌ မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ဘဏ်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ရုံးများတွင် အောက်ပါအတိုင်း စာစစ်ဌာနများသတ်မှတ်၍ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

(က) နေပြည်တော်စာစစ်ဌာန
(ခ) ကချင်ပြည်နယ်စာစစ်ဌာန
(ဂ) ကယားပြည်နယ်စာစစ်ဌာန
(ဃ) ကရင်ပြည်နယ်စာစစ်ဌာန
(င) ချင်းပြည်နယ်စာစစ်ဌာန
(စ) စစ်ကိုင်းတိုင်းဒေသကြီးစာစစ်ဌာန
(ဆ) တနင်္သာရီတိုင်းဒေသကြီးစာစစ်ဌာန
(ဇ) ပဲခူးတိုင်းဒေသကြီးစာစစ်ဌာန
(ဈ) မကွေးတိုင်းဒေသကြီးစာစစ်ဌာန
(ည) မန္တလေးတိုင်းဒေသကြီးစာစစ်ဌာန
(ဋ) မွန်ပြည်နယ်စာစစ်ဌာန
(ဌ) ရခိုင်ပြည်နည်စာစစ်ဌာန
(ဍ) ရန်ကုန်တိုင်းဒေသကြီးစာစစ်ဌာန
(ဎ) ရှမ်းပြည်နယ်စာစစ်ဌာန
(ဏ) ဧရာဝတီတိုင်းဒေသကြီးစာစစ်ဌာန

၂။ အငယ်တန်းစာရေး/ငွေကိုင်-၄ ရာထူးနေရာများတွင် ရွေးချယ်ခန့်ထားရေးအတွက် အောက်ပါအတိုင်း အရည်အချင်း စစ်ဆေးခြင်းပြုလုပ်မည်ဖြစ်ပြီး ရွေးချယ်ခန့်ထားသည့် အမည်စာရင်းကို သက်ဆိုင်ရာစာစစ်ဌာန၌ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | အင်္ဂလိပ်စာ (ရေးဖြေ) | ၁၀-၇-၂၀၂၁ | နံနက် (၉:၃၀ နာရီမှ ၁၀:၃၀ နာရီထိ) |
| (ခ) | ကွန်ပျူတာကျွမ်းကျင်မှု (လက်တွေ့) | ၁၀-၇-၂၀၂၁ | မွန်းလွဲ (၁:၀၀နာရီမှ ၂:၀၀နာရီထိ) |
| (ဂ) | အထွေထွေဗဟုသုတ (လူတွေ့) | ၁၁-၇-၂၀၂၁ | နံနက် (၉:၀၀ နာရီ) |

၃။ မြန်မာ့စီးပွားရေးဘဏ်၏ ကြော်ငြာစာအမှတ်(၁/၂၀၂၀)အရ လျှောက်လွှာဝယ်ယူ၍ ဖြေဆိုရန် လျှောက်ထားခဲ့သူများသည် မိမိတို့ လျှောက်လွှာဝယ်ယူခဲ့သော မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ/ခရိုင် ဘဏ်ခွဲတည်ရှိရာ သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်၊ တိုင်းဒေသကြီး/ပြည်နယ်ရုံးများတွင် ရေးဖြေစာမေးပွဲအား ဖြေဆိုရန်ဖြစ်ပါသည်။


၄။ ရေးဖြေစာမေးပွဲဖြေဆိုမည့်သူများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်၏ ကြော်ငြာစာအမှတ် (၅/၂၀၂၁)ကို သိရှိပြီးဖြစ်ကြောင်းနှင့် စာမေးပွဲဖြေဆိုမည်ဖြစ်ကြောင်း မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရုံးများရှိ အောက်ပါဖုန်းနံပါတ်များသို့ ၁၇-၆-၂၀၂၁ရက်(ကြာသပတေးနေ့)မှ ၂-၇-၂၀၂၁ရက်(သောကြာနေ့)အတွင်း မပျက်မကွက်(မပျက်မကွက်) ဆက်သွယ်ဆောင်ရွက်ပေးရန်ဖြစ်ပါသည်-


| စဉ် | တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော် | ဖုန်းနံပါတ် |
|---|---|---|
| ၁ | နေပြည်တော်ဘဏ် | ၀၆၇-၃၄၂၁၅၃၂ |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၂၇၉၀<br>၀၇၄-၂၅၂၃၇၉၀ |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၉၈၁<br>၀၈၃-၂၂၃၀၂၆ |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၂၇၀၉<br>၀၅၈-၂၀၂၂၇၁၀ |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၂၄၀၀<br>၀၇၀-၂၁၃၅၉ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၆၀၃၁<br>၀၇၁-၂၆၀၃၂ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၃၅၉၀<br>၀၅၉-၂၃၄၈၄ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၀၉၈၁<br>၀၅၂-၂၂၀၀၉၈၂ |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၁၂၁<br>၀၆၃-၂၀၂၃၇၄၂ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၂၄၉၄၃<br>၀၂-၄၀၆၈၀၀၄ |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၀၅၉<br>၀၅၇-၂၀၂၄၉၃၈ |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၂၇၀၈<br>၀၄၃-၂၁၉၀၁ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၂၄၁၁၈၆<br>၀၁-၃၇၀၁၉၆ |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၁၉၃၆<br>၀၈၁-၂၁၂၂၂၅ |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၅၀၄၉<br>၀၄၂-၂၄၃၉၃ |

၅။ ဖြေဆိုခွင့်ကတ်ပြားများကို ၈-၇-၂၀၂၁ရက်နှင့် ၉-၇-၂၀၂၁ရက်၌ မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ရုံးများတွင် ထုတ်ပေးမည်ဖြစ်ပြီး ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်အတူ ရုံးချိန်အတွင်း ထုတ်ယူရန်ဖြစ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဟရိုဝယာဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှုတော်ခြေခံလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ကြောင်းဆော်ဩခြင်း

















# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၁ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့မှစ၍** အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၁ ခုနှစ်၊ ဩဂုတ်လ(၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များသို့** ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၁ ခုနှစ်၊ ဩဂုတ်လ(၂၂)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၁ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၁ ခုနှစ်၊ ဩဂုတ်လ(၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၁ ခုနှစ်၊ ဩဂုတ်လ(၂၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၁ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၁ ခုနှစ်၊ ဩဂုတ်လ(၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၁ ခုနှစ်၊ ဩဂုတ်လ(၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဒေါက်တာဦးထွန်းအောင်ကျော်(စစ်တွေ)

မန္တလေးဆေးရုံအုပ်ကြီး(ငြိမ်း)၊ CEO, Chairman JVC(Rtd)

ဦးဆောင်နာယကကြီး-ရခိုင်ပြည်နယ်ဓမ္မာရုံ(ရန်ကုန်)

**အသက်(၈၆)နှစ်**

ရခိုင်ပြည်နယ်ဓမ္မာရုံ(ရန်ကုန်) နာယကကြီး ဒေါ်ချိုချိုပိုင်၏ ချစ်လှစွာသောခင်ပွန်း ရခိုင်ပြည်နယ်ဓမ္မာရုံ၏ ကိစ္စအဝဝကို စေတနာမေတ္တာအပြည့်ဖြင့် လမ်းညွှန်ခဲ့သော ဦးဆောင်နာယကကြီး ဒေါက်တာဦးထွန်းအောင်ကျော် အသက်(၈၆)နှစ်သည် ၁၄-၆-၂၀၁၂ (တနင်္လာနေ့) နံနက် ၃:၃၀ နာရီတွင် SSC ဆေးရုံ၌ ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရခိုင်ပြည်နယ်ဓမ္မာရုံဂေါပကအဖွဲ့(ရန်ကုန်)**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါဖျက်သိမ်းခြင်း

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း လက်အောက်ရှိ အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ)မှ ယူရီးယားဓာတ်မြေသြဇာ (၃,၀၀၀)တန်အား ၁၇-၆-၂၀၁၂ ရက်တွင် ဖွင့်လှစ်ရောင်းချမည့် အိတ်ဖွင့်တင်ဒါအတွက် ထုတ်လုပ်မှုနှင့် လက်ကျန်အခြေအနေများအရ ဖျက်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## အနိစ္စ

# သွေးသည် အသက်

---

## ၂-၆-၂၀၁၂ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၉)ပါ ဒေါ်မို့မို့ရှိန်၏ ကြေညာချက်နှင့်စပ်လျဉ်း၍ (၆၇)နှစ်တိုင်တိုင် မြေကွက်ကိုတစ်ဆက်တစ်စပ်တည်း ဝယ်ယူလက်ရောက်ရရှိပိုင်ဆိုင်နေထိုင်သူ ဒေါ်သန်းစိန်ဘက်မှ တုံ့ပြန်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းစိန်၏ လွှဲအပ်ညွှန်ကြားချက်အရ ကျွန်ုပ်တို့က ၂၉-၅-၂၀၁၂ ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၃၁)တွင် **"ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၉/သမိုင်း၊ ဦးပိုင်အမှတ်-၂၆/၂ ဖြစ်သော မြေကွက်အတွင်းမှ ဒေါ်သန်းစိန် လက်ရောက်ပိုင်ဆိုင်နေထိုင်လျက်ရှိသော ပေ(၁၂၀x၁၅၀)အကျယ်ရှိ အမှတ်-၄၂၊ အောင်သပြေ(၂)လမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သော မြေကွက်အတွင်း ဒေါ်သန်းစိန်၏ ခွင့်ပြုချက်မရှိဘဲ ကျူးကျော် ဝင်ရောက်ကာ အဆောက်အဦဆောက်လုပ်ခြင်းများ လုံးဝမပြုကြရန် ဒေါ်မို့မို့ရှိန်နှင့် အများသိစေရန် သတိပေးကြော်ငြာချက်"**ကို ထည့်သွင်းကြေညာခဲ့ရာ ယင်းသို့ ကြေညာခြင်းနှင့်စပ်လျဉ်း၍ ဒေါ်မို့မို့ရှိန် ဆိုသူက ၂-၆-၂၀၁၂ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၉)တွင် ပြန်လည်ရှင်းလင်းကြေညာခြင်းကို ထည့်သွင်းခဲ့သည့်အတွက် ဒေါ်မို့မို့ရှိန်၏ ကြေညာချက်သည် မမှန်မကန်ကြေညာခြင်းဖြစ်သည်ဟု ဒေါ်သန်းစိန်၏ ညွှန်ကြားချက်အရ ကျွန်ုပ်တို့က ယခုကဲ့သို့ တုံ့ပြန်ရှင်းလင်းကြေညာရခြင်းဖြစ်ပါသည်။

ဒေါ်မို့မို့ရှိန်၏ ကြေညာချက်အပိုဒ်(၂)ပါ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၉/သမိုင်း၊ ဦးပိုင်အမှတ်-၂၂ ဟူ၍ ကျွန်ုပ်တို့က ကြေညာခဲ့ခြင်းမရှိဘဲ ကျွန်ုပ်တို့၏ ကြေညာချက်အပိုဒ်(၂)တွင် မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၉/သမိုင်း၊ ဦးပိုင်အမှတ်-၂၆/၂ဟုခေါ်တွင်သော မြေကွက်အတွက်ကိုသာ ကြေညာခဲ့ခြင်းဖြစ်သည်ကို ဒေါ်မို့မို့ရှိန်ဘက်မှ သေချာစွာ လေ့လာစမ်းစစ် သုံးသပ်ခြင်းမရှိဘဲ ကြေညာခဲ့ကြောင်း ဒေါ်သန်းစိန်က အဆိုရှိသကဲ့သို့ ကျွန်ုပ်တို့၏ကြေညာချက်ပါ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၉/သမိုင်း၊ ဦးပိုင်အမှတ်-၂၆/၂ဟုခေါ်တွင်သော မြေကွက်သည် ဒေါ်သန်းစိန်၏ ဖခင် ဦးချက်က မူလမြေပိုင်ရှင် ဦးဖိုးရိုက်ထံမှ လွှန်ခဲ့သော ၇-၃-၁၉၅၄ ရက်မှစ၍ ဝယ်ယူလက်ရောက်ပိုင်ဆိုင်ရယူ နေထိုင်ခဲ့သလို ယင်းမြေကွက်ကြီးအတွက် ဒေါ်သန်းစိန်၏ဖခင် ဦးချက်ကိုယ်တိုင်နှင့် သမီး ဒေါ်သန်းစိန်တို့မှ သက်ဆိုင်ရာသို့ မြေခွန်ပေးဆောင်ခဲ့သည့် မြေခွန်ပြေစာများကိုလည်း ကျွန်ုပ်တို့တွေ့မြင်ပြီးဖြစ်ပါကြောင်းနှင့် ဒေါ်သန်းစိန်မှ မိမိပိုင်မြေကွက်အား ခွဲစိတ်ရောင်းချ ပြီးနောက် မြေကွက်ဝယ်ယူသူများ၏ မြေသိမ်းမိန့်လျှောက်ထားချက်အရ သက်ဆိုင်ရာမှ မြေကို တိုင်းတာသည့် အခါတွင် ဒေါ်သန်းစိန်လက်ဝယ်ရှိ မြေအကျယ်အဝန်းမှာ (၁၅၀' x $\frac{၁၂၄'}{၉၀'}$)အကျယ်ရှိသည်ကို သိရှိရပါသည်ဟု ဒေါ်သန်းစိန်က ညွှန်ကြားပြောဆိုပါသည်။

ထို့အပြင် ဒေါ်မို့မို့ရှိန်၏ ကြေညာချက်အပိုဒ်(၂)ပါ ရပ်ကွက်နေပြည်သူများနှင့် ပူးပေါင်း၍ ဒေါ်မို့မို့ရှိန်က ခြံခတ်ခဲ့သည်ဆိုသောအချက်မှာလည်း လုံးဝမှန်ကန်ခြင်းမရှိပါ။ ယခု ခတ်ထားသည့် ခြံစည်းရိုးမှာ ဒေါ်သန်းစိန်ကိုယ်တိုင် အလုပ်သမားငှားရမ်း၍ ဆောက်လုပ်ထားသည့် ခြံစည်းရိုးဖြစ်ကြောင်း ထိုသူများကိုယ်တိုင် ရပ်ကွက်အတွင်း အသက်ထင်ရှားရှိနေသလို ရပ်ကွက်အတွင်းရှိ ဒေါ်သန်းစိန်၏ ဆွေမျိုးများကိုယ်တိုင်က ဒေါ်မို့မို့ရှိန်၏ မတော်မတရား ဥပဒေမဲ့ကျူးကျော်ဝင်ရောက်မှုအတွက် ဟန့်တားခဲ့ရကြောင်း ညွှန်ကြားချက်အရသိရပါသည်။

ဒေါ်မို့မို့ရှိန်၏ ကြေညာချက်ပါ မြေကွက်ကြီးကို ဒေါ်မို့မို့ရှိန်သည် ဝယ်ယူပိုင်ဆိုင်ထားကြောင်း ဥပဒေနှင့်အညီ တရားဝင် မည်သည့်စာရွက်စာတမ်းတစ်စုံတစ်ရာမျှမရှိသည်ကိုလည်း ဒေါ်မို့မို့ရှိန် ကိုယ်တိုင် သိရှိထားသကဲ့သို့ ဒေါ်သန်းစိန်ထံမှ မြေကွက်ဝယ်ယူထားသူများက အထူးဂရုန်ရရှိပြီးဖြစ်သည့် မြေကွက်များအတွင်း ဒေါ်မို့မို့ရှိန်က ကျူးကျော်ဝင်ရောက်မှုအတွက်ကိုလည်း ထိုသူများက ဒေါ်မို့မို့ရှိန်အား အနောက်ပိုင်းခရိုင်တရားရုံးများတွင် တရားမကြီးမှုများဖြင့် တရားစွဲဆိုလျက်ရှိရာ အချို့အမှုများမှာ စစ်ဆေး၍ အပြီးသတ်အမိန့်ချမှတ်ရာတွင်လည်း ဒေါ်မို့မို့ရှိန်၏ မြေပိုင်ဆိုင်မှုရှိကြောင်း ထွက်ဆိုမှုအပေါ် တရားရုံးက လက်မခံဘဲ မြေပိုင်အမည်ပေါက် ပိုင်ရှင်များကိုသာ ဥပဒေနှင့်အညီ အနိုင်ပေးခဲ့ပြီးဖြစ်သည်ကို ဒေါ်မို့မို့ရှိန်ကိုယ်တိုင် သိရှိပြီးဖြစ်သလို ဒေါ်သန်းစိန်ကလည်း မရမ်းကုန်းမြို့နယ်တရားရုံး၌ ဒေါ်မို့မို့ရှိန် ကြေညာသကဲ့သို့ လုံးဝထွက်ဆိုခဲ့ခြင်းမရှိပါဟု ညွှန်ကြားချက်အရ သိရပါသည်။

သို့ဖြစ်ပါ၍ ဒေါ်သန်းစိန်၏ ညွှန်ကြားချက်အရ ကျွန်ုပ်တို့က ၂၉-၅-၂၀၁၂ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၃၁)တွင် ကြေညာခဲ့သည့် ကြေညာချက်ကိုသာ စွဲမြဲရင်းအတိုင်း အတည်ပြုပါကြောင်းနှင့် ဒေါ်မို့မို့ရှိန်၏ မမှန်မကန်ကြေညာချက်ကို ငြင်းဆိုသကဲ့သို့ ဒေါ်မို့မို့ရှိန်သည် ဒေါ်သန်းစိန်၏ မြေကွက်အတွင်း ကျူးကျော်ဝင်ရောက်ကာ မိမိပိုင်ဆိုင်သယောင် မမှန်မကန်လုပ်ဆောင်မှုများအတွက်ကိုလည်း သက်ဆိုင်ရာဌာနများသို့ တင်ပြတိုင်ကြားပြီးဖြစ်ပါကြောင်းနှင့် နောက်နောင်တွင် ယခုကဲ့သို့ အရေးတယူဖြေရှင်းတော့မည်မဟုတ်ဘဲ တည်ဆဲဥပဒေအရသာ ဒေါ်သန်းစိန်က ထိရောက်စွာအရေးယူတော့မည်ဖြစ်ကြောင်းကိုလည်း ဒေါ်မို့မို့ရှိန်နှင့် အများသိစေရန် တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်။

**ဒေါ်သန်းစိန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးထွန်းအေး(B.A,R.L)** | **ဒေါ်ဆွေဆွေညွန့်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၃၃၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၇၁)** |
| **ဒေါ်အေးခိုင်ဇင်(LL.B,D.B.L,D.I.L)** | **ဒေါ်သီတာအေးမြ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၁၂၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၅၈)** |

**ဒေါ်ယဉ်ထားဆွေ(LL.B,LL.M) အထက်တန်းရှေ့နေ(စဉ်-၅၂၄၉၂)**

**အမှတ်(၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၂၅၀၃၇၅၅၇၃၊ ၀၉-၇၃၀၉၆၁၂၅၊ ၀၉-၂၅၀၃၇၅၅၇၂**

---

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းနိုင်ထွန်း[၁၂/ဗတထ(နိုင်)၀၂၀၀၄၆]၊ အမှတ်(၆-၈)၊ ဗိုလ်တထောင်လမ်းသွယ်(၄)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းနိုင်ထွန်းသည် ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၆)၊ မြေကွက်အမှတ် (၆၄၈)၊ အကျယ်အဝန်း(၄၀ ပေ x ၆၀ ပေ)၊ ဧရိယာ(၂၄၀၀) စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန် မြေကွက်အမျိုးအစားနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၆၄၈)၊ မြတ်မွန်လမ်း၊ ၃၆-ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော မြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်တို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးတင်ကိုလတ် (BTHG-၀၀၅၄၄၅)အမည်ဖြင့် မှတ်သားတည်ရှိထားသော မြေနှင့်အိမ်အား ဂရန်အမည်ပေါက် ဦးတင်ကိုလတ်ထံမှ နှစ်ဦးသဘောတူ အိမ်နှင့်မြေအရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် အဆိုပါမြေနှင့် အိမ်၏ ရောင်းဖိုးငွေများအား အပြေအကျေပေးချေ၍ တရားဝင်ဝယ်ယူထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်လိပ်စာပါ မြေနှင့် အိမ်မှာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းနိုင်ထွန်းမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပါကြောင်းနှင့် ပိုင်ရှင်အစစ်အမှန်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းနိုင်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်နီလာဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၂၃)**

**အမှတ်-၃/က၊ မြင်တော်သာလမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**

**09-778434507,09-772766716**

---

## ဦးထွန်းတင် (စာရင်းစစ်မှူး-ငြိမ်း)

နာယကကြီး-လေးတောင်နယ်အသင်း(ရန်ကုန်)

နာယကကြီး (၃၈)လမ်း(လယ်) မင်္ဂလာဓမ္မာရုံ၊ ကျောက်တံတားမြို့နယ်

**အသက်(၉၀)**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၈)လမ်း(လယ်)၊ အမှတ်(၁၇၈)နေ (ဦးစိန်ဖား- ဒေါ်မြဘုံ)တို့၏ သားကြီး၊ (ဦးဘိုးလှိုင်-ဒေါ်တင့်)တို့၏ သားသမက်၊ ဒေါ်ခင်ဝင်း (စာရင်းစစ်မှူး-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမောင်သိန်း-ဒေါ်အေးစိန်၊ ဦးကျော်သိန်း-ဒေါ်ခင်သန်း၊ (ဦးကျော်ထွန်း)-ဒေါ်ခိုင်သိန်း၊ ဦးသိန်းဖေ-(ဒေါ်ကြည်ကြည်)တို့၏ အစ်ကိုကြီးသည် ၁၄-၆-၂၀၁၂ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ဘဝတစ်ပါးသို့ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၆-၂၀၁၂ (တနင်္ဂနွေနေ့) နံနက်တွင် ကျောက်တံတားမြို့နယ်၊ (၃၈)လမ်း (လယ်)၊ အမှတ်(၁၇၈)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးအုန်းကြိုင်

အလုပ်ရုံခွဲမှူး(ငြိမ်း)၊ မြန်မာနိုင်ငံဆေးဝါးထုတ်လုပ်ရေးစက်ရုံ-ကြို့ကုန်း)

**အသက်(၈၄)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်နေ (ဦးမောင်တိုး-ဒေါ်မြရင်)တို့၏ သား၊ (ဦးမြင့်ဌေး-ဒေါ်ဝင်းစိန်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ အမှတ်(၁၃၉၈)၊ ဒီပါအေးမြလမ်းနေ ဦးအာလောက၊ ဦးဝေပုလ္လ၊ ဦးမျိုးလွင်-ဒေါ်ခင်ချိုချိုဦး၊ ဦးဝင်းဇော်-ဒေါ်သင်းသင်းကြိုင်၊ ဦးလင်းကျော်-ဒေါ်ခင်ညိုညိုကြိုင်တို့၏ဖခင်၊ မြေးခုနှစ်ယောက်တို့၏ အဘိုး၊ ဒေါ်ခင်ညို၏ခင်ပွန်း ဦးအုန်းကြိုင်သည် ၁၄-၆-၂၀၁၂ ရက်တွင် ၉၆ပါးသော ရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၁၆-၆-၂၀၁၂ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၆-၂၀၁၂ရက် နံနက် ၇နာရီတွင် ဒီပါအေးမြလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ပညာရေးဝန်ကြီးဌာန
## မန္တလေးကွန်ပျူတာတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် အသုံးပြုရန် အောက်ဖော်ပြပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | စက်နှင့်စက်ကိရိယာပစ္စည်းများ | (၃) မျိုး |
| (ခ) | ရုံးသုံးစက်ကိရိယာပစ္စည်းများ | (၅) မျိုး |
| (ဂ) | အခြားရုံးသုံးပစ္စည်းများ | (၈) မျိုး |
| (ဃ) | ရုံးသုံးပရိဘောဂ | (၁) မျိုး |
| (င) | ဖိုက်ဘာသွယ်တန်းခြင်းလုပ်ငန်း | |

| | |
|---|---|
| တင်ဒါလျှောက်လွှာရောင်းချမည့် ရက်/အချိန် | - (၁၆-၆-၂၀၁၂) ရက်မှ (၅-၇-၂၀၁၂) (၁၆:၃၀) နာရီထိ |
| တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန် | - (၅-၇-၂၀၁၂)ရက် (၁၆:၃၀)နာရီထိ |
| တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန်/နေရာ | - ထပ်မံကြေညာပါမည်။ |
| တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ | - ငွေစာရင်းဌာန၊ မန္တလေးကွန်ပျူတာတက္ကသိုလ် |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

**ဖုန်း- ၀၉-၇၉၇၁၁၁၃၃၃(လိုင်းခွဲ-၁၂၅၊ ၁၃၀)၊ ၀၉-၂၅၅၈၀၃၈၁၉**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ လှူနေရပ်ကွက်၊ ရတနာအိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆၇)၊ မြေကွက်အမှတ်(၄၁)၊ (အလျားပေ ၆၄၊ အနံပေ ၈၀)၊ (၀.၁၁၇ဧကေ)နှင့် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ လှူနေရပ်ကွက်၊ ရတနာအိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆၇)၊ မြေကွက်အမှတ်(၄၂)၊ (အလျားပေ ၆၄၊ အနံပေ ၈၀)၊ (၀.၁၁၇ဧကေ)ရှိ ဦးကျော်စိန်[၁၂/ကမတ(နိုင်)၀၁၉၂၇၆] အမည်ပေါက်နှစ်(၆၀) ဂရန်အမျိုးအစား မြေကွက်(၂)ကွက်တွဲနှင့် ဆက်နွှယ်သည့် အဆိုပါမြေကွက်(၂)ကွက် ပေါ်ရှိ အဆောက်အအုံအပါအဝင် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ် များအားလုံးတို့ကို ကျွန်တော် ဦးစိုးဦး[၁၂/မဂတ(နိုင်)၀၁၄၇၀၅]သည် အပြီးအပြတ် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်တော် ဦးစိုးဦးထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးဦး**

**ဖုန်း-၀၉-၅၁၈၅၂၈၈၊ ၀၉-၇၇၇၁၀၉၇၈၁**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညဏ ဂရန်ပေးစီမံချက်၊ မြေတိုင်းရပ်ကွက် အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညဏစီမံချက်)၊ မြေကွက်အမှတ်(၆၅၃/ခ)၊ မြေကွက် တည်နေရာအမှတ်(၆၅၃/ခ)၊ ရွာအရှေ့ပါတ်လမ်း၊ ပေါင်းကူညဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဦးဝင်းနိုင်[၁၂/သဃက(နိုင်)၀၈၇၂၆၈] ကိုယ်တိုင်မှ ပေါင်းကူညဏဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး တို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညဏ ဂရန်ပေးစီမံချက်၊ မြေတိုင်းရပ်ကွက် အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညဏစီမံချက်)၊ မြေကွက်အမှတ်(၃၃၆)၊ မြေကွက် တည်နေရာအမှတ်(၃၃၆)၊ ဂန္ဓမာလမ်း၊ ပေါင်းကူညဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဒေါ်စုရည်ဝင်း[၈/သရန(နိုင်)၀၇၁၃၃၅] ကိုယ်တိုင်မှ ပေါင်းကူညဏဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

---

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဦးအေးစောလေး

လ/ထ အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်

**အသက်(၉၁)နှစ်**

အမှတ်(၁၇၀၇)၊ ဦးစံလုံးလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (ဦးဟင်နရီစောလေး- ဒေါ်ဒယ်စီမာ)တို့၏ သားကြီး၊ (ဒေါ်အယ်နီတာစောလေး- ဦးခိုင်သိန်း)တို့၏ အစ်ကို၊ ဒေါ်ထူးမလေ၏ ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်မိုးသီတာ)၊ ဦးရဲမောင်-ဒေါ်သိင်္ဂီမောင်၊ (ဦးအေးလင်း)-ဒေါ်သင်းသင်းမူ၊ ဦးဟန်ရီ-ဒေါ်သူဇာသိန်း၊ ဒေါ်အယ်နီအိအိမွန်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုး ဦးအေးစောလေးသည် ၁၄-၆-၂၀၁၂ရက် ည ၁၀:၃၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပြီဖြစ်ပါသဖြင့် ၁၆-၆-၂၀၁၂ရက် နံနက် ၉နာရီတွင် နံ့သာကုန်းနှစ်ခြင်းအသင်းတော် (အင်းစိန်)၌ ဝတ်ပြုကိုးကွယ်ပြီး ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးသိန်းမြင့်

(နိုင်ငံခြားရေးဝန်ကြီးဌာန-ငြိမ်း)

**အသက်(၇၄)နှစ်**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးစကုမြို့နယ်နေ(ဦးလှမောင်-ဒေါ်မမလေး)တို့၏သား၊ အမရပူရမြို့နယ်၊ ဆင်ရွာမြင်းမူနေ(ဦးစောထွန်း-ဒေါ်တင်လှ)တို့၏ သမက်၊ တာမွေမြို့နယ်၊ ကျားကွက်သစ်လမ်း၊ ကျောက်မြောင်းနှင့် ဆင်ရွာမြင်းမူနေ ဒေါ်သန်းသန်း၏ချစ်လှစွာသောခင်ပွန်း၊ မန္တလေးမြို့နန်းရှေ့နေ ဗိုလ်မှူးစိုးသိန်းဦး(ငြိမ်း)-ဒေါ်စုစုလှိုင်၊ ကျိုင်းတုံမြို့၊ စွန်မွန်းရပ်နေ ဦးရဲနိုင်(ပြည်နယ်ဒုထွေအုပ်)-ဒေါ်ယဉ်လှိုင်ဝင်း၊ နေပြည်တော်၊ ဇေယျာသီရိနေ ဗိုလ်မှူးချုပ်ဇော်မင်းဦး(တပ်မတော်-လေ)၊ ကျောင်းကုန်းမြို့နေ ဦးအောင်လှိုင်ထွေး-ဒေါ်တင်မိုးမြင့်(သုခကြွယ်ဟိုတယ်)တို့၏ချစ်လှစွာသောကျေးဇူးရှင် ဖခင်ကြီး၊ မြေး(၉) ယောက်တို့၏အဘိုးဖြစ်သူ ဦးသိန်းမြင့်သည် ပြင်ဦးလွင်မြို့၊ တပ်မတော်စစ်ဆေးရုံ(ခုတင်-၇၀၀)၌ ဆေးကုသမှုခံယူနေစဉ် ၁၅-၆-၂၀၁၂ ရက်နေ့ ညနေ ၅ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း ဒါယိကာမကြီး

## ဒေါ်စောကြည် (ကလေးမြို့)

**အသက်(၆၈)နှစ်**

ကလေးမြို့၊ မြောက်စည်းရွာနေ (ဦးစံရှိန်-ဒေါ်ချစ်ထယ်)တို့၏ သမီး၊ (ဦးချို-ဒေါ်စောဦး)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၈)၊ မြဝတီလမ်းနေ ဦးချန်စိန်ဝင်း၏ ဇနီး၊ မစုစုဝင်း၊ မောင်ဝေရှင်း၊ မသက်သက်ဝင်း၊ မောင်ဝေရှိန်တို့၏ မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၅-၆-၂၀၁၂ ရက် နံနက် ၅:၀၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၂ ရက် ညနေ ၃ နာရီတွင် ရေဝေးယူနန်တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၆-၂၀၁၂(စနေနေ့)တွင် ရက်လည်ဆွမ်းကပ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း ဒါယိကာမကြီး

## ဒေါ်ခင်အေးကြူ

**အသက် (၆၄) နှစ်**

**Rainbow ခေါင်းအုံး၊ ဖက်လုံး၊ မွေ့ရာလုပ်ငန်း**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အိမ်အမှတ်(၂၇၃/၃)နေ ဦးစိန်-ဒေါ်စောတင်(ညောင်လေးပင်)တို့၏မြေး၊ ဆရာမကြီးဒေါ်သန်းကြည်၊ ဒေါ်ကျင်(မကျီးတန်းကွမ်းခြံကုန်း)တို့၏တူမ၊ (ဒေါ်ရီရီမြင့်)၊ ဦးပဏ္ဍိတ(ဦးမျိုးဆွေ)တို့၏ ညီမ၊ စင်ကာပူနိုင်ငံနေ ဦးခင်မောင် မြင့်-ဒေါ်တိုးမြတ်ဝင်း၊ ဦးအောင်သူ-ဒေါ်ငြိမ်းငြိမ်းမြင့်၊ ဒေါ်ခိုင်ခိုင်မြင့်၊ (မောင်ကံမြင့်)တို့၏အစ်မ၊ ကိုရန်နိုင်ထွေး-မစုရတနာထွန်း(Rainbow)တို့၏မိခင်၊ မဆုရည်နန္ဒာ(ဩစတြေးလျ)၊ မောင်ကောင်းစည်သူ၊ မအေးငြိမ်းဖြူ၊ မမေသူဟန်တို့၏ကြီးမေ၊ မအေးမြတ်မိုးမြင့်၏ ဘွားဘွား၊ ဦးခင်မောင်မြင့်(ကြေးမုံ၊ မြန်မာ့အလင်း-ငြိမ်း)(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ ရန်ကုန်တိုင်းဒေသကြီး)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်အေးကြူသည် ၉၆ ပါးသောရောဂါဖြင့် ရန်ကုန်ဆေးရုံကြီး၌ ၁၅-၆-၂၀၁၂(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၆- ၂၀၁၂(ကြာသပတေးနေ့) မွန်းလွဲ ၂:၀၀ နာရီတွင် နေအိမ်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ပျောက်ဆုံးကြောင်း

မောင်မြင့်သူထွေး [၁၄/ကခန(နိုင်) ၁၁၅၈၃၁]၏ သင်္ဘောသားလုပ်သက်စာအုပ် အမှတ်(ရန်-၁၀၅၆၁/၁၇)သည် ခရီး သွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၄၂၀၁၄၉၀၅၆**

---

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ကျောက်တန်းမြို့နယ်၊ မင်္ဂလွန်းကျေးရွာနေ (ဘ)ဦးကျော်မြင့် (မိ)ဒေါ်မြင့်မြင့်ခိုင်တို့၏သား မောင်အောင်ဇော်လတ်၏ အမည်မှန်မှာ မောင်အောင်ကိုဟိန်းဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ (၂၁-၄-၂၀၀၃)ဖြစ်ပါကြောင်း။

---

## ပျောက်ဆုံးကြောင်း

မောင်ကျော်မင်းအောင် [၈/ဆပဝ (နိုင်)၀၅၅၃၁၁]၏ သင်္ဘောသားလုပ်သက် စာအုပ်အမှတ် (ရန်-၂၅၉၈/၀၁)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း - ၀၉-၈၇၅၅၄၇၀၂၇**

---

## အမည်ပြောင်း

သုံးခွမြို့နယ်၊ သဲကုန်းတူးမြောင်းကျေးရွာအုပ်စု၊ တူးမြောင်းကျေးရွာနေ (ဘ)ဦးမင်းမင်းစိုး၏ သား မောင်ဇွန်မင်းမင်းဖြိုးအား မောင်ဘုန်းမြင့်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဘုန်းမြင့်ကျော်**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်-၄၃၉/ခ၊ မြေကွက်တည်နေရာအမှတ်(၄၃၉/ခ)၊ ရာဇာဓိရာဇ်လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးဘဂျမ်း(ဂျေအီး-၀၀၃၄၅၂)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဘဂျမ်း(ဖခင်)ကွယ်လွန်ပြီး၊ ဒေါ်သောင်းစိန်(မိခင်)ပါကွယ်လွန်သဖြင့် ဦးဝင်းထွန်း[၁၂/ဥကတ(နိုင်)၀၇၃၉၃၂]၊ ဒေါ်ဘေဘီနွဲ့[၁၂/ဥကတ(နိုင်)၀၁၈၁၂၅]၊ ဒေါ်ဘေဘီစန်း[၁၂/ဥကတ(နိုင်)၀၂၃၈၀၆]၊ ဒေါ်ဖြူဖြူစန်း[၁၂/ဥကတ(နိုင်)၁၂၇၂၃၉]တို့မှ သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ(၇၃၃/၂၀)၊ ဂရန်၊ နိုင်/ကတ်၊ သေစာရင်း၊ ကိုယ်စားလှယ်လွှဲစာအမှတ်(၇၁၃၈/၃၀-၆-၂၀၂၀)၊ (၇၂၇၂/၂-၇-၂၀၂၀) ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ (၇၂၀/၂၀၂၀)(၇၁၉/၂၀၂၀)တို့တင်ပြ၍ ၎င်းတို့၏ GP ရသူ ဦးမြမောင်[၇/တငန(နိုင်)၀၇၆၆၇၄]မှ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

# သင့်သွေးဖြင့် အသက်ကယ်ပါ

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး (၁၅)ကြိမ်မြောက် အာဆီယံ ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်

**နေပြည်တော် ဇွန် ၁၅**
နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဦးဆောင်သည့် နိုင်ငံတကာနှင့် ပြည်တွင်းရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ငြိမ်းချမ်းနှင့် တာဝန်ရှိသူများသည် ယနေ့တွင် အာဆီယံ အလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်း ဒါရူဆလမ်နိုင်ငံက ဦးစီးကျင်းပသည့် (၁၅)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးသို့ Video Conference စနစ်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆**



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး (၁၅)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်စဉ်။

## မျိုးရိုးဗီဇကွဲ COVID-19 ရောဂါပိုးများတွေ့ရှိမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၅-၆-၂၀၂၁)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ အထူးသဖြင့် မျိုးရိုးဗီဇကွဲ COVID-19 ရောဂါပိုးစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများအားလည်း အားဖြည့်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် (၃-၆-၂၀၂၁) ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ Defence Service Medical Research Center မှ စစ်ဆေးသည့် ဓာတ်ခွဲစစ်ဆေးချက်အဖြေအရ COVID-19 မျိုးရိုးဗီဇ ပြောင်းလဲသောပိုးတွေ့ရှိသူ (၁၁) ဦးရှိကြောင်း တွေ့ရှိရပြီး ကလေးမြို့တွင်(၁)ဦး၊ မြိတ်မြို့တွင်(၃)ဦး၊ မန္တလေးမြို့တွင်(၄)ဦး၊ တမူးမြို့တွင် (၂)ဦး၊ ရန်ကုန်မြို့တွင် ပြည်ပပြန်(၁)ဦး တွေ့ရှိကြောင်း သတင်းရရှိပါသည်။

စစ်ဆေးချက်များအရ မျိုးရိုးဗီဇပြောင်းလဲသည့် Strain တွေ့ရှိမှုအနေဖြင့် Variants of Concern ဖြစ်သည့် Alpha (၂)ဦး၊ Delta (၅)ဦး၊ Variants of Interest ဖြစ်သည့် Kappa (၄)ဦးဖြစ်ကြောင်း တွေ့ရှိရပြီး အဆိုပါ ပိုးများအား အဓိကမူလတွေ့ရှိသည့်နိုင်ငံများမှာ အိန္ဒိယ၊ အမေရိကန် ပြည်ထောင်စု၊ ပြင်သစ်၊ ဂျာမနီ၊ စပိန်၊ အိုင်ယာလန်နှင့် ဆွစ်ဇာလန်နိုင်ငံတို့တွင် တွေ့ရှိရကြောင်း သိရှိရပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ချက်များအရ Variants of Concern ဖြစ်သည့် Alpha နှင့် Delta တို့သည် ရောဂါပိုးကူးစက်နိုင်မှုနှင့် ထပ်မံကူးစက်ပျံ့နှံ့နိုင်မှု ပိုမိုမြင့်မားကြောင်း တွေ့ရှိရပြီး ရောဂါပြင်းထန်မှုအနေဖြင့် ဆေးရုံတက်ရောက်နိုင်ခြေနှင့် သေဆုံးနိုင်ခြေ မြင့်တက်နိုင်မှုရှိကြောင်း သုံးသပ်ထားပါသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳**

## ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ အောင်မြင်သူများအတွက် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရန် ၃၀-၆-၂၀၂၁ ရက်နေ့အထိ တိုးမြှင့်ဆောင်ရွက်မည့်ကိစ္စ အသိပေးကြေညာချက်

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ၏ တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာအိတ်များကို အခြေခံပညာအထက်တန်းကျောင်းများတွင် ၃၀-၆-၂၀၂၁ ရက်နေ့အထိ (ပိတ်ရက်အပါအဝင်) ထုတ်ပေးမည်ဖြစ်ပြီး တက္ကသိုလ်များတွင် ၃၀-၆-၂၀၂၁ ရက်နေ့အထိ(ပိတ်ရက်အပါအဝင်) တိုးမြှင့်လက်ခံဆောင်ရွက်မည်ဖြစ်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန


**ကြေးမုံ ယနေ့ ဖတ်စရာ**

**အိန္ဒိယနိုင်ငံ၌ ပြည်တွင်းထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် ကြေညာ**
စာမျက်နှာ » ၁၃

- - - - - - - - - - - - - - - - -

**ဒုတိယအကြိမ်မြောက် အာဆီယံ-တရုတ် "Friendship and Cooperation" ဇာတ်ကားတိုပြိုင်ပွဲ ဖိတ်ခေါ်**
စာမျက်နှာ » ၁၈

- - - - - - - - - - - - - - - - -

ဆရာနှမ်ဂျာသိုင်း၏ အခန်းဆက်ဝတ္ထုရှည်
**ဒေါင်းယာဉ်ပျံ ဘုံနံဘေးမှာ စာရေးလို့ ထားချင်တယ်**
စာမျက်နှာ » ၂၀

- - - - - - - - - - - - - - - - -

**၂၀၂၂ ကမ္ဘာ့ဖလား ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စု(F)ပွဲစဉ်များ ပြီးဆုံး**
စာမျက်နှာ » ၂၂


## တိုက်စစ်မှူး မက်ဆီရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးရရှိခဲ့ပေမယ့် အာဂျင်တီးနားအသင်း သရေရလဒ်နဲ့သာ ကျေနပ်ခဲ့ရ



ကိုပါအမေရိကပြိုင်ပွဲ အုပ်စု(A)ရဲ့ အကောင်းဆုံး ပွဲစဉ်တစ်ပွဲအဖြစ် ဇွန် ၁၅ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အာဂျင်တီးနားအသင်းနဲ့ ချီလီအသင်းတို့ရဲ့ ပွဲစဉ်မှာ အာဂျင်တီးနား အသင်းဟာ တိုက်စစ်မှူး မက်ဆီရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုး ရရှိခဲ့ပေမယ့် သရေရလဒ်နဲ့သာ ကျေနပ်ခဲ့ရတာ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ အာဂျင်တီးနားအသင်းဟာ မက်ဆီ၊ ဂွန်ဇာလက်ဇ်၊ မာတီနက်ဇ်၊ လိုဆယ်ဆို၊ ပါရီဒက်စ်၊ ဒီပေါလ်၊ တာဂလီယာဖီကို၊ အော့တမန်ဒီ၊ မာတီနက်ကွာတာ၊ မွန်တီယယ်စတဲ့ကစားသမားတွေကို ပွဲထုတ်ကာ ၄-၃-၃ ကစားကွက်နဲ့ ပွဲထွက်လာခဲ့ပြီး ချီလီအသင်းကတော့ ပါလာစီယော့စ်၊ ဗာဂတ်၊ မီနီဆက်၊ ဗီဒယ်၊ ပူလ်ဂါ၊ အာရန်ဂုဇ်၊ အစ္စလာ၊ မီဒယ်၊

**စာမျက်နှာ ၁၂ ကော်လံ ၅ သို့ ❖**